
www.burmeseclassic.com




SPW

# တောပြည်ချမ်းသာ

## ကဗျာမဆန်တဲ့ဘဝမို့

Graphic Design : Ko Bwa (Techno Art.)

www.burmeseclassic.com

www.burmeseclassic.com


# စောပြည့်ဝန်းစာပေ

အမှတ်(၁)၊ (၂၂၇/၂၂၈)၊
၁၅၁လမ်းနှင့်ကျိုက္ကဆံလမ်း၊
ဗျိုင်းရွာမရပ်ကွက်၊
ကျောက်မြောင်း၊ တာမွေမြို့နယ်
ရန်ကုန်မြို့။

ဖုန်း−၅၄၉၂၇၀


www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၅၀၀၅၂၁၀၆၀၄ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၅၀၀၅၇၈၀၆၀၅ |
| ကွန်ပျူတာစာစီ | ဒွန်း |
| ဒီဇိုင်း | AUNG HLAING BWA |
| ထုတ်ဝေခြင်း | ပထမအကြိမ်၊ ၂၀၀၆၊ ဇူလိုင်လ |
| တန်ဖိုး | (၂၀၀)ကျပ် |
| စာအုပ်ရေ | (၅၀၀)အုပ် |
| ထုတ်ဝေသူ | ဒေါ်စိန်ရှလှသန်းရှင်(၃၆၆၀)<br>စောပြည့်ဝန်းစာပေ၊ အမှတ်(၁)၊<br>(၂၂၇/၂၂၉)၊ ၁၅၁လမ်းနှင့်ကျိုက္ကဆံလမ်း၊<br>ဖိုးရွှာမရပ်ကွက်၊ ကျောက်မြောင်း၊<br>တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | ဒေါ်ခင်ခင်ဝင်း (ကလျာပုံနှိပ်တိုက်)(၀၂၆၇၀)<br>(၁၅၂)ကျွန်းရွှေမြိုင်လမ်း၊<br>စုပေါင်းအိမ်ယာရပ်ကွက်၊<br>သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချိရေး | စောပြည့်ဝန်းစာပေ၊ အမှတ်(၁)၊<br>(၂၂၇/၂၂၉)၊ ၁၅၁လမ်းနှင့်ကျိုက္ကဆံလမ်း၊<br>ဖိုးရွှာမရပ်ကွက်၊ ကျောက်မြောင်း၊<br>တာမွေမြို့နယ်၊ ရန်ကုန်မြို့။<br>၀၁-၅၄၉၂၇၀ |


BURMESE CLASSIC

## – တစ် –

"မမလိမ္မော်နဲ့ တွေ့ချင်လို့ မက်မွန်. . ."

"ဒါဖြင့် ခဏထိုင်ဦး၊ ငါ သရက်ဆီ လှမ်းမေးလိုက်ဦး မယ်. . ."

မမလိမ္မော်ဆိုသူနှင့် တွေ့ချင်သည့် အမျိုးသမီးချောလေးမှာ ထိုင်စောင့်ထားခိုင်း၍ ခဏထိုင်စောင့်နေရသည်။

"ဟဲလို. .သရက်လား. . ."



www.burmeseclassic.com

www.burmeseclassic.com



"အေး. .ပြော. .ဘာလဲ. . ."

"မက်မန်းက မမလိမ္မော်နဲ့တွေ့ချင်လို့တဲ့၊ အဲဒါ ဘယ်လိုလဲ၊ လွှတ်လိုက်ရမလား. . ."

"လွှတ်လိုက်လေ၊ ငါ ဒီကတစ်ဆင့် သစ်တော်ဆီကို သတင်းပေးလိုက်မှာပေါ့. . ."

"ကောင်းပြီ၊ ဒါဖြင့် ငါ လွှတ်လိုက်မယ်. . ."

ကဗျာချိုချိုစံအိမ်တိုက်ကြီးတွင်း အသုံးပြုထားသည့် ဖုန်းလေးကို ညင်သာစွာ မက်မွန်ပြန်ချထားပြီး မက်မန်းဘက် လှည့်လာသည်။ တစ်ဆက်တည်းလည်း စကားကိုဆို၏။

"သရက်က လာခဲ့တဲ့ မက်မန်း. . ."

"ဟဲ ဒါဖြင့် ငါသွားမယ်နော်. . ."

"အေး. . ."

ကဗျာချိုချိုစံအိမ်တိုက်ကြီး၏ မြေညီထပ်မှ ပထမထပ်သို့ လှေကားမှပင် မက်မန်း ဆက်တက်ခဲ့သည်။ ပထမထပ်၏ အခန်းတစ်ခုရှေ့သို့အရောက်. . .





"သရက်. .ငါရောက်ပြီ၊ ဆက်တက်ရမလား. . ."

သရက်ထံမှ ခွင့်ကို ထပ်တောင်းရသေးသည်။

"သြော်. .မက်မန်း၊ အေး ဆက်တက်သွား၊ ငါ သစ်တော်ဆီ ဖုန်းဆက်ထားပြီးပါပြီ. . ."

သရက်ထံမှ ဆက်တက်ရန် အမိန့်ရပြီဖြစ်၍ ဒုတိယထပ်သို့ လှေကားထစ်များမှပင် ဆက်၍ မက်မန်း တက်ခဲ့သည်။ ဒုတိယထပ်၏ အခန်းတစ်ခုရှေ့သို့အရောက်. . .

"သစ်တော် ငါရောက်ပြီ. . ."

"သြော်. .မက်မန်း ခဏ၊ ငါ စပျစ်ဆီအကြောင်းကြားရမှာ၊ ခဏနော်၊ ခဏထိုင်စောင့်ပါဦး. . ."

သစ်တော်ဆိုသဖြင့် သစ်တော်၏စားပွဲရှေ့ ကုလားထိုင်တစ်လုံးတွင် မက်မန်း ထိုင်စောင့်ရပြန်သည်။

မမလိမ္မော်ဆိုသူနှင့် တွေ့ချင်၍ အဆင့်ဆင့်တက်လာရပြီး ထိုင်စောင့်နေရသော်လည်း မက်မန်းမည်သော မိန်းမချောလေး၏ မျက်နှာကဖြင့် မည်သို့မျှ ရှိမနေ။



www.burmeseclassic.com

www.burmeseclassic.com



လန်းဆန်းတက်ကြွလျက်သာ ရှိချေ၏။

မှန်သည်။ မမလိမ္မော်နှင့်တွေ့ချင်သည့်သူတိုင်းသည် ထိုကဲ့သို့ဖင် ရှိသည်ဟု မက်မန်း သိထားပြီးသား၊ နားလည်ထားပြီးသား မဟုတ်ပါလား။

မမလိမ္မော်မည်သော အမျိုးသမီးသည် မည်သို့သဏ္ဌာန် ရှိသည်ကိုတော့ မက်မန်း မသိ။

ကဗျာချိုချိုစံအိမ်ကြီးဆီသို့ မက်မန်း ရောက်ခဲ့သည်မှာ တစ်နှစ်နီးပါး ရှိလေတော့မည် ဖြစ်သော်လည်း ကဗျာချိုချိုစံအိမ် အရှင်သခင်မနှင့် တွေ့ဖို့ကသည်ပင်လည်း မလွယ်ရေးချ မလွယ် သည်ကို လက်ရှိ မက်မန်းကိုယ်တိုင်လည်း သိပြီး ဖြစ်သည်။

မက်မန်းတို့အတွက် လုပ်ငန်းအား တစ်ဆင့်ပြီးတစ်ဆင့် ခိုင်းစေချက်ဖြင့် ကိုယ့်တာဝန်ကို ကျေပွန်စွာ အားလုံးလုပ်ဆောင်သွား ကြရသည်။

မမလိမ္မော်ဟူသော သခင်မက မက်မန်းတို့ အလုပ်သမ လေးများအား တိုက်ရိုက်ဆက်ဆံခိုင်းစေခဲ့သည်မှာ တစ်ခါမျှမရှိ





ခဲ့ပါ။

မက်မန်းနည်းတူပင် ကျန်သည့်လုပ်ဖော်ကိုင်ဖက် အလုပ်သမ များသည်လည်း မမလိမ္မော်ဟူသော အမျိုးသမီးအား မြင်ဖူးထားကြ ပာန်မရှိကြောင်း အချင်းချင်းပြောဆိုကြသည့် စကားများတွင် ထင်ရှား နေရသည်မဟုတ်ပါလား။

သို့သော် မမလိမ္မော်ဆိုသူနှင့် တွေ့နိုင်သည့်နည်းလမ်းမှာ တစ်နည်းတော့ရှိပါသည်။

မှန်၏။ ထိုနည်းလမ်းကား အခြားဖြင့် မဟုတ်။ မိမိအလုပ် တွင် တာဝန်ထူးကဲစွာ ကျေပွန်ခဲ့လျှင် . . .

ကျေပွန်ခဲ့သောသူသည် အကြောင်းအရာတို့ကို ပြောဆိုရန် အတွက် မမလိမ္မော်မည်သော အမျိုးသမီးနှင့်တိုက်ရိုက် တွေ့ဆုံနိုင် သည့်နည်းပင် ဖြစ်ပါပေ၏။

"မက်မန်း. . ."

"ဩော်. .ဘာတဲ့လဲ သစ်တော်. . ."

မက်မန်း စဉ်းစားနေသဖြင့် သစ်တော် အကြောင်းကြား



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဆက်လိုက်သည်ကိုပင် မသိလိုက်။

"အင်း. .စပျစ်က .လာခဲ့ပါတဲ့. . ."

"ဒါဖြင့် ငါသွားမယ်နော်. . ."

"အေး. . ."

မက်မွန်၊ သရက်၊ သစ်တော်တို့မှာ မက်မန်းထံမှ မည်ကဲ့သို့သော အကြောင်းဟူသည်ကို ဘာမျှမမေး မစူးစမ်း။ မစပ်စုကြ။ မိမိတို့နှင့်ဆိုင်သည့် အလုပ်ကိုသာ လိုရင်းတိုရှင်း လုပ်ကြသည်။

မက်မန်း တတိယထပ်သို့ ဆက်တက်လာသည်။ တတိယထပ်သို့ရောက်သော် စပျစ်အခန်းဝနားရပ်မိသည်နှင့်. . .

"မက်မန်းဆိုတာလား. . ."

"ဟုတ်ပါတယ်. . ."

"အေး. .မမလိမ္မော်ဆီ ငါ အကြောင်းကြားပြီးပြီ. . ."

"မမလိမ္မော်ရှိတဲ့ အခန်းကို မက်မန်းဝင်သွား. . ."

"ဘယ်အခန်းလဲ. . ."

"ပြောမယ်လေ၊ ဒီကနေ တည့်တည့်လျှောက်သွား၊ လေသာ





ဆောင်နဲ့ ကပ်ရက်အခန်းက မမလိမ္မော်အခန်းပဲ၊ ဒါပေမယ့် မက်မန်းနဲ့ အခုတွေ့ပြီး စကားပြောမယ့်အခန်းကတော့ ယာဘက်ခြမ်းကအခန်းပဲ၊ တဲ. .သွားတော့. . ."

"ကောင်းပြီ. . ."

မမလိမ္မော်ခေါ်သော အမျိုးသမီးနှင့် တွေ့ရတော့မည်ဆိုသဖြင့် မက်မန်းရင်တွေခုန်နေသည်က အမှန်ပါ။ မက်မန်း လျှောက်လာသည်မှာ တစ်စတစ်စ မမလိမ္မော်အခန်းနှင့် နီးလာပေပြီ ဖြစ်သည်။ ယာဘက်အခန်းရှေ့သို့ ရောက်သော် မက်မန်းရပ်လိုက်သည်။

"ခေါက်. .ခေါက်. . ."

အခန်းတံခါးပိတ်ထားသဖြင့် မက်မန်းတံခါးခေါက်လိုက်သည်။ တံခါးခေါက်သံအဆုံး အခန်းတံခါးသည် ပွင့်လာ၏။

"အမယ်လေး. . ."

အခန်းတံခါးဖွင့်ပေးလာသူကို မြင်ရတော့ မက်မန်းလန့်သွားသည်။ မှန်၏။ လန့်မည်ဆိုလည်း လန့်စရာပင်။ အဘယ်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဆိုသော် . . .

မက်မန်းအား အခန်းတံခါးလာဖွင့်ပေးသူကား ယောကျာ်း ခါးဝက်ခန့်ရှိသည့် လွန်စွာမှလွှားကျိုင်းသော အဲလ်ဆေးရှင်းခွေးကြီး တစ်ကောင် မဟုတ်ပါတကား။

အခန်းထဲတွင် မမလိမ္မော်ဆိုသူကိုကား မက်မန်းမတွေ့ရ သေးပါလေ။ ခွေးကြီးကို ကြောက်ရွံ့လွန်းနေရ၍ မက်မန်းမှာ နေရာ မှပင် မလှုပ်ရဲပါလေ။ နားလည်သောခွေးကြီးမှာ အခန်းထဲ မက်မန်း ဝင်ပြီးသည်နှင့် အခန်းတံခါးကို ပြန်ပိတ်လိုက်သည်။

"မက်မန်းရောက်ပြီလား၊ မကြောက်ပါနဲ့ မက်မန်း၊ ထိုင်ပါ ဟော့ .ရမ်းရမ်းရေ၊ ဒီကိုပြန်လာပါတော့ကွယ်၊ ဟိုမှာ မင်းကိုကြောက်လို့ တဲ့ . . ."

ရွှေရောင်ကတ္တီပါ ခန်းဆီးကြီးနောက်ကွယ်မှ အသံကိုသာ ကြားရသည်။ လူကိုမူ မက်မန်းမမြင်ရသေး။ ထိုင်ခိုင်းသဖြင့် ထိုင်ခုံ တစ်ခုတွင်မတော့ မက်မန်းထိုင်လိုက်သည်။

"ခဏနော် မက်မန်း၊ မမလိမ္မော်လာခဲ့ပါမယ် . . ."



ခန်းဆီးနောက်ကွယ်မှ စကားသံသည် ချိုအီ၍ဆိမ့်လွင် နေသည်ဟု မက်မန်းထင်ရလေသည်။ လူတော့ ဘယ်သဏ္ဌာန်နေ သည်မသိ။ အသံကဖြင့် အမျိုးသမီးချင်းဖြစ်သည့် မက်မန်းကိုပင် ဆွဲဆောင်နိုင်စွမ်းအား ရှိနေပါချေ၏။

မမလိမ္မော်၏ အခန်းကြီးကို ထိုင်ရာမှ မက်မန်းလိုက်ကြည့် မိသည်။ မမလိမ္မော်အခန်းကြီးကား မက်မန်းတစ်ခါမျှ မမြင်ဖူးသည့် ပစ္စည်းအသုံးအဆောင်များဖြင့်သာ မွမ်းမံထားသော အကောင်းစား အပျံစားအခန်းကြီးတစ်ခန်းဟုလျှောက်သာ မက်မန်း ဆိုနိုင်ပါတော့ သည်။

"ချွမ်း. . ."

"ဟာ. . ."

ကွင်းလေးတွေ ဆက်ရိုက်မိသွားသည့် ခန်းဆီးလိုက်ကာ သံလေး ချွမ်းခနဲမြည်သွားသည်နှင့်အတူ ရွှေရောင်ကတ္တီပါခန်းဆီးကြီး ပွင့်သွားသည်နှင့်အတူ ဟာ. .ခနဲ နှုတ်မှ ပွင့်အံထွက်သွားရသော အောင်ပင် မက်မန်းကား မင်သက်ငေးမောသွားလိုက်ရပါလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



မမလိမ္မော်မည့်သောအမျိုးသမီး။ သူမအနီးမှ လွန်စွာကြောက်စရာကောင်းသော ခွေးကြီးနှစ်ကောင်ကိုပင် မက်မန်းကြောက်ရကောင်းမှန်း မေ့လျော့နေမိတော့သည်။

မက်မန်းကား စကားမဆိုနိုင်၊ မမလိမ္မော်ကိုသာ ငေးမောမင်သက်နေဆဲ ရှိပါသတည်း။ မမလိမ္မော်ကိုမြင်ပြီး မက်မန်း မိန်းမချင်းပင် ငေးမောမင်သက်မည်ဆိုလည်း မင်သက်ငေးမောစရာပါပင်။

မှန်ပါ၏။ အဘယ်ကြောင့်ဆိုသော် မက်မန်း လက်ရှိမြင်နေရသည့် မမလိမ္မော်မည်သော အမျိုးသမီးကား သူမအလှများအား မက်မန်းမှာ ဘာသာစကားနှင့် ပြည့်စုံနိုင်အောင် ပြောနိုင်ခြင်းငှာ မစွမ်းသာပါပေ။

သည်လောက်ပဲ ရက်ရက်စက်စက် လှနိုင်ရက်သည် ဟူ၍သာ မက်မန်းစိတ်ထဲ တွေးထင်ရပါတော့၏

"မက်မန်း. . ."

"အင်. .အင်. .ရှင်. . ."

မမလိမ္မော်ခေါ်လေမှ မက်မန်းအငေးတို့ လွင့်ပြေး





ပျောက်ကွယ်ကုန်တော့သည်။

"ကဲ. .ပြော၊ မင်းကိစ္စကို. . ."

"မက်မန်း သူလျှိုတစ်ယောက်မိခဲ့တယ် မမ. . ."

"ဟုတ်လား၊ စစ်ဆေးပြီးပြီလား. . ."

"ရှောက်ရှိုတို့လက်ထဲ အပ်ထားတယ်၊ စစ်ဆေးနေဆဲပါပဲ၊ မမရဲ့အမိန့်ကို စောင့်နေတယ်. . ."

"ကဲ. .ထားပါဦး၊ မင်းက ဒီသူလျှိုကို ဘယ်မှာ ဖမ်းမိတာလဲ၊ ပြီးတော့ သူလျှိုက ယောက်ျားလား၊ မိန်းမလား. . ."

"ယောက်ျားပါ မမ. . ."

"ဪ. .အင်း. .ဆက်ပြော. . ."

"ဖမ်းမိတာကတော့ စံအိမ်နောက်ဘက်က ရေတံခွန်မှာပဲ၊ ကော်မန်းတို့စံအိမ်ကို စောင့်ကြည့်နေတာ မြင်တယ်၊ မက်မန်း မသင်္ကာလို့ ခေါ်လာတာ. . ."

"ဪ. .အင်း၊ နာမည်က ဘယ်လိုတဲ့လဲ. . ."

"မြင့်အောင်တဲ့. . ."



www.burmeseclassic.com

www.burmeseclassic.com



"အင်း သေသေချာချာ ဒီလူကို ရှာပြီးပြီလား၊ တခြား ဘာတွေ့သေးလဲ၊ သူ့ကင်မရာကော. . ."

"သူ့ကင်မရာက ရေထဲမျောသွားတယ်. . ."

"ဘာ. . ."

အဆိုတွင် ရွှေရောင်မျက်နှာသည် ရဲသွားရချေ၏။ မက်မန်း လန့်သွားသည်။

"ဟင် ..ကင်မရာ ရေထဲမျောသွားရတယ်လို့၊ မင်း သိပ်ညံ့တယ် မက်မန်း. . ."

စိတ်ကိုလျှော့ပြီး သခင်မ၏ အပြစ်တင်သံငွေ့ငွေ့တွင် မက်မန်းခေါင်းလေးငုံ့သွားရရှာသည်။

"ကဲ ..သူ့မှာ ဘာတွေ့သေးလဲ ဆက်ပြောပါဦး. . ."

"တခြား ဘာမှတော့မတွေ့ဘူး၊ သူ့ကိုစစ်ရင်တော့ ရမယ်ထင်ပါတယ် မမလိမ္မော်. . ."

သခင်မထံမှ စကားသံက တိတ်သွားသည်။ မက်မန်းလည်း တိတ်နေမိ၏။ ကဗျာချိုချိုစံအိမ်အရှင်သခင်မ လိမ္မော်ချိုသည် အခန်းထဲ





လမ်းလျှောက်နေသည်။

စကားဖြင့်မှု တစ်လုံးမျှမဆို။ အခန်းထဲ တိတ်ဆိတ်နေ၏။ ခွေးကြီးနှစ်ကောင်ပင်လျှင် ငြိမ်ကုတ်၍နေသည်။

မက်မန်းမှာလည်း မမလိမ္မော်အား မသိမသာလေး မဝံ့မရဲ လိုက်ကြည့်နေလျက်မှ ရှေ့ကျလာသည့် ဆံပင်လေးတွေကို နားရွက်နောက်သို့ ခဏခဏသိမ်းတင်ရင်း သခင်မ၏အမိန့်ကို နာခံနေရပါချေ၏။

သခင်မ၏အမိန့်ကိုနာခံရန် စောင့်ဆိုင်းဆဲ မက်မန်း ရင်ခုန်နေသည်က ရင်ပြင်တစ်ခုလုံး ပွင့်ထွက်လာတော့မယောင်ပါ။ ထိုမျှအထိ မက်မန်း လှုပ်ရှားနေရပါချေ၏။

"မက်မန်း. . ."

"အမေ့. . ."

"အဟင်း ..ဟင်း. . ."

မက်မန်း လန့်သွားသည်။ ကဗျာချိုချိုစံအိမ် သခင်မ လိမ္မော်ချိုသည် စူးခနဲတစ်ချက်ကြည့်ပြီး ညင်ညင်လွင်လွင်ကလေး

www.burmeseclassic.com

www.burmeseclassic.com



ရှည်လေသည်။

သူမရယ်သံသည် လေထဲတွင် သစ်ရွက်လေးတစ်ရွက် ဝဲလွင့်ဆင်းလာသည့်နှယ်ရှိ၏။

"ကဲ. .မင်းသွားတော့ မက်မန်း၊ မမ ဒီက အမိန့်ဆက် ပေးမယ်. . ."

"ဟုတ်ကဲ့ မမလီမွှော်. . ."

"ကားတားရေ. .မက်မန်းကို တံခါးဖွင့်ပေးလိုက်ပါကွယ်"

လီမွှော့်စကားအဆုံး ခွေးကြီးကားကား မက်မန်းကို တံခါး ဖွင့်ပေးလိုက်သည်။ မက်မန်းထွက်သွားပြီ။ ဆုံလည်ထိုင်ခုံမှ လီမွှော် ထရပ်လိုက်သည်။

သည့်နောက် ဇီးချောင်မှန်ပြတင်းနားတွင် သွားရောက်ရပ်ကာ အဝေးဆီသို့ လီမွှော်ချို ကြည့်နေလိုက်၏။ အခြယ်အသန့်သာမှုန်တို့ တစ်မျှင်မျှမရှိပါဘဲနှင့် လီမွှော့်မျက်နှာလေးသည် အလွန်တရာမှ လှပ ချောမွေ့နေပါလေ၏။

အလှဆုံးသော မျက်နှာလေးမှ ပါးချိုင့်လေးများ ပေါ်အောင်





နှင်းဆီဖူးလေးနှယ် နှုတ်ခမ်းလေးအား ဖွဖွစေ့လျက် လီမွှော်ပြုံးနေ၏။

"အဟင်း. .ဟင်း. .ဟင်း. . ."

သည့်နောက် ပုလဲတန်းလေးပမာ ညီညာစီတန်း ဖွေးနုနေ သည့် သွားတန်းလေးများ ပေါ်အောင်ပင် လီမွှော်ပြုံးဖြစ်လိုက်ပါ လေ၏။

လှပနှစ်လို မက်မောဖွယ် အပြုံးပါပေ။

သို့သော်. .ထိုအပြုံး၏နောက်ကွယ်တွင်ကား. . .။ ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## - နှစ် -

ကဗျာချိုချိုစံအိမ်၊ ခမ်းနားသော မြေအောက်ခန်းကြီးဇာ

ထဲ၌. . .။

"ဦးမြင့်အောင် အချိန်တစ်ရက်ကျန်သေးတယ်နော်၊ ဘာဖြ

အသားဒီလောက်အနာခံနေရသလဲရှင်. . ."

မြေအောက်ခန်းထဲ၌ လိမ္မော်၏ ချိုအီစိမ့်သော အသံလှိုင်

သည် အေးစက်စွာ ပေါ်လာ၏။ လှပသော လိမ္မော်မျက်နှာသည်

လည်း အရယ်အပြုံးတို့ ကင်းမဲ့ကြ၊ တင်းမာခက်ထန်ခြင်းသည်လည်

ရှိမနေပါလေ။





"ဦးမြင့်အောင်. . ."

တပည့်မတို့၏လက်ချက်ဖြင့် ညှိမောင်းနေသည့် မြင့်အောင်

၏ မျက်နှာအား လက်ဖဝါးတော်နုနုဖြင့် လိမ္မော်ကိုင်ကာ ခေါ်သည်။

လိမ္မော့်အကိုင်ကိုမခံ၊ မြင့်အောင် မျက်နှာကို လှည့်သွားလိုက်၏။

"အဟင်း. .ဟင်း. . ."

စမ်းရေစီးသံလေးနှယ် လိမ္မော် ရယ်သည်။ ရယ်ရင်း

မြင့်အောင်အနီးမှ စားပွဲတွင် သွားရောက်ထိုင်နေလိုက်သည်။ ပြီးတော့

မှောက်ချိုထံ မေးဆတ်အချက်ပြလိုက်၏။ ရှောက်ချိုမှာ မြင့်အောင်

ဆံပင်တို့ကို ဆတ်ခနဲဆွဲခါကာ ခေါင်းကိုမော့စေလိုက်ပြီး. . .

"ဦးမြင့်အောင်. .ထပ်မေးမယ်၊ ရှင်ဟာ သူလျှိုမဟုတ်လား၊

ဒီနယ်ကို ဘာလာလုပ်တာလဲ၊ ကျွန်မတို့ရဲ့ ကဗျာချိုချိုစံအိမ်ကို

စုံစမ်းဖို့လာတာမဟုတ်လား. . ."

"မဟုတ်ဘူး၊ ကျုပ် မသိဘူး. . ."

"ဖောင်း. .ဖြောင်း. . ."

"အင့်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ခွပ်. .ဖြောင်း. . ."

"အ. . ."

ရှောက်ချိုလက်သံက ဖြောင်သည်။ မြင့်အောင် ဇက်ကျိုးကျသွား၏။ လိမ္မော် ပြုံးကြည့်နေသည်။ မက်မန်းမှာ မကြည့်ရဲသလို စိတ်ကိုတင်း၍ ကြည့်နေရပါချေ၏။

"အဟင်း. . ."

လိမ္မော် မက်မန်းကို ကြည့်သည်။ ပြီးတော့ အကြည့်ကို လွှဲ၍ပြုံးသည်။ သည့်နောက် လိမ္မော် ထိုင်ရာမှ ထရပ်လိုက်ပြီး -

"ဟား. .ကဲ. .ရှောက်ချိုရေ၊ ဒီတစ်ညနဲ့ တစ်ရက်ထားလိုက်ပါဦးကွယ်၊ ဦးမြင့်အောင် ဒီကြားထဲမှာ စိတ်ပြောင်းချင်လည်း ပြောင်းလာမှာပေါ့. . ."

"ရှောက်ချိုရေ. . ."

"ရှင်. .မမလိမ္မော်. . ."

"ဒီညမြေအောက်ခန်းနဲ့ အကျဉ်းသားကို မင်းတို့ သုံးယောက် တာဝန်ယူကြ၊ ဟုတ်ပြီလား. . ."





"ဟုတ်ကဲ့ မမလိမ္မော်. . ."

"အေး ကောင်းပြီ. . ."

"ရမ်းရမ်းရေ သွားမယ်ဟေ့. . ."

ခွေးကြီးကို လက်ဖျစ်တီးခေါ်ရင်း မြေအောက်ခန်းထဲမှ လိမ္မော်ထွက်သွားလေပြီ။ မက်မန်းမှာ အကျဉ်းသား မြင့်အောင်ကို ကြည့်လိုက်လေသည်။ ပြီးတော့ ရှောက်ချိုကို ဖျတ်ခနဲတစ်ချက် ကြည့်မိ၏။

မက်မန်းရင်ထဲမတော့ လှုပ်ရှားမှုက လွန်ကျူးနေပါလေပြီ။ သို့သော်လည်း မက်မန်းဘဝကား သေမထူး နေမထူးသည့် ဘဝ ဆိုမို့ မက်မန်း ဆက်၍လှုပ်ရှားရမည်မှာပါ။ မက်မန်း အတွင်းသား လေးတွေကို စေ့ကြိတ်ပစ်လိုက်၏။ စိတ်ကိုတင်း၍ မိမိကိုယ်မိမိ အားပေးလိုက်ခြင်းပါ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

- သုံး -

"အဟင်း. .ဟင်း. .ဟင်း. . ."

စောင်းခတ်သံအလား၊ စမ်းရေစီးသံအလား၊ လေညှင်း[illegible]

လေးများ တိုက်ခတ်သံအလား. . .ရယ်သံသည် တင်စား[illegible]

မဖော်ကျူးနိုင်၊ ညှင်းပြောင်းသာယာလွန်းပါဘိ။

သို့သော် ထိုရယ်သံနောက်ကွယ်တွင် မည်မျှအထိ ကြေ[illegible]

ခမန်းလိလိ ရက်စက်မှုအပေါင်း သရုပ်ဆောင်နိုင်ပါကြောင်း

မက်မန်းတစ်ယောက် မခန့်မှန်းနိုင်ပေမယ့် သိတော့သိနေပါ၏။

"အဟင်း. . ."





နောက်ဆုံးတစ်ချက် ရယ်ရင်းဖြင့် ကိုယ်ဟန်နွဲ့နွဲ့သည်

[illegible]မန်းရှေ့၌ မားမားလေးရပ်လာ၏။ မက်မန်းကို စေ့စေ့ကြည့်

သည်။ ပြီးတော့မှ. . .

"မက်မန်း. . ."

မက်မန်းထံမှ ထူး[illegible]တွေ့ တိမ်မြုပ်ပျောက်ကွယ်နေ၏။

"မက်မန်း. .မမလိမ္မော် ခေါ်နေတယ်လေ. . ."

စကားသံသည် ရွှေစောင်းခတ်သံလေးနှယ် ချိုလွင် သာယာ

လွန်း၏။ မက်မန်းမထူးပေမယ့် မမလိမ္မော်၏ လှပလွန်းသော မျက်နှာ

အား မဝံ့မရဲလေး မော့်ကြည့်လာ၏။

"အဟင်း. .ဟင်း. . ."

ကြည့်လာသည့် မက်မန်းနှင့် အကြည့်ချင်းဆုံပစ်လိုက်ပြီး

[illegible]ရယ်သည်။ အပြစ်ဒဏ်ခံရမည့်အချိန်၌ပင် လိမ္မော့်အရယ်

[illegible]လေးကြောင့် မက်မန်း အပြစ်တို့ကိုမေ့သွားသလို၊ သူမ၏

[illegible]လှလှလေးတွင် ငေးမောမိရပါချေ၏။

မှန်သည်။ လိမ္မော်၏ ရွှန်းစက်ဖူးမှုန်နေသော မျက်နှာလေး



www.burmeseclassic.com

www.burmeseclassic.com



ကား မရယ်လည်းလှ၊ တည်လည်းလှ၊ ဒေါသထွက်နေလည်းလှ။ မျက်မှောင်တွန့်နေလည်းလှ။

ဘယ်လိုနေနေ လှပနေသည့်ကြားထဲမှ ယခုကဲ့သို့ အရယ် အပြုံးလေးများ စွက်လာလေတော့ လိမ္မော်အလှကား ဆိုဖွယ်မရှိ။ တင်စား၍ မမီ ရှိရပါကြောင်း။ မိန်းမချင်းမင် လိမ္မော်အလှ၌ ငေးမော မိန်းမူးရပါကြောင်း။

မဇာ်မန်းကား ပြောမယုံကြုံဖူးမှသိ ဆိုသကဲ့သို့ ကိုယ်တွေ့ ပင် သိမြင်ခံစားနေရလေပြီ မဟုတ်ပါတကား။ မက်မန်းပင်မဟုတ်။ အခန်းတွင်းရှိ လိမ္မော်၏ ပထမအတွင်းရေးမှူး စေ့စစ်နှင့် ဒုတိယအတွင်း ရေးမှူး သစ်တော်တို့နှစ်ယောက်ပင်လျှင် လိမ္မော်၏အလှအား ငေးနေ မိရပါလေသတည်း။

ရှမ်းရမ်းနှင့် ကားမှာ ခွေးကြီးနှစ်ကောင်က လိမ္မော်၏ ခြေတော်ရင်းဝယ် ဝပ်တွား၍နေလေသည်။ အခန်းနံရံထက်မှ နာရီ ဆီသို့ လိမ္မော်တစ်ချက် လှမ်းကြည့်လိုက်သည်။ ပြီးတော့ မက်မန်း ထံ ပြန်ကြည့်လာရင်းက . . .



"ခုဆို ကိုမြင့်အောင်တစ်ယောက် တန့်နောင်းမြို့ကနေပြီး တော့ ထွက်သွားနိုင်လောက်ပါပြီ မက်မန်း . . ."

"အဟင်းဟင်း၊ ဒါပေမယ့် ကိုမြင့်အောင်ဟာ ရန်ကုန်ကို ရောက်သွားနိုင်လိမ့်မယ်လို့ မက်မန်း ထင်လား . . ."

တစ်ခွန်းချင်း၊ တစ်ဖြတ်ချက်း စကားကို လိမ္မော် ဆိုသည်။ မက်မန်းကား ဘာမှပြန်မဆိုနိုင်ပါလေ။

"ဒီမှာ မက်မန်း မင်းတို့ထက်လျှင်လို့၊ မင်းတို့ထက်ပါးလို့၊ မင်းတို့ထက်နပ်လို့ မျိုးစဉ်ဘောင်ဆက်က ထိန်းသိမ်းနေလာကြတဲ့ ဒီကဗျာရှိုးရှိုးစံအိမ်ကြီးမှာ နောက်ဆုံးမျိုးဆက်အဖြစ်နဲ့ လိမ္မော်ရှိဆိုတာ တစ်ထီးတစ်နန်း နေနေတာပါ. . ."

"မင်းနဲ့ကိုမြင့်အောင်နဲ့အကြောင်းတွေကိုတော့ လိမ္မော် မသိ ချင်ပါဘူး၊ အချိန်ကုန်ခံပြီးလည်း မမေးပါဘူး၊ လိမ္မော့်အသိမှာ မင်းတို့ဟာ ဒီစံအိမ်ကြီးရဲ့ သူလျှိုဟာ သူလျှိုပဲ၊ ဒီတော့ . . ."

"သက်ဆိုင်ရာဌာနက မင်းတို့ကို ခိုင်းလိုက်တဲ့ကိစ္စတွေ အောင်မြင် မမြင်ကို မင်းသိဖို့တော့ လိမ္မော်ပြောပြမယ်၊ မင်း ညက



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ပေးလိုက်တဲ့ အချုပ်သားမြင့်အောင်ဟာ တစ်ဖက်လောကပဲ အသက်ရှင်နေသွားနိုင်မှာပါ. . ."

"ဟင်. . ."

မက်မန်း လန့်သွားသည်။

"အဟင်း. .ဟင်း. . ."

မက်မန်းကိုစေ့စေ့ကြည့်ပြီး လိမ္မော်ရယ်၏။

"ဟုတ်တယ်၊ မင်းရဲ့မှုမမှန်တဲ့ အခြေအနေကို ရိပ်မိလို့ မနေ့ညကတည်းက ကိုမြင့်အောင်ကိုလွှတ်လိုက်ပြီ၊ ကဗျာချိုချိုစံအိမ်ကို ဒီလိုလွယ်လွယ်နဲ့ ဝင်လာလို့တော့ ဘယ်ရမလဲ မက်မန်းရယ်"

"မမလိမ္မော်ရယ်. .တကယ်တော့ မက်မန်းဟာ အစိုးရအထောက်လှူ မဟုတ်ပါဘူး၊ ကြီးမားတဲ့ပြစ်မှုတစ်ခုနဲ့ တစ်သက်တစ်ကျွန်း ကျနေတဲ့သူပါ. . ."

"ဟော့. .မင်းရဲ့ကိုယ်ရေးကိုယ်တာတွေကို ငါ ဘာမှမသိချင်ဘူး၊ မင်း မပြောနဲ့၊ ဘယ်လိုပဲဖြစ်ဖြစ် သက်ဆိုင်ရာက မင်းကို အသုံးချပြီး ခိုင်းလိုက်တာဟာ ခိုင်းတာပဲ. . ."





"ဒီတော့ မင်းဟာ ဒီစံအိမ်ရဲ့ရန်သူ၊ ဒီစံအိမ်ရဲ့သတင်းဟာ ဘယ်အကြောင်းနဲ့မှ ဘယ်ကိုမှ မပေါက်ကြားစေရဘူး၊ မင်းက ဘယ်လိုကြိုးစားပြီး ဘာတွေပဲ မြင့်အောင်ကို ပေးလိုက် ပေးလိုက်၊ မင်းနဲ့မြင့်အောင်ရဲ့ ကြိုးပမ်းချက်တွေအားလုံး ဘာတစ်ခုမှ အရာမထင်ပါဘူးဆိုတာ အခု မင်းသိပြီမဟုတ်လား. . ."

"ကိုမြင့်အောင်ဟာ တစ်ပတ်အတွင်းမှာ တနင်္ဂနွေမြို့ တော့ ထွက်သွားနိုင်ပါလိမ့်မယ်၊ ဒါပေမယ့် တောထဲမှာ သူ သေသွားလိမ့်မယ်၊ ကဲ. .ဒီတော့ မင်းတို့ကြိုးစားထားတဲ့ အရာမှန် သမျှဟာ တောထဲမှာပဲ ပျောက်ကွယ်သွားတော့မယ်. . ."

စကားတို့ဆိုရင်း မက်မန်းရှေ့ လိမ္မော် ခြေတစ်လှမ်းတိုးရပ် လိုက်သည်။

ပြီးတော့ မက်မန်းပခုံးထက် လိမ္မော်လက်ကလေး တစ်ဖက် ညင်သာစွာ ဖွဖွတင်လိုက်ပြီး မက်မန်း ဆံပင်လေးများနှင့် ပါးပြင် ညှပ်ပုဝင်းလေးတွေဆီ ပွတ်သပ်နေလိုက်လေ၏။

"ဒီမှာ မက်မန်း၊ ကဗျာချိုချိုစံအိမ်ရဲ့ ထုံးစံဟာ သူလျှိုကို

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သောအခါကမှ အချိန်ပေး လက်ခံထားလေ့မရှိဘူးဆိုတာပဲ”

“ဟင်. . .”

မက်မန်းတစ်ကိုယ်လုံး ဆတ်ဆတ်တုန်လာသည်။

“အဟင်း. .ဟင်း. . .”

မက်မန်းကိုကြည့်ပြီး လိမ္မော်ပြုံးသည်။ လိမ္မော်အပြုံးသည် ကစားစရာအရုပ်ကလေးတစ်ခုအား သဘောကျနေသည့်နှယ်ပါ။

“အဟင်း. .ဟင်း. .ဟင်း. . .”

“အ. . .”

လိမ္မော်ပြုံးဆဲ၊ မက်မန်းကိုယ်လေး ဆတ်ခနဲတွန့်ကာ မျက်လုံးလေးပြူးလျက် လိမ္မော်ခြေရင်း၀ယ် ညွတ်ခွေကျသွားပါတော့သတည်း။

ကြမ်းပြင်၀ယ် မက်မန်းလဲကျသွားသည်နှင့် ခွေးနှစ်ကောင်က ထ,လာသည်။

“ရမ်းရမ်းနဲ့ ကားကား၊ ငြိမ်ငြိမ်နေကြစမ်းကွယ်. . .”

သူ့ခွေးကြီးတွေကို ပွတ်သပ်ရင်း လိမ္မော်ဆိုသည်။ လိမ္မော်၏





လှပလွန်းသော မျက်နှာသည် မည်သို့မျှပြောင်းလဲသွားခြင်း မရှိပါတကား။

သစ်တော်နှင့်စပျစ်က ကြမ်းပြင်ထက် ခွေခွေလေးရှိနေသည့် မက်မန်းအား မမှိတ်မသုန်မျက်လုံးတွေနှင့်သာ ကြည့်နေမိလေသည်။ လိမ္မော်ထံမှ အမိန့်စကားမဆိုလာသေးသောကြောင့် ကျောက်ရုပ်ကလေးတွေနှယ် သူတို့ရှိနေခြင်းပါ။

သူတို့အတွက် ထိုအမြင်များကဖြင့် မဆန်းပါလေစော့။

မမလိမ္မော်သည် အပြစ်ရှိသူတို့၏ နောက်ဆုံးသွားရာလမ်းအား သူကိုယ်တိုင်ပင် သက်တောင့်သက်သာ ပို့တတ်စမြဲမဟုတ်ပါတကား။

မမလိမ္မော်၏ လက်ချောင်းလေးများသည် လူတစ်ကိုယ်အား မကိုင်လိုက်နှင့်၊ ကိုင်လိုက်သည်နှင့်လဲ။ အကိုင်ခံရသော ထိုလူသည် ဘ၀ကူးသွားရှင်သွား၊ မသွားဖြစ်လျှင်လည်း လူညွန့်တော့ တုံးသွားရသည်ချည်း မဟုတ်ပါတကား။

“သစ်တော်နဲ့ စပျစ်. . .”

“ရှင်. .မမလိမ္မော်. . .”



www.burmeseclassic.com

www.burmeseclassic.com



အငေးချင်း၊ အတွေးချင်းတူနေရာမှ သူတို့ဖျတ်ခနဲ ပြိုင်တူ ထုးလိုက်ကြသည်။

"မက်မန်းရဲ့အလောင်းကို ယူသွားကြတော့လေကွယ်. ."

"ဟုတ်ကဲ့. .မမလိမ္မော်. ."

မကြာလိုက်။ လိမ္မော်၏အခန်းထဲ မည်သူမျှမရှိကြပါ လေတော့။ လိမ္မော်ကား စောစောက သူမအခန်းထဲ ဘာမှမဖြစ်ခဲ့ သလို၊ လူတစ်ယောက်၏ အသက်အား ပုရွက်ဆိတ်ကလေးတစ် ကောင်လောက်မှ သဘောမထားလိုက်သလို။

အေးစက်တည်ငြိမ်သော အသွင်လေးဖြင့် မှန်ပြတင်းပေါက် နား၌ သွားရောက်ရပ်ကာ အပြင်ဘက်သို့ လှမ်းကြည့်နေလိုက်ပါ၏။ ကဗျာချိုချိုစံအိမ်သည့် တောတောင်လျှိုမြောင်တို့အား လှမ်းနေလေ၏။ မျက်စိပသာဒရှိစွာ အေးမြသည့်တောတောင်လျှိုမြောင်တို့၏ သဘာဝ အလှတို့အား. . .

လိမ္မော်ချိုသည် တစ်ပင်တိုင်မြနန်းမှ ရွှေလှောင်ချိုင့်စံ မင်းသမီးလေးတစ်ပါးနှယ် လှမ်းမျှော်ကြည့်နေမိပါ၏။ သို့သော်





တပင်တိုင်မြနန်းစံ မင်းသမီးလေးလည်း မဟုတ်၊ ရွှေလှောင်ချိုင့်စံ မင်းသမီးလေးလည်း မဟုတ်လေတော့. . .

လိမ္မော်မျက်နှာလေးကား ရွှေလိုဝင်း၍ ရွှေရောင်အပြုံးလေး များလွှမ်းလျက် မိမိ၏ဘဝအား တန်းခိုးရှင်တစ်ဦးနှယ် အကျေနပ်ကြီး ကျေနပ်နေသူ တစ်ဦးပါတည်း။ ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

- လေး -

"အရေးကြီးတယ်ဆိုလို့ ဆရာ. . ."

"အေးကွာ. .ဟုတ်တယ်၊ ထိုင်. . ."

အရာရှိကြီးကို မင်းတင်ဌေး အရိုအသေပေးပြီး ရှေ့မှ ထိုင်ခုံတစ်ခုတွင် ဝင်ထိုင်လိုက်သည်။

"ရော့ကွာ၊ ဆေးလိပ်သောက်. . ."

"ကျွန်တော့်မှာလည်း ပါပါတယ်ဆရာ. . ."

အကျီအိတ်ထဲမှ စီးကရက်ဘူးနှင့် မီးခြစ်ကိုထုတ်ပြီး မင်းတင်ဌေး မီးညှိဖွာလိုက်သည်။ တစ်ရှိုက်အဖွာတွင် စီးကရက်မီးခိုး





လေးတွေမှာ သူတို့ဝန်းကျင်တွင် ပျံ့ပြူးသွားကြ၏။

မင်းတင်ဌေးမှာ အထက်အရာရှိကြီး၏ ပြောလာမည့်စကားတို့ကို စောင့်စားရင်း စီးကရက်ကို ဖွာနေလေသည်။ အရာရှိကြီးဦးရဲမင်းကလည်း စီးကရက်ဖွာနေဆဲရှိသည့် ခန့်ညားချောမောသော မင်းတင်ဌေး၏ ယောကျ်ားကောင်းလက္ခဏာအား သဘောကျစွာ ကြည့်နေဆဲမှ–

"ခုလိုခေါ်ရတာ အားတော့နာပါတယ်၊ ဆရာမင်းတင်ဌေး..."

အရာရှိကြီးစကားကြောင့် စီးကရက်မီးခိုးငွေ့တွေကို မှုတ်ထုတ်ပြီး စိမ်းမှောင်သောမျက်ခုံးထူထူကြီးအား ပင့်ချီကာ မင်းတင်ဌေး နားမလည်စွာ ကြည့်မိလေ၏။

အရာရှိကြီးမှာ စီးကရက်မသောက်သေးပဲ စီးကရက်ဘူးလေးအား တဆဆကိုင်ရင်းမှ စကားကိုဆက်သည်။

"ဆရာမင်းတင်ဌေးလည်း အမောတောင်ပြေမယ် မထင်သေးဘူး. . ."

"ဘာကိုဆိုလိုချင်ပါလိမ့်ဆရာ. . ."



www.burmeseclassic.com

www.burmeseclassic.com



"သြော် .ထိပ်တန်းလျှို့ဝှက်ချက် ကိစ္စတစ်ခုကို မြစ်ကြီးနားကသွားပြီး `တာဝန်ထမ်းဆောင်ပြီးလို့ ရန်ကုန်ပြန်ရောက်တာမှ မကြာသေးဘူး၊ ခုတစ်ခါ ကျွန်တော်က ထပ်ခေါ်လိုက်လို့ ပြောရတာပါ၊ အားလည်းနာပါတယ်ဆရာ၊ ဒါပေမယ့်. . ."

"ဟုတ်ကဲ့ .ဆရာ၊ ပြောပါ၊ ကျွန်တော်ဟာ အားနာရမယ့်လူမှမဟုတ်ဘဲ ခင်ဗျာ၊ အလုပ်ရှိရင် လုပ်ရမှာက ကျွန်တော့်အလုပ်၊ တာဝန်ပေးအပ်ရမှာက ဆရာတို့ဘက်ကအပိုင်းပဲ မဟုတ်လားဆရာ၊ ကျွန်တော့်ကို အားမနာပါနဲ့၊ ပြောပါဆရာ. . ."

အထက်အရာရှိကြီးကို တည်ငြိမ်စွာကြည့်ပြီး မင်းတင်မွေး တစ်ခွန်းချင်းဆိုသည်။ မင်းတင်မွေး၏စကားသံက ကြည်လင်ပြတ်သားလွန်းပါ၏။

မှန်သည်။ မင်းတင်မွေးသည် ရုပ်ကောအသံပါ ဆွဲဆောင်အား ရှိလွန်းသည့် ရဲအရာရှိကြီးတစ်ဦးပါတည်း။

တာဝန်ဝတ္တရားနှင့် ပတ်သက်လာလျှင် လုပ်ရည်ကိုင်ရည်သည်လည်း မင်းတင်မွေး၌ ပြောစရာမရှိ။ ထို့ကြောင့် ရဲအရာရှိတစ်ဦး





ပြစ်လင့်ကစား မင်းတင်မွေးသည် အနုပညာစိတ်အားလည်း ထက်သန်သူတစ်ဦးရယ်ပါလေ။

"အင်း. . ."

မင်းတင်မွေးစကားများကြောင့် အရာရှိကြီးမှာ မင်းတင်မွေးကို ကျေနပ်အားရစွာကြည့်ပြီး ခေါင်းကိုညိတ်သည်။ ပြီးတော့ စီးကရက်တစ်လိပ်ကိုထုတ်ယူကာ ရှိုက်ဖွာလာရင်းမှ. . .

"မပြောလည်းမပြီး၊ မတီးလည်းမမြည် ဆိုသလို ပြောတော့ ပြောရမှာပဲ ဆရာမင်းတင်မွေး. . ."

"ဟုတ်ကဲ့. .ဆရာ၊ ပြောပါခင်ဗျာ. . ."

"ကိစ္စကတော့ တခြားမဟုတ်ဘူးလေ၊ ဆရာမင်းတင်မွေးကို တာဝန်တစ်ခု ထပ်ပြီးပေးအပ်ဖို့ပါပဲ. . ."

"ဟုတ်ကဲ့ဆရာ. . ."

"ဒီတာဝန်ကို ဆောင်ရွက်ဖို့ဆိုတာကလည်း ဆရာမင်းတင်မွေးနဲ့သာ အသင့်တော်ဆုံးလို့ ကျွန်တော်တို့ ဆုံးဖြတ်တယ်လေ..."

လက်ကြားမှစီးကရက်ကို မင်းတင်မွေးမသောက်ဖြစ်တော့။

www.burmeseclassic.com

www.burmeseclassic.com



အရှရိုကြီးထံမှ ဆက်လာသည့် စကားတွေကို မင်းတင်ဋ္ဌေး စိတ်ဝင်တစား နားထောင်နေမိခြင်းပါ။

"ဘာကြောင့်လဲဆိုတော့ ဆရာမင်းတင်ဋ္ဌေးက အနုပညာ တူရိယာပစ္စည်းတွေကို အတော်ပဲစုံလင်သလောက် တီးတတ် မှုတ်တတ်တဲ့သူတစ်ယောက် မဟုတ်လား . . ."

နားသာထောင်နေရသည်။ မင်းတင်ဋ္ဌေး နားတော့မရှင်း သို့သော်လည်း နားရှင်းမည့်အချိန်ကို စောင့်ပြီးနားထောင်နေမိသည်။ ဖြတ်ပြီးမေးခွန်းကို အလောတကြီးပြန်မမေးပဲ နားထောင်နေတတ်သည် က သူ့အကျင့်ပါလေ။

"ဒီအမှုမှာ ရိုးရိုးစင်းစင်းကြီး သွားချဉ်းကပ်လို့တော့ မလွယ်တာ အမှန်ပဲ ဆရာမင်းတင်ဋ္ဌေး၊ ဒါကြောင့် ကျွန်တော်တို့ ဉာဏ်ရည်တစ်မျိုးသုံးပြီး ဖောက်ထွင်းဝင်ရမှာပဲ . . ."

"ဥပဒေအပြင်ဘက်ကလူဟာ ဘယ်နည်းနဲ့မှတော့ ဥပဒေ ဘက်တော်သားတစ်ဦးကို အနိုင်မယူဉ်နိုင်ပါဘူးလေ . . ."

လက်ကြားမှ စီးကရက်တိုလေးက ကောင်းကောင်းမသော





ဖြစ်လိုက်ပါဘဲနှင့် အစီခံအထိတိုဝင်လာ၍ ဆေးလိပ်ပြာခွက်ထဲသို့ မင်းတင်ဋ္ဌေး ထိုးချေပစ်လိုက်လေ၏။

"ဆရာမင်းတင်ဋ္ဌေး . . ."

"ဗျာ. .ပြောပါဆရာ၊ ကျွန်တော်စိတ်ဝင်တစား နားထောင် နေပါတယ် . . ."

"ဒီလိုပါ ဆရာမင်းတင်ဋ္ဌေး၊ အခု ဆရာ့ကိုတာဝန်တစ်ခု ထပ်ပြီးပေးအပ်နေတာကိုတော့ ဆရာသဘောပေါက်ပါတယ်နော်..."

"ဟုတ်ကဲ့ဆရာ၊ ပေါက်ပါတယ် . . ."

"အင်း. .အဲ့ဒီတာဝန်ပေးအပ်တဲ့နေရာက တန့်နှောင်းမြို့ပဲ၊ ဆရာမင်းတင်ဋ္ဌေး တန့်နှောင်းမြို့ကို ဒီတစ်လနှစ်လအတွင်းမှာပဲ အရောက်သွားရလိမ့်မယ် . . ."

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော့်ကိုအမှုနဲ့ ပတ်သက်တဲ့ အကြောင်းအရာလေးသာ . . ."

"ပြောမယ်လေ၊ အသေးစိတ်ကို ပြောပြလိုက်ပါမယ်၊ အဲ. . ဆရာမင်းတင်ဋ္ဌေး ကျွန်တော်တို့အမှောင်ခန်းထဲ ခဏသွားလိုက်ကြရ



www.burmeseclassic.com

www.burmeseclassic.com



အောင် . . ."

"ဟုတ်ကဲ့ဆရာ . . ."

ဆိုရင်း အထက်အရာရှိ ထိုင်ရာမှထသွားပြီမို့ မင်းတင်ဒွေး ထိုင်ရာမှထလိုက်ပါသွားရပါချေ၏။

× × × × ×

"အဲဒီအိမ်ကြီးကတော့ ကဗျာချိုချိုစံအိမ်လို့ခေါ်တယ် ဆရာမင်းတင်ဒွေး . . ."

"ကဗျာချိုချိုစံအိမ် . . ."

စိတ်ထဲ၌ မင်းတင်ဒွေး ရေရွတ်မိခြင်းပါ။ အမှောင်ခန်းထဲ ထိုင်ရင်း ရေ့မှရုပ်ရှင်ပြစက် အသေးစားလေးထဲမှပေါ်လာသည့် ကဗျာချိုချိုစံအိမ်ကြီးဆီမှ အကြည့်ကိုတော့ မင်းတင်ဒွေးမခွာမိ။

"ဒီစံအိမ်ကို ကျွန်တော်ရှုထောင့်အဖက်ဖက်ကနေပြီး အသေ စိတ်ခတ်ပုံရိုက်ယူလာတာ၊ ဆရာမင်းတင်ဒွေး အသေအချာကြည့်ပြီး





ဆော့လာပါ . . ."

"ဟုတ်ကဲ့ဆရာ . . ."

မျက်တောင်ပင်မခတ်မိသလို မင်းတင်ဒွေးကြည့်နေမိသည်။ ရုပ်ရှင်ပြစက်ထဲမှ မြင်ကွင်းသည်က တစ်ခုပြီးတစ်ခုပေါ်လွင်နေလေ၏။ သားမှနေ၍ အရာရှိကြီးကလည်း တစ်ခုချင်းကို ရှင်းပြနေသည်။

"ကဗျာချိုချိုစံအိမ်ကြီးဟာ လေးထပ်တိုက်ကြီးတစ်ဆောင်ပဲ၊ အိမ်ရဲ့ပတ်ဝန်းကျင်မှာ တောတောင်လျှိုမြောင်နဲ့ ရေတံခွန်တွေ၊ မြစ်ချောင်းတွေရှိတယ်၊ စံအိမ်ထဲနဲ့ခြံထဲကို ဝင်နိုင်ထွက်နိုင်ဖို့တံခါး ပေါက်တွေ အတော်များများတော့ ရှိပါတယ် . . ."

"ဒါပေမယ့် စံအိမ်ထဲဝင်ဖို့မပြောနဲ့၊ ဝန်းကျင်နားတောင် သွားသိလို့မရဘူး ဆရာမင်းတင်ဒွေး . . ."

အရာရှိစကားတွေကိုလည်း နားထောင်ရင်း ကဗျာချိုချိုစံအိမ် ကြီးနှင့် ပတ်ဝန်းကျင်ကို မင်းတင်ဒွေးသည် စူးစိုက်ကြည့်နေမိချေ၏။ နောက် စံအိမ်နှင့်ဝန်းကျင်တို့ ပျောက်ကွယ်သွားကြပြီး . . .

အမျိုးသမီးချောချောလေးများတစ်ယောက်စီ ပေါ်လာကြပြန်

www.burmeseclassic.com



၍ ကြည့်နေရင်းက မင်းတင်ဋ္ဌေးမှာ ထူးဆန်းအံ့သြနေဟန်ဖြင့် ထူထဲသော မျက်ခုံးကြီးနှစ်ဖက်မှာ စုံတွန့်နေမိရပါလေတော့၏။ ဆားနားမှာ အရာရှိက အမျိုးသမီးလေးတွေ၏ နာမည်လေးတွေကို တစ်ယောက်ချင်း ပြောပြနေလေသည်။

"ဒါက ပထမအတွင်းရေးမှူး စပျစ်လို့ခေါ်တယ်၊ သူနေတာက စတုတ္ထထပ်မှာ . . ."

"ဒါကတော့ ဒုတိယအတွင်းရေးမှူးမလေး သစ်တော်၊ သူက တတိယထပ်မှာ တာဝန်ကျတယ်. . ."

"သူကျတော့ တတိယအတွင်းရေးမှူးမလေး မက်မွန်တဲ့ ဒုတိယထပ်မှာ တာဝန်ကျတယ်. . ."

"သူကတော့ စတုတ္ထအတွင်းရေးမှူးမလေး သရက်တဲ့ မြေညီထပ်မှာ တာဝန်ကျတယ်၊ မြေညီထပ်ရဲ့ အောက်ဆုံးမှာ မြေအောက်ခန်းလည်းရှိသေးတယ်. . ."

"အဲ. .ကျန်တဲ့မိန်းကလေးတွေကတော့ နာနတ်၊ ပန်းသီး သခွား၊ ခရမ်း၊ သလဲ၊ ရှောက်ချိုလို့ ခေါ်ကြတယ်၊ ဒီမိန်းကလေးတွေက





အကုန်တော့ ဟုတ်ဟုတ်ဟန်ဟန်မတူသေးဘူး၊ နောက်ထပ်ရှိဦးမယ်လို့တော့ ထင်တယ်လေ. . ."

"ရိုက်ယူနိုင်ခဲ့တာကတော့ ဒီလောက်ပါပဲ၊ နောက်ထပ်အရေးကြီးတာကို ဆက်ပြမယ်. . ."

အရာရှိကြီး၏စကားအဆုံးတွင် ရုပ်ရှင်ပြစက် ဆလိုက်မီးမှ ခန်းသားပေါ်သို့ ထူးခြားသောအရိပ်တစ်ခုပေါ်လာလေရာ၊ မင်းတင်ဋ္ဌေး၏အကြည့်တို့သည် ရှိုင်းခနဲရှိသွားရပြီးသော်၊ ကိုယ်သည်လည်း အနည်းငယ် ကြွရွသွားလိုက်ရပါချေ၏။

မှန်သည်။ အဘယ်ကြောင့်ဆိုသော် မြင်တွေ့ရသောအရိပ်ကြောင့် မင်းတင်ဋ္ဌေးအနေဖြင့် ပို၍ထူးခြားစွာ စိတ်ဝင်စားသွားမိရခြင်းကြောင့်ပါတည်း။

ထိုအရိပ်မှာ ရုပ်သေမဟုတ်တော့၊ ရုပ်ရှင်ဖြစ်နေလေသည်။ ထိုအရိပ်အား မျက်တောင်ပင်မခတ်အားနိုင်၊ စူးစိုက်စွာကြည့်နေဆဲ ဆားနားမှ အရာရှိကြီးစကားသံက ပေါ်လာသည်။

"အဲဒါ ကဗျာချိုချိုစုံအိမ်ရဲ့ အရှင်သခင်မလေးပဲ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



မင်းတင်ဌေး . . ."

"ဟင်. . ."

မင်းတင်ဌေး အံ့သြသွားသည်။ အရာရှိအား မေးခွန်းကိုဖြင့် သူတစ်ခွန်းမျှ ပြန်မမေးမိသေးပဲရှိ၏။ အရာရှိက စကားကိုဆက်သည်။

"ကဗျာချိုချိုစံအိမ် အရှင်သခင်မလေးရဲ့နာမည်က လိမ္မော်ချို တဲ့. . ."

"လိမ္မော်ချို. . ."

စိတ်ထဲမှ ထိုအမည်အား မင်းတင်ဌေး ရေရွတ်မိသည်။

"အဟင်း. .ဟင်း. .ဟင်း. . ."

ရုပ်ရှင်ထဲမှ သူမရယ်သံအား မင်းတင်ဌေး ကြားနေရသည်။ ရယ်သံသည်ပင် အနုပညာတဲ့ရှိယာဗစွည်းများ လိုက်၍မမီသည့် အသံလေးရယ်ပါလား။ ဖန်သားပေါ်မှ သူမ၏ရွှေရုပ်လွှာနှင့် ရွှေရောင် အပြုံးလေးတို့သည် မင်းတင်ဌေးအား ဖမ်းစားနေလေယောင်ပါ တကား။

"ဟင်း. . ."





ရင်တွင်းသက်မကို တိတ်တိတ်ချပြီး အကြည့်ကို မင်းတင်ဌေး တစ်ချက်လွှဲမိသည်။ အတန်ကြာကြာ သူမလွှဲမိ၊ ပြန်၍ အကြည့်တွေ ဆုတ်ရ၏။

သူမ၏လမ်းလျှောက်ဟန်၊ လက်ကလေးတွေလွှဲဟန်၊ လက် အလေးတွေပိုက်ဟန်၊ ခုံတန်းပေါ်တင်ပါးလွှဲလေးဝင်ထိုင်ဟန် စသည့် အနက်ကလေးများသည်ကပင်လည်း သူမသည် ထူးခြားဆွဲဆောင်နိုင် စွမ်းလှပေ၏။

"ရှမ်းရှမ်းရေ ပြန်လာပါကွယ်၊ မင်းကိုကြောက်လို့ ဟိုမှာ ဆဲရေပါတော့မယ်. . ."

စကားသံလေး၊ လိမ္မော်ချိုရဲ့ စကားသံလေးရယ်။ မင်းတင်ဌေးနားစည်ဝယ် ချိုအီ၍စိမ့်ဝင်ရပါလေ၏။

"ဟင်း. . ."

သက်မတောအား မင်းတင်ဌေး ချမိပြန်ပါသည်။ ဘာရယ် ကြောင့်မှန်း သူကိုယ်တိုင်လည်း မသိ။ မပြောမဆိုတတ်ပါလေတော့။ တစ်ခုတော့ရှိသည်။ မင်းတင်ဌေးသိနေသည်က သူမအား



www.burmeseclassic.com

www.burmeseclassic.com



ခြင်တွေလိုက်ရသည့် တစ်ခဏ၌ သူမ၏ရွှေရုပ်လွှာနှင့် ရွှေရောင်အပြုံးလေးများကြောင့် မင်းတင်ဒွေးရင်ထဲ တစ်မျိုးကြီးမှ တကယ့်ကို တစ်မျိုးကြီး ထူးခြားဆန်းကြယ်စွာ လှုပ်ရှားနေမိရပါလေသတည်း။

မင်းတင်ဒွေး မည်မျှစိတ်တွေ လွတ်သွားလိုက်ရမှန်းမသိ။ ခုမှ အရာရှိကြီးအသံကို သူကြားမိရသလို ရှိတော့သည်။

"လိမ္မော်ချိုရဲ့ အသက်ဟာ သိပ်မကြီးလှသေးဘူး ဆရာမင်းတင်ဒွေး၊ ခုမှ နှစ်ဆယ်လောက်ပဲ ရှိဦးမယ်၊ ဒီစံအိမ်ဟာ သူတို့ရဲ့ ဘိုးဘွားစဉ်ဆက် စံအိမ်ကြီးပဲ. . ."

"လိမ္မော်ချိုဟာ နောက်ဆုံးတစ်ဦးတည်း ကျန်တဲ့မျိုးဆက် ဖြစ်တယ်၊ ပြောရရင် ခေတ်အဆက်ဆက်ကတည်းကပဲ ဒီစံအိမ်ကြီး ထဲကို အယ်သူစိမ်းတစ်ဦးမှ ဝင်ခွင့်မရခဲ့ဘူး၊ ဆရာမင်းတင်ဒွေး—"

"သက်ဆိုင်ရာက ကြိုးပမ်းနေတာတော့ ကြာပါပြီ၊ လိမ္မော် ဟာ ပညာအရည်အချင်းကတော့ တန့်နှောင်းမြို့မှာပဲ ဆယ်တန်း အောင်ထားတာ၊ ကျောင်းဆက်မတက်တော့ဘူး. . ."

"ကျောင်းဆက်မတက်တော့ပဲနဲ့ စီးပွားရေးနဲ့ယှဉ်နေတဲ့





ကြီးတွေကို ကျူးလွန်ခဲ့တယ်၊ အစကတော့ ပိရိလွန်းရော့ မထင်ပါဘူး၊ သို့လော သို့လောပဲ၊ ခုတော့ သေချာသွားပြီ ဆရာမင်းတင်ဒွေး..."

"ကျွန်တော်တို့ ဒီကလွှတ်လိုက်တဲ့ လူနှစ်ယောက်ထဲက တစ်ယောက်တော့ ရှောသွားပြီ၊ သူသတ်တာပဲလေ၊ ဟိုတစ်ယောက် လည်း သတ်မယ်ဆိုတာတော့ သေချာပါတယ်. . ."

ပြစက်ထဲမှ လိမ္မော်ချိုရွှေရုပ်လွှာကို ကြည့်နေဆဲ၊ ပြစက်က ပိတ်သွားပြီမို့ မီးတွေပြန်လင်းလာသည်။

"ဒါက ဓာတ်ပုံတွေ၊ ဆရာမင်းတင်ဒွေး ကြည့်ပါဦး. ."

စားပွဲပေါ်တင်ပေးလာသည့် ဓာတ်ပုံတွေကို မင်းတင်ဒွေး တစ်ခုချင်းယူကြည့်မိသည်။ အထူးသဖြင့် ရွှေရောင်အပြုံးနှင့် လိမ္မော်ချို ဓာတ်ပုံအား သူ အတန်ကြာ စူးစိုက်ကြည့်မိပါ၏။ အရာရှိကြီးက စကားကိုဆက်သည်။

"ကျွန်တော်တို့ ဒီကလွှတ်လိုက်တဲ့သူ နှစ်ဦးဟာ သေဒဏ်နဲ့ တစ်သက်တစ်ကျွန်းပေးထားခံရတဲ့ တရားခံနှစ်ယောက်ပါ၊ ခင်ဝေဆိုတဲ့ အမျိုးသမီးကို မက်မန်းဆိုတဲ့အမည်နဲ့ ကဗျာချိုချိုစံအိမ်ကြီးထဲကို



www.burmeseclassic.com

www.burmeseclassic.com



ဝင်နိုင်ဖို့ ကြိုးစားခိုင်းလိုက်တယ်. . .”

မြင့်အောင်ဆိုတဲ့ လူကိုလည်း တစ်ဖက်တစ်လမ်းကနေပြီး ဒီစံအိမ်ရဲ့အနေအထား အားလုံးကို ရအောင်ယူခိုင်းတယ်၊ ဒီတာဝန်ကို သူတို့လုပ်နိုင်ရင် သူတို့အတွက် အပြစ်ဒဏ်က လွတ်ငြိမ်းချမ်းသာခွင့် ပေးမယ်လေ. . .”

“မအောင်မြင်ရင်တော့ သူတို့အပြစ်နဲ့ သူတို့ခံပေါ့၊ ထွက်ပြေးလို့လည်း မရဘူး၊ ကျွန်တော်တို့လူတွေ ဟိုမှာအတော်များများ ရောက်နေတယ်လေ. . .”

“အခုဒီသတင်းတွေ ရလာတာကလည်း သူတို့နှစ်ယောက်ကပဲ အသက်နဲ့ရင်းပြီး ဆောင်ကျဉ်းပေးလို့ ရတာပါပဲ၊ ခင်မေရဲ့နားကပ်နှစ်ဘက်ဟာ အသံဖမ်းစက်နဲ့ ကင်မရာလေးပဲလေ. . .”

“လိမ္မော်ချိုကို မြင်ရဖို့ဆိုတာ မလွယ်တော့၊ မြင့်အောင်ကို ခင်မေက အကြံအဖန်နဲ့ ဖမ်းနိုင်ခဲ့သလိုလုပ်ပြီး၊ လိမ္မော်ချိုဆီ ကိုယ်တိုင်သတင်းပေးရတယ်၊ အဲဒီလိုမှပဲ လိမ္မော်ချိုဆိုတာကို မြင်ရတာ. .”

“ခု. .ခင်မေလည်း သေပြီထင်တယ်၊ မြင့်အောင်ကတော့





တနင်္ဂနွေမြို့အလွန်မှာ ကျွန်တော်တို့ဘက်က အသင့်စောင့်နေတဲ့လူနဲ့ နေ့ဝက်ဆုံးတွေ့ပြီး၊ နည်းနည်းပါးပါး စကားပြောပြီးတာနဲ့ သေဆုံးသွားခဲ့တယ်. . .”

“အင်း. .လိမ္မော်ချိုဟာ အသက်ကလေးကလည်း ငယ်ငယ်၊ ရုပ်ကလေးကလည်း ရွှေရုပ်ကလေးတမျှ ချောလှပါပေရဲ့၊ ဒါပေမယ့်.”

“အဟွန်း. .သူရဲ့ ရွှေရောင်အပြုံးဟာ တကယ့်ကို ကြောက်စရာကောင်းနေရတာပေါ့နော် ဆရာ. . .”

ဓာတ်ပုံကိုကြည့်ပြီး မင်းတင်ဋ္ဌေးကဆိုသည်။ မင်းတင်ဋ္ဌေးစိတ်ဝင်တစား ပြောလိုက်သောစကားအား အရာရှိကြီးမှာ အပြုံးဖြင့် ခေါင်းတညိတ်ညိတ် ရှိနေပါလေ၏။

“ပြီးတော့ ဆရာမင်းတင်ဋ္ဌေး သတိထားမိသလား၊ သူ့အနီးမှာ လူအဖော်ကိုမထားဘဲ ခွေးကြီးနှစ်ကောင်ပဲ ထားတာလေ. .”

“ဟုတ်ကဲ့၊ ကျွန်တော်အားလုံးကို သတိထားမိပါတယ် ဆရာ. . .”

“အင်း. .သူ့အကြောင်းနဲ့ သူ့စံအိမ်ကတော့ အခုမြင်တွေရ

www.burmeseclassic.com

www.burmeseclassic.com



သမျှ အကုန်အစင်ပါပဲ၊ လုံလုံလောက်လောက်လည်း ရှိမယ်လို့ ကျွန်တော်ထင်တယ်၊ ဘယ်နှယ့်လဲ ဆရာမင်းတင်ရွှေး. . ."

"ဟုတ်ကဲ့ ဆရာ၊ အားလုံးပြည့်စုံသလောက်တော့ ရှိပါတယ် ဆရာ. . ."

"ဒါဖြင့် ဒီပုံတွေကြည့်ပြီး အရင်ဆုံး ဆရာမင်းတင်ရွှေး လေ့လာထားလိုက်ပါဦး. . ."

"ဟုတ်ကဲ့ ဆရာ. . ."

"ပြီးတော့ ဆရာမင်းတင်ရွှေး အမြန်ဆုံးတန့်နောင်းကို သွားနိုင်ဖို့လည်း ကြိုးစားပါ၊ ကဗျာချိုချိုစံအိမ်ရဲ့ ရာဇဝတ်မှုတွေကို အမြန်ဆုံးဖော်ထုတ်ပါ ဆရာမင်းတင်ရွှေး. . ."

"ဟုတ်ကဲ့ စိတ်ချပါဆရာ. . ."

"မသွားခင်တော့ ဆရာမင်းတင်ရွှေး သိချင်တာတွေရှိသေးရင် လိုအပ်ရင်ပေါ့လေ၊ ကျွန်တော့်ကို ထပ်မေးပါ. . ."

"ဟုတ်ကဲ့ဆရာ၊ ဒါဖြင့် ကျွန်တော့်ကို ခွင့်ပြုပါဦး. . ."

"ကောင်းပြီ ဆရာမင်းတင်ရွှေး. . ."





ရုပ်ရှင်ပြစက်ခန်းထဲမှ အရာရှိကို အရိုအသေပေးခဲ့ပြီး မင်းတင်ရွှေး ပြန်ထွက်ခဲ့လေသည်။

သည့်နောက် မင်းတင်ရွှေးသည် အိမ်သို့ပြန်လာခဲ့လေ၏။

'ကဗျာချိုချိုစံအိမ်တဲ့. . .'

ကဗျာချိုချိုစံအိမ်ရဲ့ အရှင်သခင်မလေး လိမ္မော်ချိုတဲ့၊ လိမ္မော်ချို. .လိမ္မော်ချို၊

သူ့ရဲ့ ရွှေရုပ်လွှာနဲ့ ရွှေရောင်အပြုံးတွေက တကယ့်ကို ထူးခြားနေတာပဲ. . .

လူကိုတောင် မမြင်သေးဘူး၊ သူ့ရဲ့ ရွှေရောင်အပြုံးကြောင့် ငါ့ရဲ့တည်ငြိမ်လွန်းပါတယ်ဆိုတဲ့ စိတ်တွေတောင် ကယောင် ချောက်ချားဖြစ်သွားလိုက်တာ. . .

ဟင်း. .လိမ္မော်ချို၊ မင်းဟာ ရွှေရောင်အပြုံးပိုင်ရှင်အလှနဲ့ ဒီနေ့မချောလေးပါပဲလားကွယ်..."

လူချောလူဖြောင့် ရဲအရာရှိကြီးမင်းတင်ရွှေးကား သုံးဆယ် ဝန်းကျင်ရှိပြီဖြစ်သည့် သူ့တစ်သက်နှင့်တစ်ကိုယ်တွင် တစ်ကြိမ်မျှ



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ပေါ် မခံစားဖူးခဲ့သော စိတ်လှုပ်ရှားမှုကြီးများအား ခံစားရင်းမှ အိမ်အပြန်လမ်းတစ်လျှောက်ဝယ်. . .

လိမ္မော်ချိုမည်သော ရွှေရောင်အပြုံးပိုင်ရှင်မလေး အလှနှင့် အကြောင်းများအား လေးနက်စွာ တွေးတော သုံးသပ်နေမိရပါသတည်း။

❖ ❖ ❖



— ငါး —

ညဉ့်။ နာရီပြန်တစ်ချက်။ လူတွေအိပ်မောကျချိန်ပါပေ။

သို့သော် ကဗျာချိုချိုစံအိမ်ကြီးထဲမှ လိမ္မော်ချိုမည်သော အလွန်တရာ လှပမောလှပသည့် မိန်းမချောလေးကမူ. . .

တိတ်ဆိတ်နေသော စံအိမ်ကြီးရှိ မြေအောက်ခန်းကြီး ...နေရာ၌၊ ရမ်းရမ်းနှင့်ကားကားဆိုသည့် သူမ၏ခွေးကြီးနှစ်ကောင် ...အတူ သွားလာလှုပ်ရှားနေသည် မဟုတ်ပါတကား။

မှန်သည်။ လိမ္မော်ချိုသည် မြေအောက်ခန်းကြီးထဲမှ ...သတ္တဝါတွေလိုလိုမျိုး၊ သံပုံးတွေကို တစ်ခုဆီ စနစ်တကျ စစ်ဆေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြည့်နေခြင်းပါ။

စိတ်တိုင်းကျ စစ်ဆေးကြည့်ရှုခဲ့ပြီးမှ သူမအိပ်ခန်းဆီသို့ လျှို့ဝှက်လှေကားတစ်ခုမှ ပြန်ရောက်လာခဲ့ပါ၏။ အိပ်ခန်းဆီသို့ ပြန်ရောက်လာခဲ့ပေမယ့် လိမ္မော်ချိုသည် အိပ်စက်ခြင်းမရှိသေးပါလေ။

ညင်သာညက်ညောသော လှုပ်ရှားမှုကလေးများနှင့် အခန်းထဲ သူမလမ်းလျှောက် နေပါသေးသည်။ သည့်နောက် ရမ်းရမ်းနှင့် ကားကားနား ရပ်လိုက်ပြီး. . .

"ရမ်းရမ်းနဲ့ကားကားရေ၊ မင်းတို့နေရာမှာ သွားအနားယူနေကြပါတော့ကွယ်၊ မမလိမ္မော်တော့ မအိပ်သေးဘူး၊ လေသာဆောင်မှာ ထွက်နေဦးမယ်နော်. . ."

လှပလွန်းသော အပြုံးလေးနှင့် ရမ်းရမ်းနှင့်ကားကားတို့ခေါင်းကိုပွတ်သပ်ပြီး လိမ္မော်ချိုဆိုသည်။ သူမစကားအဆုံး လူစကားနားလည်လွန်းသော ခွေးကြီးနှစ်ကောင်ကား လိမ္မော်ချို၏အိပ်ရာကြေးရုတင်ကြီး အောက်နားမှ မွေးပွကော်ဇောပေါ်ကြီးထက်တွင် သွားရောက်အိပ်နေလိုက်ကြပါသတည်း။





လိမ္မာကြလွန်းသည့် သက်တော်စောင့် ခွေးကြီးနှစ်ကောင်ဆီကြည့်ပြီး ကျေနပ်စွာ လိမ္မော်ချို ပြုံးကြည့်နေမိသည်။ ပြီးမှ လေသာဆောင်ဘက်ထွက်သည့် အခန်းတံခါးကိုဖွင့်ပြီး လေသာဆောင်ဘက်သို့ ထွက်ခဲ့လိုက်လေ၏။

ဝရန်တာလက်ရမ်း ပန်းသံတိုင်လေးများတွင် ကဖ်ရင်းဝရန်တာတစ်လျှောက် လိမ္မော်ချို လမ်းလျှောက်နေလိုက်သည်။ တစ်နေရာအရောက် ခြေစုံလေးရပ်ကာ လက်ရန်းထက် လက်ကလေးနှစ်ဖက်ထောက်ရင်း ကောင်းကင်ထက်သို့ မော့ကြည့်လိုက်၏။

ကောင်းကင်ထက်၌ ငွေလမင်းကြီးကား ရှိမနေပါ။ သို့သော်ကြယ်ရောင်လေးတွေကြောင့် ကောင်းကင်ကြီးကိုတော့ လိမ္မော်ချိုမြင်တွေ့နေရပါသည်။

"အင်း .မနက်ဖြန်ကျရင် နာနတ်နဲ့သလဲကို တရုတ်ပြည်သော် အရင်လွှတ်လိုက်ရမယ်၊ လမ်းမှာ အခြေအနေကောင်းတယ်ဆိုမှ ပစ္စည်းတွေနဲ့အတူ ဝန်းသီးနဲ့ပုလဲကို လွှတ်ရမယ်. . ."

"ငါ့လက်ထက်မှာ ကဗျာချိုချိုစံအိမ်ရဲ့ စီးပွားရေးဟာ ယမေ



www.burmeseclassic.com

www.burmeseclassic.com



မေမေတို့ထက်သာတယ်၊ ဘိုးဘိုးတို့လက်ထက်က စီးပွားရေးကို မီတယ်. . ."

ကောင်းကင်ကြီးဆီကြည့်ဆဲ ရွှေနှုတ်ခမ်းလွှာ အိအိလေးမှ ရွှေရောင်အပြုံးလေးများတွဲခိုရင်း၊ ရင်ထဲ၌ လိမ္မော်ချို ဆိုနေမိခြင်းပါ။

တရုတ်ပြည်နှင့်နီးစပ်သော မြန်မာပြည်၏ နယ်စပ်မြို့လေး တစ်မြို့ဖြစ်သည့် တန့်နောင်းမြို့ကလေးကား နဝိုကမှ စိမ်းမှောင်နေ သည့် တောတောင်လျှိုမြောင်တွေကြောင့် ယခုကဲ့သို့ ငွေလမင်းကြီး ပျောက်ဆုံးနေသည့် ညဉ့်တွင်ကား. . .

ဝန်းကျင်သည် မဟူရာကမ္ဗလာကြီးတစ်ထည်နှင့် လွှမ်းခြုံ ထားသလို နေရပါသတည်း။ မဟူရာပြင်ကြီးထဲသို့ ဘာရယ်မဟုတ် လိမ္မော်ချိုသည်စူးစိုက်ကြည့်နေဆဲမှ. . .

"တန့်နောင်းမြို့ထဲမှာ ဘာတွေထူးခြားနေသလဲဆိုတာ ကိုတော့ ဝါ သွားလေ့လာရဦးမယ်၊ ပြီးတော့ ရန်ကုန်ကဆင်းလာမယ့် ကုန်သည်တွေနဲ့လည်း သန်ဘက်ခါလောက်ကျရင် စဖျစ်ကိုလွှတ်ပြီး အလုပ်ကိစ္စစကားပြောခိုင်းရဦးမယ်. . ."





အလုပ်ကိစ္စအကြောင်းတွေက လိမ္မော်ချို ခေါင်းထဲတန်းစီ နေသည်။

မှန်သည်။ တကယ်တော့လည်း လိမ္မော်ချိုအဖို့ အလုပ်ကိစ္စ သည်သာ ပထမ။ အလုပ်ကိစ္စသည်သာ ဒုတိယ။ အလုပ်ကိစ္စသည် သာ တတိယ။

လိမ္မော်ချိုဘဝတွင် တခြားဘာအရေးမျှ တွေးစရာမရှိ၊ ငေးစရာမရှိ။ အိမ်၏စီးပွားရေးအလုပ်မှလွဲ၍လည်း လိမ္မော်ချိုသည် မည်ကဲ့သို့သော အကြောင်းကိစ္စကိုမှ စိတ်မဝင်စားတတ်ပါလေ။

ဘဝတွင်ပြည့်စုံလွန်းမက ရှိနေပြီဖြစ်သော်လည်း လိမ္မော်ချို သည် အတောမသတ်နိုင်သည့် လောဘကြောင့်ပင်လားမသိ။ ဒါမှမဟုတ် သူမသည် မိမိ၏လုပ်ငန်းများထဲတွင်သာ မျော်ပိုက်လွန်း နေရသောကြောင့်ပင်လား မဆိုနိုင်။

သူမ၏ဘဝတစ်ခုလုံးအား မျိုးရိုးစဉ်ဆက် လုပ်ကိုင်ခဲ့ သည့် စီးပွားရေးထဲတွင်သာ မြှုပ်နှံထားပါချေ၏။

ထို့ကြောင့်လည်း လိမ္မော်ချိုသည် မိမိ၏လုပ်ငန်းတွင်

www.burmeseclassic.com



အကွက်ချေအောင် လုပ်ကိုင်တတ်သည်။ ကျောင်းထွက်ပြီးကတည်းက တန့်နောင်းမြို့မှ လူများသည် လိမ္မော်ချိုအား မမြင်တွေ့ကြရတော့ သလောက်ရှိသွား၏။

တကယ်ပဲလည်း လိမ္မော်ချိုအား မြင်တွေ့ချင်တိုင်း မမြင်တွေ့ ကြရသည်က အမှန်ပါ။ လိမ္မော်ချိုသည် မိမိ၏လုပ်ငန်းများတွင် အလုပ်သမလေးများကိုသာ ပိရိအကွက်ကျစေအောင် ခိုင်းစေထားတတ် သည့် မဟုတ်ပါလား။

လိမ္မော်ချိုသည် မိမိ၏လေးထပ်တိုက်ကြီးပေါ်မှ တော်ရုံတန်ရုံ လောက်နှင့်တော့ အပြင်ကိုမထွက်။ မထွက်မဖြစ်သည့် ကိစ္စများနှင့် သူမစိတ်လိုလက်ရရှိသည့် အခါများတွင်မတော့ တန့်နောင်းမြို့အနှံ့သို့ လိမ္မော်ချိုသည် မှန်လုံကားကြီးဖြင့် လျှောက်သွားတတ်သည်တော့ လည်း ရှိပါ၏။

လိမ္မော်ချိုသည် ဘယ်သွားသွားဘယ်လာလာ သူမအနီး၌ ထာဝရမခွဲပါနေတတ်သည်က ရမ်းရမ်းနှင့်ကားကား၊ သက်တော်စောင့် သူမအဖော် ခွေးကြီးနှစ်ကောင်ပါ။





ကားမှန်မည်းကြီးများ အလုံပိတ်ပြီး မောင်းသွားလျှင် တန့်နောင်းမြို့မှ လူအားလုံးက လိမ္မော်ချိုကားမှန်းတော့ သိကြပါ ချေ၏။

သို့ပေမယ့် လိမ္မော်ချို ရွှေမင်းသမီးလေး၏ ရွှေရုပ်လွှာကိုမူ ညီသူကမျှ မြင်ချင်၍လည်း မမြင်တွေ့နိုင်ကြပါလေ။ လိမ္မော်ချိုသည် ထိုမျှအထိ မိမိကိုယ်မိမိ ကျစ်လစ်သိပ်သည်း လျှို့ဝှက်စွာ နေထိုင်တတ် ပါ၏။

သူမထိုသို့ နေထိုင်တတ်ခြင်းကြောင့်ပင်လားလည်း မဆိုနိုင်။ သူမအား လူတိုင်းက စိတ်ဝင်စားကြ၏။ သူမရုပ်ရည်နှင့် သူမ အကြောင်းကို အားလုံးကစိတ်ဝင်စားကြသည်။

သည့်ပြင် သူမနာမည်လေးကို ကြားလိုက်သည်နှင့်လည်း စိတ်ဝင်စားသည့်လူမျိုးက ရှိနေတတ်ပါသေး၏။

တွေ့ဖူး၊ မြင်ဖူး၊ အကြောင်းသိနေသူတစ်ဦးက မတွေ့ဖူး၊ မမြင်ဖူး၊ အကြောင်းမသိသူတစ်ဦးအား လိမ္မော်ချိုအကြောင်းအား ပြောပြလိုက်လျှင် ပြောသူကော နားထောင်သူပါ ရင်တခွေးခွေး



www.burmeseclassic.com

www.burmeseclassic.com



ရှိရသည်အထိ စိတ်ဝင်တစား ရှိကြရပါချေ၏။

လိမ္မော်ချိုသည် အမှောင်ဝန်းကျင်ထဲ ဘာရယ်မဟုတ်ကြည့်နေဆဲ၊ အလုပ်ကိစ္စအကြောင်းများလည်းတွေးရင်း အတန်ကြာသည်အထိ ဝရန်တာတွင် ထွက်ရပ်နေပြီးကာမှ အိပ်ခန်းတွင်းသို့ သူမပြန်ဝင်ခဲ့ပါလေ၏။

အိပ်ခန်းတွင်းရောက်သည်တွင် လိမ္မော်ချိုသည် အခန်းမီးကိုပိတ်လိုက်ပြီး ညအိပ်မီးသီးပြာပြာလေးကို ထွန်းထားလိုက်သည်။ ထို့နောက် ညအိပ်မီးရောင်ပြာပြာလေးအောက်၌ ဝင်းနေသည့်ကြေးခုတင်အိပ်ရာကြီးထက် လိမ္မော်ချိုသည် သက်တောင့်သက်သာလှဲလျောင်းလိုက်လေသည်။

ရေမြုပ်မွေ့ရာအိအိကြီးထက် လိမ္မော်ချိုသည် ကိုယ်ခန္ဓာကိုလျော့ချလိုက်ပြီး မျက်ဝန်းလေးများကို မှေးမှိတ်လိုက်သည်။

မကြာလိုက်ပါ။ သာသာယာယာဖြင့် လိမ္မော်ချိုသည် အိပ်ပျော်သွားဟန် ရှိပါ၏။

လိမ္မော်ချို၏ ပြန်၍အိပ်ရာဝင်ချိန်သည် နာရီပြန်သုံးချက်





ထိုသို့ညဥ့်ချိန်၌ ထ,ပြီး လုပ်ကိုင်ရသည့် လုပ်ငန်းများသည် လိမ္မော်ချိုအတွက် ညစဥ့်တော့ဖြင့် မဟုတ်လေပါ။

အရေးကြီး ကြီးသလို၊ စိတ်ကူးရလျှင်လည်း ရသလို ထ,လုပ်တတ်သည့် လိမ္မော်ချိုအကျင့်သာ ဖြစ်ပါ၏။

ဖူးဖူးရွှန်းစက် မှုန်အိညက်သော ယင်ဖိုပင် မသန်းဘူးသည့်အပျိုစင်ကညာ လိမ္မော်ချို တစ်ဦးတည်း နေထိုင်သည့် ခမ်းနားလွန်းသော အဆောင်တော်ကြီးကား ညအိပ်မီးရောင် ပြာပြာလေးအောက်ဝယ် တိတ်ဆိတ်ငြိမ်သက်သွားပြီ ဖြစ်သတည်း။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

– ခြောက် –

"အား. . ."

မင်းတင်ဒွေး ထောင်ခြောက်မိသွားပြီ။

"ဟား. .ဟား. .ဟား. .ဟား. .ဟား. . ."

မင်းတင်ဒွေးအဖြစ်အား သဘောကျသည့် ရယ်သံကြီးတစ်သံက တောတောင်များအလယ် ဟိန်းလျက်ထွက်ပေါ်လာ၏။

သည့်နောက် ထိုလူများ မင်းတင်ဒွေးရှေ့သို့ ရောက်လာ၏။

"ဟား. .ဟား. .ဟား. .ဘယ်လိုလဲ ဦးမင်းတင်ဒွေးရဲ့၊





ခုတော့ ခင်ဗျားဘာတတ်နိုင်သေးလဲ. . ."

သစ်ကိုင်းကြီးတစ်ကိုင်းပေါ်မှ ကြိုးတစ်ချောင်းတွင် ဇောက်ထိုး တွဲလောင်းကြီး ကျနေသည့် မင်းတင်ဒွေးအဖြစ်ကို ကြည့်ပြီး ဆဲ့အက်မှုက်ရတနာ မှောင်ခိုရာဇဝင်ကြီး ဦးခရာကား သည်တစ်ချီတော့ မင်းတင်ဒွေးအား အပိုင်ကိုင်နိုင်သွားရပြီမို့ သဘောအကျကြီး ကျနေရပါချေတော့၏။

မင်းတင်ဒွေးမှာ ဦးခရာဆင်ထားသည့် ထောင်ချောက်ကြီး၌ တွဲလောင်းကြီးဖြစ်ကာ ရှိနေပါသော်လည်း. . .

မင်းတင်ဒွေး အနေအထားက စိုးစဉ်းမျှ မတုန်လှုပ်သယောင်ဖြင့်. . .

"ဒီမှာ ဦးခရာ၊ ကျုပ်ကိုမိလို့ ခင်ဗျားကိုယ်ခင်ဗျား လွတ်ပြီထင်နေသလား. . ."

"ဟား. .ဟား. .ဟား. .ကျွန်တော ကျုပ်ဂရုမစိုက်ပါဘူး ဦးမင်းတင်ဒွေးရဲ့၊ အခိုကက ခင်ဗျားပဲလေ၊ ခင်ဗျားကို ခုလိုမိထားမှ တော့ ကျွန်တာတွေက ငှက်ပျောသီးအခွံနွှာစားရတာမှ ခက်ပါဦးမယ်

www.burmeseclassic.com



ဗျာ. . ."

"အဟွန်း. .ဟွန်း. . ."

မင်းတင်ဌေးရယ်သည်။

ချော်မွေ့စွာရယ်နိုင်နေသည့် မင်းတင်ဌေးဆီ ဦးခရားမှာ မျက်မှောင်တွန့်ကြီးဖြင့် တစ်ချက်စိုက်ကြည့်မိသွားရပြီးမှ. . .

"ဦးမင်းတင်ဌေး၊ ခင်ဗျားကတော့ တကယ့်ကို တော်တဲ့ ရဲအရာရှိတစ်ယောက်ပါပဲဗျာ၊ ခင်ဗျားရုပ်ရည်က ရဲအရာရှိတစ်ယောက် နဲ့ မတူဘူးဗျာ. . ."

"ခင်ဗျားရုပ်ရည်က ရုပ်ရှင်မင်းသားတွေတောင် ရှုံးတဲ့ရုပ်မျိုး ပဲ၊ ခင်ဗျား ရုပ်ရှင်မင်းသားလုပ်ခဲ့ရင် ခုလိုတောကြီးတောင်ကြီးထဲ ပင်ပင်ပမ်းပမ်း. . ."

"တော်စမ်း. .ခင်ဗျား ဘာတွေပြောနေတာလဲ၊ ဟွန်း. . ကျုပ်က ခင်ဗျားလက်ခုပ်ထဲက ရေပဲဗျာ၊ ခင်ဗျားကြိုက်သလို ကျုပ်ကိုလုပ် ဒါပဲ၊ အပိုတွေမပြောနဲ့. . ."

"ဟား. .ဟား. .ဟား. .ဦးမင်းတင်ဌေး၊ ကျုပ်ဟာ ဦးနှောက်





ကောင်းလို့သာ ဒီတောကြီးထဲမှာ ကေရာဇ်တစ်ဆူ ဖြစ်နေတာပေါ့ဗျာ၊ ကျုပ်က ခင်ဗျားကို ဘာမှလုပ်စရာမလိုဘူး. . ."

"ဒီနေရာမှာ ကျုပ်ကိုယ်ကျုပ် တရားခံလည်း လုပ်စရာ မလိုဘူး၊ ဒီတော့ ဒီတောကြီးထဲမှာ ခင်ဗျားကို ဒီအတိုင်းပဲထားသွားရုံပဲ၊ ညမိုးချုပ်တဲ့အခါကျတော့ ဒီတောထဲက သားကောင်တွေက ခင်ဗျား ကိစ္စကို ရှင်းသွားပေးမှာပေါ့၊ ဟား. .ဟား. .ဟား. . ."

ဦးခရားစကားကို မင်းတင်ဌေး သဘောပေါက်လိုက်သည်။

တကယ်တော့ ကချင်ပြည်နယ်ဘက်မှ ထူထပ်စိမ်းမှောင်သော တောကြီးတောင်ကြီးတွေထဲ သားရဲတိရစ္ဆာန်တွေက ပေါလွန်းလှသည် မဟုတ်ပါလား။

ဦးခရားရည်ရွယ်ချက်က သူ့လက်ဖြင့် မိမိကိုသတ်စရာမလို။ ညရောက်လျှင် သားရဲတိရစ္ဆာန်တွေနှင့် မိမိအား ထိပ်တိုက်တွေ့လိုက် ရုံနှင့် မိမိကိစ္စကပြီးနေကြောင်း. . .

ဦးခရား၏ ထိုသို့သောအကြံအစည်အား မင်းတင်ဌေး နားလည်လိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးခရားကို မင်းတင်ရွှေးစကားမဆိုတော့။ မင်းတင်ရွှေး မျက်နှာချောချောက သောင်ချောက်တန်းလန်းနှင့် ရှိနေသည့်ဆဲကပင် ခပ်အေးအေးပင် ရှိနေလိုက်ပါချေ၏။

"ကဲ. .ဦးမင်းတင်ရွှေး၊ ကျုပ်ကိုတော့ ခင်ဗျားဘယ်လိုမှ မထင်ပါနဲ့ဗျာ၊ ဟဲ. .ဟဲ. . ."

ဦးခရားဆိုရင်း မင်းတင်ရွှေးအနီး ကပ်သွားလိုက်သည်။ သည့်နောက် မင်းတင်ရွှေးကိုယ်ထဲမှ လက်နက်တွေကို ရှာဖွေရင်း ဦးခရားထုတ်ယူလိုက်၏။

သေနတ်တစ်လက်နှင့် ဓားမြှောင်တစ်ချောင်း။

"ဟဲ. .ဟဲ. .ဟဲ. . ."

မင်းတင်ရွှေးကိုယ်ထဲမှ ရသည့်လက်နက်တွေကိုကြည့်ပြီး ဦးခရားရယ်သည်။

ပြီးတော့ မင်းတင်ရွှေးနှင့် သုံးကိုက်ခန့်အကွာတွင် မင်းတင်ရွှေး လက်နက်တွေကို ဦးခရားပစ်ချလိုက်၏။

မင်းတင်ရွှေးက ဘာစကားမှ မဆို၊ ဦးခရားလုပ်သမျှသာ





ကြည့်နေမိချေ၏။

"ဟဲ. .ဟဲ. .ဟဲ၊ ဦးမင်းတင်ရွှေး၊ ခင်ဗျားဟာ တိုင်းပြည်ကို ချစ်တဲ့၊ တိုင်းပြည်ကိုချစ်ခင်တွယ်တာတဲ့ ရဲအရာရှိကြီးတစ်ဦး အလွန်ပဲ ဖြစ်သပါပေတယ်ဗျာ. . ."

"ဒါပေမယ့် လူသတ္တဝါဟာလည်း စီးပွားရေးအတ္တသမား တွေပဲဗျာ၊ ကိုယ့်အတွက်တော့လည်း ကိုယ်ကြည့်ရဦးမှာပေါ့၊ ခုတော့ ခင်ဗျားက ဘယ်လိုမှကျုပ်တို့နဲ့ ဆွေးနွေးလို့ကို မရဘူးဆိုတော့လဲ..."

"ဟဲ. .ဟဲ. .ခုတော့ ဘာတတ်နိုင်တော့မလဲဗျာ၊ ကီးချိန်း ကောက်တော့လည်း အနေနဲ့အမြန် သွားကြတာပေါ့၊ မဟုတ်ဘူးလား ဦးမင်းတင်ရွှေး. . ."

"ဒီမှာ ဦးခရား၊ ခင်ဗျားစကားတွေ ကျုပ် ဘာမှနားမထောင် ချင်ဘူး. . ."

"ကောင်းပါပြီဗျာ၊ စိတ်ချပါ၊ ကျွန်တော် သွားပါတော့မယ်၊ ဟဲ. .ဟဲ. .ဟဲ. . ."

ဦးခရားနှာရှိုးဆီ တစ်ချက်ကြည့်လိုက်သည်။ အချိန်မှာ နံနက်



www.burmeseclassic.com

www.burmeseclassic.com



ဆယ်နာရီခွဲရုံလေးသာ ရှိပါသေး၏။

ဦးခရားမှာ မင်းတင်ဌွေးဆီ တစ်ချက်ကြည့်ပြီး လှည့်ထွက်သွားဟန်ပြင်ပြီးမှ မင်းတင်ဌွေးထံ ပြန်ကြည့်လိုက်ပြီး မင်းတင်ဌွေးအား ကလိသလို၊ ရိသလိုဖြင့်. . .

"ဩော်. .ပြောခဲ့ရဦးမယ်၊ အားတော့နာပါတယ်ဗျာ၊ ဦးမင်းတင်ဌွေးလည်း ကျုပ်နောက်ကို လိုက်နေရတာ ဒီနေ့ဆို နှစ်ညနဲ့ တစ်နေ့ပေါ့ဗျာ၊ ဒီနေ့တော့ ဦးမင်းတင်ဌွေးနဲ့ ကျုပ်တို့စာရင်းရှင်းပါပြီနော့။ ဟဲ. .ဟဲ. .ဟား. ."

"ကျုပ်ကားကတော့ စတ်ဆီကုန်လို့ မောင်းမရတော့ဘူး၊ ဒီတော့ ခင်ဗျားရဲ့ လဲန်ခရူဆာကားလေးနဲ့ပဲ ကျုပ်ခရီးဆက်ဖို့ မ,စ လိုက်ပါလို့. . ."

"အဟွန်း. . ."

မင်းတင်ဌွေး ပြုံးလိုက်သည်။ ပြီးမှ. . .

"ဒါတော့ ခင်ဗျားသဘောပဲလေ. . ."

"ကျေးဇူးပဲ ဦးမင်းတင်ဌွေး ဟဲ. .ဟဲ. .ကဲ. .ကျုပ် သွားမယ်နော်၊ ဒီတစ်ခါတော့ ကျုပ်တကယ်ပဲသွားပါတော့မယ်ဗျာ၊ ဟဲ ဟဲ. .ဟဲ. . ."

ဆိုရင်း မင်းတင်ဌွေး မြင်ကွင်းမှ ဦးခရားတစ်ယောက် အောင်နိုင်သူကြီးနှယ် ထွက်သွားပါလေတော့၏။

မင်းတင်ဌွေး မြင်ကွင်းမှ ဦးခရား ပျောက်ကွယ်သွားလေပြီဖြစ်သည်။

မင်းတင်ဌွေးကား ထောင်ချောက်မှ လွတ်ရန် မည်သို့မျှ လှုပ်ရှားခြင်းမရှိသေးပါလေ။ ထောင်ချောက်တန်းလန်းအနေအထား နှင့်ပင်ငြိမ်လျက် နေနေသည်။

ဦးခရားတစ်ယောက် မိမိကားကို လိုက်ရှာနေမည်ကိုလည်း မင်းတင်ဌွေးစိတ်ထဲ တွက်နေမိပါ၏။

ကားက တောလမ်းလေးတစ်နေရာမှာပင် မင်းတင်ဌွေး ထားခဲ့သည်မို့ တောထဲမှထွက်သည်နှင့် လမ်းပေါ်ရောက်လျှင် မိမိကားကို ဦးခရားမြင်တွေ့နိုင်မည်ကိုလည်း တွက်ပြီးသားပါ။

စိတ်ထဲမှ ဦးခရားအကြောင်းအား တွေးရင်းနှင့်လည်း






www.burmeseclassic.com

မင်းတင်ဆွေးထောင်ချောက်ကြီးကို တစ်ချက်လှေ့လာလိုက်သည်။

သစ်ကိုင်းပေါ် မင်းတင်ဆွေးကိုယ်ကိုလှဲ၍ ရောက်နိုင်လျှ

ထောင်ချောက်ကြီးက ဖြည်ရန်မခဲယဉ်းကြောင်း သုံးသပ်မိလိုက်ပါ

ထောင်ချောက်ကြီးဆီ တစ်ချက်ကြည့်ပြီး သူ့ အသာ

ပြန်၍ ငြိမ်နေလိုက်သည်။

လက်မှနာရီဆီ မင်းတင်ဆွေး တစ်ချက်ကြည့်သည်။ ဆ

တစ်နာရီထိုးပေတော့မည်။

ဒီတောထဲမှထွက်ရန် မိမိကားကို ဦးခရား မယူဘဲနှင့်တော

လွယ်လွယ်နှင့် ခရီးဆက်နိုင်မည် မဟုတ်ကြောင်း မင်းတင်ဆွေ

သိသည်။

မိမိကားကို ဦးခရား ယူကိုယူရမည်။

"ဝုန်း. . ."

"အဟွန်း. .ဟွန်း. . ."

မင်းတင်ဆွေး အတွေးတို့ပင် မဆုံးလိုက်။ တစ်နေရာ

ပေါက်ကွဲသံကြီးအား မင်းတင်ဆွေး ကြားလိုက်ရပါသည်။





"အဟွန်း. .ဟွန်း. .ဟွန်း၊ ဦးခရားရေ၊ ဒီတစ်ခါတော့

ဦးခရား အပြီးသွားပြီလို့ ကျွန်တော့်ကိုနှုတ်ဆက်သွားတဲ့စကားက

တကယ့်ကိုမှန်တာပါပဲဗျား. . ."

"ဟား. .ဟား. .ဟား. . ."

"ဟင်. .ကိုကို. .ကိုကို. . ."

"အင်း. .ဟင်. .ဟင်. .ဘာ. .ဘာလဲ ညီညီ. . ."

မိမိအား လှုပ်ခေါ်နှိုးလာသည့် ညီဖြစ်သူကိုကြည့်ပြီး

မင်းတင်ဆွေးမှာ ရှတ်တရက်တုံ့ဆိုင်းရင်းက တအံ့တသြမေးမိသည်။

"ဟာဗျာ ကိုကို ယောင်နေတာဗျ၊ အိပ်မက်တွေမက်နေတာ

ထင်တယ်. . ."

"အဟား. .အင်း၊ ဟုတ်တယ် ညီရာ၊ ကိုကို အိပ်မက်မက်

နေတာ. . ."

ညီဖြစ်သူ မင်းတင်ခိုင်၏စကားအား မင်းတင်ဆွေးမှာ အပြုံး

ဖြင့် ဝန်ခံလိုက်ပါလေ၏။

"အဟွန်း. .ထင်သားပဲ၊ ကချင်ပြည်နယ်က ကိုကိုတာဝန်

www.burmeseclassic.com



ထမ်းဆောင်ခဲ့တဲ့အကြောင်းတွေကို ပြန်ပြီးအိပ်မက်မက်နေတာ မဟုတ်လား. . ."

"အင်း. .ဟုတ်တယ် ညီ၊ ကိုကို့စိတ်ထဲ မရှိပါဘူးကွာ၊ ဘာကြောင့် သွားအိပ်မက်မက်မှန်းမသိဘူး. . ."

"တိုက်ဆိုင်တာဖြစ်မှာပေါ့၊ သန်ဘက်ခါဆို ကိုကိုက ခရီးထွက်ရဦးမှာမဟုတ်လား. . ."

"အင်း. .ဟုတ်မယ်ထင်တယ်. . ."

ညီဖြစ်သူကိုဆိုရင်း မင်းတင်ဒွေးမျက်ဝန်းထဲ ဓာတ်ပုံထဲမှ လိမ္မော်ချိုရွှေရုပ်လွှာနှင့်အပြုံးလေးအား မြင်ယောင်မိလေ၏။

"ဩော်. .ညီညီ. . ."

"ဗျာ. .ကိုကို. . ."

"ကိုကို ဒီတစ်ခါခရီးထွက်သွားရင် ဘယ်လောက်ကြာမယ် မသိသေးဘူး၊ အဲဒါမေမေ့ကို ညီက ကိုကို့ကိုယ်စားပါထည့်ပြီး ပိုဂရုစိုက်ပေးပါနော်. . ."

"စိတ်ချပါ ကိုကိုရာ၊ ညီတို့မှာ မိသားစုမှသုံးယောက်တည်း





ရှိတာ၊ ပြီးတော့ ညီတို့အတွက် မေမေပဲရှိတော့တာ၊ မေမေ့မှ ဂရုမစိုက်ရင် ညီတို့က ဘယ်သူ့သွားဂရုစိုက်ရမှာလဲ. . ."

"ပြောတတ်ဖူးလေ၊ ညီ့မှာ မေမေ့ထက် ဂရုစိုက်ရမယ့်သူများ ရှိနေပြီလားလို့၊ အဟွန်း. .ဟွန်း. . ."

"မဟုတ်တာဗျာ၊ ညီက မေမေသဘောတူမယ့် မိန်းမမှ ယူမှာပါဗျာ၊ ကိုကိုသာနော်. .ဟွန်း. .သွားလေရာ မိန်းမတွေက ဝိုင်းနေတာ၊ ညီက မသိဘူးထင်လား. . ."

"အဟွန်း. .ဟွန်း. .ကိုကိုက စိတ်မဝင်စားပါဘူးကွာ၊ ကိုကိုလည်း ညီ့လိုပဲ၊ မေမေသဘောတူတဲ့ မိန်းမပဲယူမှာ၊ ညီကတော ဆရာဝန်လူချောဆိုတော့ ကိုကို့ထက်တောင်ပိုပြီး မိန်းမတွေ ဝိုင်းနေဦးမှာ. . ."

"တော်ပါ ကိုကိုရာ၊ ညီ တကယ် ဘာမှစိတ်မကူးသေးပါဘူး. . ."

"အေးပါကွာ၊ ကဲ. .ကဲ. .နာရီပြန်နှစ်ချက်ပဲ ရှိသေးတယ်၊ ကိုကိုတို့ပြန်အိပ်ကြရအောင်. . ."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ကိုကို. . ."

မင်းတင်ခိုင်ဆိုရင်း အိပ်ရာထက် ပြန်လှဲလျောင်းလိုက်ပြီး နဖူးပေါ်လက်တင်ထားခဲ့ကာ ရုတ်တရက် ပြန်အိပ်မပျော်သေးသဖြင့် အတွေးတို့က လွင့်ပျံ့သွားရပါလေ၏။

မှန်သည်။ ဦးခရားဆီသို့ မင်းတင်ဆွေး အတွေးများ ရောက်သွားရခြင်းပါ။

တကယ်တော့ ဦးခရားကား မိမိ၏ကားအား စက်နှိုးလိုက်သည်နှင့် ကားထဲမှကြိုတင်တပ်ဆင်ထားသည့် ဗုံးပေါက်ကွဲသွားရသဖြင့် ဦးခရားဘဝသည်လည်း နိဂုံးချုပ်သွားခဲ့ရပါသတည်း။

ရန်သူ့နယ်မြေ ရန်သူ့ဝန်းကျင်ထဲ မင်းတင်ဆွေးသည် စုံစမ်းကျက်စားနေသမျှ မိမိစီးသည့်ကားအား ရပ်ထားခဲ့လျှင် မင်းတင်ဆွေးသည် မိမိအသုံးပြုသည့်ကားထဲ၌ သင့်လျော်ရာ အမျိုးအစားနှင့်ညီသည့် ဗုံးတစ်မျိုးမျိုးအား အသင့်ဆင်ထားခဲ့စတတ်သည်။

မင်းတင်ဆွေး၏ လျှို့ဝှက်ချက်နည်းတစ်နည်းပါပေတည်း။

မင်းတင်ဆွေးသည် ဦးခရားအတွေးအား ခေါင်းထဲမှခါထုတ်





လိုက်ပြီး ပြန်၍အိပ်စက်ရန် စိတ်ကိုလျှော့လိုက်သည်။

သန်ဘက်ခါဆိုလျှင်လည်း တန့်နောင်းမြို့သို့ သူတာဝန်နှင့် ခရီးထွက်သွားရဦးတော့မည်မို့ မင်းတင်ဆွေးကား မသွားခင် ထိုအပ်မည့် အစီအစဉ်များအား စိတ်ကူးရင်းဖြင့် နောက်ဆုံးသော ခြန်လည်ကာ အိပ်ပျော်သွားရပါလေသတည်း။ ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## – ခုနစ် –

"ကဲ. .သား တာချီလိတ်ခရီးစဉ်က လူတွေခေါ်နေပြီ၊ သား အထဲဝင်တော့. . ."

မိခင်ကြီး ဒေါ်ဆွေဆွေ၏ မိမိပခုံးကို ဆုပ်ကိုင်ကာ ဆိုလာသည့်စကားကြောင့် မင်းတင်ဋ္ဌေးသည် ခရီးစဉ်အရ အဝင်အထွက်ဂိတ်မှ ခရီးသည်များ ဝင်ရောက်သွားကြသည်ကို တစ်ချက် လှမ်းကြည့်ပြီး မိခင်ကြီးနှင့် ညီဖြစ်သူထံ ပြန်ကြည့်ရင်းက. . .

"မေမေ. .ကျွန်တော့်ကိုစိတ်ချပါနော်. . ."

"မေမေ့သားကြီးကို မေမေစိတ်မချဘူးဆိုတာ ဒီနေ့အထိ



မရှိသေးပါဘူး သား၊ မေမေ့သားတွေကို မေမေ အမြဲတမ်းစိတ်ချနေတာ၊ ယုံကြည်နေတာ၊ မေမေ့သားတွေအတွက် မေမေဟာ အရာခပ်သိမ်း တရားသောနည်းနဲ့ အောင်ပွဲဆင်နိုင်ဖို့ အမြဲဆုတောင်းပေးနေပါတယ် သား. . ."

ရဲအရာရှိဟောင်းပီပီ ဒေါ်ဆွေဆွေစကားတွေက ပြတ်ပြတ်သားသားရှိလှ၏။ ဒေါ်ဆွေဆွေ၏ ခန့်ညားချောမွေ့သော မျက်နှာသည်လည်း တည်ငြိမ်အေးချမ်းမှုတွေနှင့်ပါ။

မင်းတင်ဋ္ဌေးနှင့် မင်းတင်ခိုင်တို့မှာ သူတို့၏မိခင်ဆီ ပြိုင်တူကြည့်မိလိုက်ကြပြီး မင်းတင်ဋ္ဌေးက. . .

"မေမေပို့သနေတဲ့ မေတ္တာတွေကြောင့်ပဲ ကျွန်တော်ဟာ နေရာတိုင်းမှာ ဘေးမသီရန်မခဘဲ တာဝန်တွေကို ထမ်းဆောင်နိုင်ခဲ့ပါတယ် မေမေ၊ မေမေ့ကို ကျွန်တော် ကျေးဇူးတင်ပါတယ်. ."

ဒေါ်ဆွေဆွေ သားကြီးလက်ကို ဆုပ်ကိုင်ရင်းပြုံးသည်။

"ကိုကို. . ."

"ပြော. ညီညီ. . ."

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ညတုန်းက အိပ်မက်မက်တယ်. . ."

"ဘယ်လိုမက်လဲ. . ."

"ကိုကို့ကိုမက်တာ. . ."

"အဟွန်း. .ဟုတ်လား၊ ပြောပါဦး. . ."

မင်းတင်ခိုင်မှာ ညက သူ့အိပ်မက်ကို ပြန်စဉ်းစားသလို ရှိပြီးမှ မင်းတင်ဋ္ဌေးထံ လေးနက်စွာကြည့်သည်။

မိခင်ကြီးမှာလည်း သားငယ်၏မျက်နှာဆီကြည့်ပြီး စကားတို့ကို အပြုံးနှင့်နားစွင့်နေမိ၏။ မင်းတင်ဋ္ဌေးကလည်း ညီချောအား အပြုံးနှင့်ပင် ကြည့်နေပါလေ၏။

မင်းတင်ခိုင်မှာ အစ်ကိုဖြစ်သူအား လေးနက်စွာတစ်ချက်ကြည့်ပြီးမှ သူ့မျက်နှာချောချောမှာ ပြုံးလာရပြီး. . .

"ကျွန်တော့်အိပ်မက်ထဲမှာ ကိုကိုမိန်းမရတယ်တဲ့. . ."

"အဟွန်း. .မေမေက သဘောတူပေးစားတာတဲ့လား ညီ"

"အင်း. .အိပ်မက်ထဲမှာတော့ မေမေလည်း ကြည်ဖြူနေတယ်၊ ဒါပေမယ့်. . ."





"ဟင်. .ဒါပေမယ့် ဘာဖြစ်လဲ ညီ. . ."

"အဟွန်း. .အိပ်မက်ကလည်း တစ်မျိုးကြီးပဲ ကိုကို၊ နောက်ဆုံးမှာ ကိုကိုတစ်ယောက်တည်းပဲ တွေ့ရတယ်. . ."

"ဟာကွာ၊ မိန်းမက ဘယ်ရောက်သွားလဲ ညီရ. . ."

"မပြောတတ်ဘူး၊ ပျောက်သွားတယ် ကိုကို. . ."

"အဟွန်း. .ဟွန်း. . ."

မင်းတင်ခိုင် စကားကြောင့် မင်းတင်ဋ္ဌေး ရယ်သည်။

"ကဲ. .သားတို့ စကားသိပ်ကောင်းမနေကြနဲ့လေကွယ်၊ ဟိုမှာ ခရီးသည်တွေ ဝင်သွားကြတာ ကုန်တောင်နေပြီ၊ သားကြီးလည်း ဝင်တော့. . ."

"ဟုတ်ကဲ့ မေမေ၊ သြော်. .ညီ. . ."

"ဗျာ. . ."

"မေမေ့ကို ကိုကို့ကိုယ်စားပါ ဂရုစိုက်ပေးပါနော်"

"စိတ်ချပါ ကိုကို၊ မေမေ ဒီနားခဏစောင့်နေခဲ့နော်၊ ကျွန်တော် ကိုကို့ကို အဝင်ပေါက်နားအထိ သွားပို့လိုက်မယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"အေး အေး. . ."

ပစ္စည်းတင်လှည်းကလေးကို မင်းတင်ခိုင် တွန်းပြီး ညီအစ်ကို နှစ်ယောက် အဝင်ဂိတ်သို့ လျှောက်ခဲ့ကြသည်။ အဝင်ဂိတ်နားရောက် ခါနီးတော့ မင်းတင်ခိုင်က. . .

"ကိုကို. . ."

"ဟင်. . ."

"အိပ်မက်ထဲမှာလေ ကိုကိုရတဲ့မိန်းမက တော်တော်ချောတာ ပဲဗျာ. . ."

"ဟုတ်လား. .အဟွန်း. .ဟွန်း. . ."

"တကယ်ပြောတာ ကိုကိုရ၊ သိပ်. .သိပ်ကိုချောတာပဲ၊ မယ်စကြာ၊ မယ်ကမ္ဘာတွေတောင် ရှုံးဦးမယ်. . ."

"အဟွန်း. .ဟွန်း. .ကဲ. .ကဲ. .ကိုကို့ကို မိန်းမလှလှလေး ရအောင် အိပ်မက်မက်ပေးတဲ့ ညီ့ကို ကျေးဇူးတင်ပါသတဲ့ဗျာ၊ ကဲ.. ကိုကိုသွားမယ်၊ ညီတို့လည်း ပြန်တော့နော်၊ ဟိုမှာ မေမေ စောင့်နေ တယ်. . ."





"ဟုတ်ကဲ့ ကိုကို၊ စာလည်း မှန်မှန်ရေးဦးနော်. . ."

"ရေးမှာပေါ့၊ ညီက စာရေးတဲ့အခါ မေမေ့ကျန်းမာရေး အကြောင်းလည်း ထည့်ရေးနော်. . ."

"စိတ်ချ ကိုကို. . ."

"ကိုကို သွားမယ်. . ."

မင်းတင်နိုင် ခေါင်းညိတ်လိုက်သည်။ မင်းတင်ဌေးမှာ ညီချောအား သိုင်းဖက်လိုက်ပြီး-မိခင်ကြီးထံ တစ်ချက် လှမ်းကြည့် နှုတ်ဆက်ပြီးမှ ပစ္စည်းလှည်းကလေးကို တွန်းရင်း လေယာဉ်ရုံး အဆောက်အဦးကြီးထဲသို့ ဝင်ရောက်သွားပါလေ၏။

ပစ္စည်းတင်ကောင်တာရှေ့အရောက် ခရီးသည်အဖြစ် သူ တစ်ယောက်တည်းသာ ကျန်နေပြီမို့ လက်မှတ်ကောင်တာတွင် လက်မှတ်ပြပြီး သူ ပစ္စည်းချိန်လိုက်သည်။

ထို့နောက် ထွက်ခွာရာအခန်းသို့ ဝင်ခါနီး လက်မှတ်ပြ လက်မှတ်ထိုးပြီးသော် တာဝန်ရှိသူတွေက လုပ်စရာရှိလုပ်ကြပြီး ထွက်ခွာရာခန်းမဆီသို့ သူ ဝင်ရောက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခွာရာစခန်း၌ လေယာဉ်ထွက်ချိန်အား သူ ဘယ်လောက်မှ ထိုင်မစောင့်လိုက်ရ။

တစ်အောင့်ကြာသည်တွင် တာချီလိတ်မြို့သို့သွားမည့် ခရီးသည်များ လေယာဉ်ပေါ်သို့ တက်ခဲ့ရပါလေတော့၏။

မကြာပါ။ လေယာဉ်ကြီးသည် အင်ဂျင်နိုးသံနှင့်အတူ ပြေးလမ်းပေါ်မှဘီးလိမ့်၍ အရှိန်ယူကာ ဝေဟင်ထဲသို့ ငှက်ကြီး တစ်ကောင်အလား ပျံသန်းခဲ့ပါလေသတည်း။

မင်းတင်ဌေးသည် အောက်၌မြင်နေရသည့် မြေပြင်ပန်းချီ ကားချပ်ကြီးအား လှမ်းကြည့်ရင်း အတွေးက ညီဖြစ်သူ၏စကား များဆီ ရောက်သွားရပါချေ၏။

ဟင်း. .လီမွှော်ချို့တဲ့။ နာမည်လေးက ချစ်စရာလေး၊ လှကလည်း. .ဟင်း. . .။

ထိုအတွေးကို သူ အဆုံးမတွေးဖြစ်၊ သက်မမောသာ တစ်ချက်ချလိုက်မိ၏။

ငါ အခုလုပ်ရမယ့်အလုပ်က တခြားအလုပ်တွေနဲ့ မတူဘူး





အမျိုးသမီးချည်းပဲ လုပ်ကိုင်နေတဲ့ မသမာမှုစီးပွားရေးဂိုဏ်းထဲကို ထိုးဖောက်ဝင်ရောက်ရမှာ၊ ဟင်း. .အင်း. .ငါ ဘယ်လိုချဉ်းကပ်ရင် အဆင်ပြေမလဲ။

လီမွှော်ချို့ဆိုတဲ့ မိန်းမချောလေးကို မြင်ရဖို့က လွယ်တဲ့အလုပ် မဟုတ်လေတော့. .အင်း. . .။

မျက်ဝန်းအစုံမှိတ်ကာ မင်းတင်ဌေး စဉ်းစားနေမိသည်။ အတွေးများထဲတွင် သူ လွင့်မျောနေဆဲ လေယာဉ်ကြီးကား တိမ်စိုင် တိမ်ခဲများကြား ထိုးဖောက်ပျံသန်းလျက်ရှိပါသတည်း။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## - ရှစ် -

"မောရဏီလို ငွေပန်းချီတောင် လက်မှိုင်ချရသကိုး၊ မမမိုး
အိုး. . ."

"ဟင်. . ."

ရပ်နေကြနေရာတွင် ကားလေးကို ထိုးရပ်အပြီး ကားတံခါး ဖွင့်ကာ မြေပေါ်သို့ ခြေနုနုလေးတစ်စုံချလိုက်သည်နှင့် ကြားလိုက်ရသော စန္ဒရားလက်သံကြောင့် လိမ္မော်ချိုထံမှ အံ့သြအာမေဋိတ်သံလေးတို့ ထွက်သွားရလေခြင်းပါ။

စန္ဒရားသံလေးက မြူးမြူးညက်ညက်ကလေး ထွက်ပျံ့





နေဆဲ။ တစ်ချီတစ်ချီတွင် တိုက်ခတ်လိုက်သည့် လေအစုံတွင် စန္ဒရားသံလေးအား လိမ္မော်ချိုသည် မိန်းမူးဆွတ်ပျံ့စွာ ပို၍ ကြားမိရချေ၏။

"ဒီစန္ဒရားသံ ဘယ်ကလာနေပါလိမ့်. . ."

အဝေးနှင့် ခပ်လှမ်းလှမ်းဆီမှ တိုက်အိုကြီးများနှင့် တိုက်တန်းကြီးများဆီ လိမ္မော်ချို လှမ်းကြည့်လိုက်မိသည်။

"အရင်က တစ်ခါမှမကြားမိပါဘူး၊ ဒီနေ့မှ ထူးထူးခြားခြား ကြားရတယ်၊ လက်သံကလည်း ငြိမ့်ညောင်းချိုလွင်နေတာပဲ၊ အေးလေ ကျွမ်းကျင်ပြီး ဝါရင့်နေတဲ့သူမှသာ ဒီလိုတီးခတ်နိုင်မှာပေါ့. . ."

"ဒီလိုနေရာမျိုးမှာ ခုလိုသာယာတဲ့ စန္ဒရားသံလေးကို ကြားရတော့ ငါ့စိတ်မှာ ကြည်နူးမိတယ်၊ အင်း. .အနုပညာစွမ်းအားက ငါ့စိတ်ကိုတောင် ဆွဲဆောင်သွားနိုင်တယ်၊ အို. .ငါကဘာမို့လို့လဲ၊ ငါဟာ လူသားတစ်ယောက်၊ မိန်းမသားတစ်ယောက်ပဲ. . ."

"ဒီလိုသာယာတဲ့ သံစဉ်တွေနဲ့ အနုအလှအပတွေကို မိန်းမသားပီပီ မက်မောခုံမင်တာမျိုးပဲပေါ့၊ အဟင်း. .ဟင်း. .ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးတည်း အတွေးများနှင့် မိမိအတွေများအား သဘော
ကျကာ လိမ္မော်ချို ပြုံးသည်။ စန္ဒရားသံစဉ်လေးကို နားစွင့်ရင်း
တောရိပ်တောင်ရိပ်များဆီ လိမ္မော်ချိုသည် ကြည်နူးစွာလှမ်းကြည့်
နေမိ၏။

အတန်ကြာ တီးခတ်ပြီးသော် စန္ဒရားသံလေးများ ပျောက်
ကွယ်သွားပြီဖြစ်၏။

"ဟင်း. . ."

စန္ဒရားသံလေး မကြားရလေတော့ လိမ္မော်ချိုသည် သက်
မောအား ချမိလိုက်လေသည်။ စန္ဒရားသံစဉ်လေးအား လိမ္မော်ချို
သည် ထပ်ပြီးကြားရနိုး တောင့်တမျှော်လင့်မိသည်က အမှန်ပါတည်း။
သို့သော်လည်း စန္ဒရားသံလေးကိုတော့ဖြင့် လိမ္မော်ချို မကြားရပါလေ
တော့။

မှန်သည်။ လိမ္မော်ချို မမြင်မတွေ့ မသိနိုင်သည့် တစ်ဖက်တွင်
ကား မင်းတင်ဋ္ဌေးသည် တိုက်အိုကြီးတစ်လုံး၏ အခန်းတစ်ဆောင်
ထဲ၌ ကြည်လင်ပြတ်သားသော အရေးကြည့်မှန်ပြောင်းတစ်လက်ဖြင့်





ပြတင်းတစ်ခုမှ လိမ္မော်ချို၏ ရွှေရုပ်လွှာအား အနီးကပ်ဆွဲယူကာ
အေးဆေးစိတ်ကြည့်နေလေသည် မဟုတ်ပါလား။

"ဟင်း. . ."

မှန်ပြောင်းကို ဖယ်ရှားလိုက်ပြီး မင်းတင်ဋ္ဌေး သက်မမောကို
ချလိုက်သည်။ မြင်လိုက်ရသော လိမ္မော်ချို၏အလှကဖြင့် ပမာနှိုင်းပြ
၍ပင် မရနိုင်အောင်ပါတကား။

ရွှေလိုဝင်း၍ မွတ်စင်နေသည့် လိမ္မော်ချို၏အသားလေးတွေ
အပင် တွေ့မြင်သူတိုင်းအား ဆွဲဆောင်နိုင်စွမ်းအားရှိကြောင်း
မင်းတင်ဋ္ဌေး ဝန်ခံချင်ပါ၏။

"ဟင်း. . ."

မင်းတင်ဋ္ဌေး သက်မမောကြီးအား ထပ်ချမိပြန်သည်။
ချသည့်နောက် သူသည် မှန်ပြောင်းဖြင့် လိမ္မော်ချို့ကားဆီသို့
ကြည့်လိုက်ပြန်သည်။

တန့်နောင်းမြို့လေးတွင် လိမ္မော်ချိုစီးသည့် ကားက
တကာယ်ကို အပုံစား။ သူမစီးသည့် ကားအမျိုးအစားက တန့်နောင်း



www.burmeseclassic.com

www.burmeseclassic.com



မြို့တွင် တစ်စီးသာရှိကြောင်း မင်းတင်ဌေး သိထား၏။

ကားထဲသို့ မင်းတင်ဌေး ပြောင်းရွှေ့ကြည့်သည်။ ကားထဲတွင် ခွေကြီးနှစ်ကောင်။ ရမ်းရမ်းနှင့်ကားကား။ မင်းတင်ဌေး သိ၏။ မင်းတင်ဌေးကြည့်နေဆဲ ကားထဲသို့ လိမ္မော်ချို ဝင်ရောက်သွားပြီဖြစ်၏။

မင်းတင်ဌေးသည် အဝေးကြည့်မှန်ပြောင်းဖြင့် လိမ္မော်ချို ကားလေးအားမြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ ကြည့်နေမိ၏။

"ဟင်း. . ."

"လိမ္မော်ချိုရယ်. .မင်းသိပ်လှတာပဲ၊ တန်ဖိုးရှိတဲ့ မင်းရဲ့အလှတွေကို ဘာလို့နွံအိုင်ကြီးထဲမှာ နှစ်ထားချင်နေရတာလဲ မိန်းကလေးရယ်၊ မင်းရဲ့ ဘဝဟာ ဒဏ္ဍာရီဆန်တယ်၊ မင်းဟာ ဒဏ္ဍာရီထဲက ရွှေမင်းသမီးလေးပါပဲ. . ."

"လိမ္မော်ချိုရယ်. .မယုံနိုင်စရာ၊ လက်မခံနိုင်စရာပါပဲကွယ်"

"ဟင်း. . ."

"မင်းရဲ့ဘဝနဲ့အလှကို ဖန်ထမ်းကောင်းတစ်ဦး ပီသစွာနဲ့ကိုယ်အနိုင်ယူပါရစေ. . ."

စိတ်ထဲမှ မင်းတင်ဌေး ဆိုမိသည်။

မှန်သည်။ တကယ်တော့ မင်းတင်ဌေးသည် လိမ္မော်ချို၏ လျှို့ဝှက်ခမ်းနားသော ကဗျာချိုချို စံအိမ်ကြီးထဲသို့ ဖောက်ထွင်းဝင်ရောက်နိုင်ဖို့ရေးအတွက် ယခုကပင်စ၍ ခြေလှမ်းချိလိုက်ခြင်းပင်မဟုတ်ပါတကား။

လိမ္မော်ချို ဘယ်ကိုသွား၍ ဘယ်လာတတ်သည်။ ဘာလုပ်တတ်သည်ကို အသေးစိတ်အဖြစ် မင်းတင်ဌေး သိနှင့်ထားပြီမို့ မင်းတင်ဌေးသည် တန်နှောင်းမြို့၏ တောင်ဘက်မြို့စွန်နေရာ၌ရှိသည့် တိုက်ကြီးတစ်လုံးတွင် စတည်းချနေရာယူထားလိုက်ပြီဖြစ်၏။

သို့ဖြင့် မင်းတင်ဌေးသည် လိမ္မော်ချို ရွှေရုပ်သွင်အား စတင်တွေ့မြင်ခဲ့ရသည့် ရန်ကုန်မှာတည်းက မိမိ၏နှလုံးသားမယ်နွေးထွေးစွာခံစားခဲ့ရသည့် အဖြစ်များအတွက် အားနည်းချက်ဖြစ်သွားရမည့် အရေးအား မင်းတင်ဌေး စိုးရိမ်နေမိပါ၏။

ထို့ကြောင့် မင်းတင်ဌေးသည် လိမ္မော်ချိုနှင့် တွေ့သည့်အခါ





www.burmeseclassic.com

www.burmeseclassic.com



တွင် စိတ်တို့မယိုင်မလဲ။ ခိုင်မြဲသော ရဲအရာရှိဝန်ထမ်းကောင်း
တစ်ဦး၏စိတ်ဓာတ်ဖြင့် လိမ္မော်ချို၏ ဘဝနှင့်အလှအား တရားသော
နည်းဖြင့် အနိုင်ယူရပါစေဟု. . .

မင်းတင်ဌေးသည် သွားတို့စေ့ကာ အံတင်း၍ ဆုတောင်းခ
လိုက်ခြင်းပင် ဖြစ်ပါချေ၏။ ။

❖ ❖ ❖

– ကိုး –

"စိတ်ကိုနူးညံ့ ပျော့ပျောင်းစေပြီး ဆွဲဆောင်သွားနိုင်တဲ့ အနုပညာလက်သံဆိုတာ ဒီလိုမျိုးလက်သံကိုပဲ ပြောတာဖြစ်မယ်နော် သစ်တော်. . ."

ကြားလိုက်ရသော အခန်းတွင်းမှ စကားသံကြောင့် လိမ္မော်ချို ခြေလှမ်းအစုံမှာ ရပ်တန့်သွားရချေ၏။

"ဆယ့်တစ်နာရီတောင် ခွဲတော့မယ်၊ သူတို့ ထမင်းမစားကြသေးဘူးလား မသိဘူး. . ."

အတွေးနှင့် နာရီဆီ လိမ္မော်ချို တစ်ချက်ကြည့်မိဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ချွင်း. .ချွင်း. . ."

"ဟုတ်တယ်. .မက်မွန်၊ နင်ပြောတာ ဟုတ်တယ်၊ အနုပညာဝါသနာမပါတဲ့ငါတောင် အဲဒီလက်သံကြားတော့ တော်တော်စိတ်ဝင်စားသွားတာဟ၊ နားထောင်လို့ သိပ်ကောင်းတာပဲနော်. . ."

"ဟော့. .ဘာလဲ၊ နင်တို့ပြောတာ ဟိုစန္ဒရားလက်သံအကြောင်းမဟုတ်လား. . ."

ထမင်းစားနေကြဟန်တူသည့် ဇွန်းသံခက်ရင်းသံတွေနှင့်အတူ အတွင်းရေးမှူးမလေးဖြစ်သည့် မက်မွန်၊ သရက်၊ သစ်တော်တို့စကားသံတွေကို လီမွှော်ကြားလိုက်ရလေ၏။

သူတို့ကြားခဲ့သည့် စန္ဒရားလက်သံဆိုသည်မှာ မိမိလည်းကြားခဲ့ဖူးသည့် စန္ဒရားသံပင် ဖြစ်မည်ဟုအတွေးဖြင့် အခန်းထဲကစ်ချက် လိမ္မော်ချို ချောင်းကြည့်လိုက်ပြီး ဆက်ပြောမည့်စကားတွေကို လိမ္မော်ချို စောင့်နားထောင်နေမိ၏။

ထမင်းစားခန်းတွင်မတော့ မက်မွန်နှင့် သစ်တော်၊ စပျစ်နှင့်သရက် အတွင်းရေးမှူးမလေးတွေမှာ နှစ်ယောက်တစ်တွဲ မျက်နှာ





ချင်းဆိုင် ထိုင်လာကာ ထမင်းလက်ဆုံစားရင်း စကားကောင်းနေပါလေ၏။

"နင်တို့လည်း ကြားခဲ့လား သရက်. . ."

"ကြားတော့ပေါ့၊ တောင်ဘက်မြို့စွန်ဘက်မှာလေ၊ ငါနဲ့စပျစ်တောင်ဘက်ကပေါ်လာတဲ့ စန္ဒရားသံဆိုတာ လိုက်ရှာမိကြသေးတယ်ဟ. . ."

"လိုက်ရှာတော့ တွေ့လား. . ."

"တွေ့တာပေါ့. . ."

စပျစ်အသံကို လိမ္မော်ချို ကြားလိုက်ရသည်။

"ဟင်. .ဟုတ်လား၊ ဘယ်နားမှာ တွေ့တာလဲ စပျစ်. ."

"တွေ့တာကတော့ မြို့ထဲမှာပါဟာ၊ မြို့ထဲက သူဌေးဦးအုံးမောင်ရဲ့ တစ်ဦးတည်းသောသမီးလေးကို စန္ဒရားသင်ပေးတာတဲ့"

"ဟင်. .ဟုတ်လား. . ."

မက်မွန်အမေးကို သရက်က ဖြေသည်။ သစ်တော်၊ မက်မွန်စပျစ်နှင့်သရက်တို့မှာ စန္ဒရားသံရှင်အကြောင်းအား စိတ်ဝင်တစား

www.burmeseclassic.com

www.burmeseclassic.com



မေးနေကြဟန်တူ၏။ တစ်ဦးကတစ်ဦးကို စိတ်ဝင်တစား မေးနေကြသည့် စကားသံမျိုးတွေကို လိမ္မော် ကြားနေရလေသည်။

"ဟုတ်လား၊ အဲဒီသတင်းကို ဘယ်ကကြားတာလဲ သရက်"

"ဟိုမှာလေ. .စပျစ်ပေါ့။ လူတစ်ယောက်ကို စပ်စုပြီး မေးခဲ့လို့ သိခဲ့ရတာ. . ."

"စန္ဒရားဆရာကိုကော နင်တို့ တွေ့သေးလား. . ."

"သူမတွေ့ဘူး၊ ငါတွေ့တယ်. . ."

စပျစ်က ဆိုသည်။

"သူကတွေ့မှာပေါ့၊ ငါကအလုပ်နဲ့ ဟိုအပေါ်ထပ်တက်သွားချိန်မှာ သူက အောက်မှာ စောင့်ကျန်နေခဲ့ရတာကိုး. . ."

"အင်း. .ဟင်း. .စန္ဒရားဆရာကို ငါတွေ့လိုက်တယ်ဆိုတာ ငါက သရက်ကို ကြွားထားလို့၊ သရက်က သူမတွေ့ရတာနဲ့ နှာကစ်နေတယ်၊ ဟဲ. .ဟဲ. .ဟဲ. . ."

"အံမယ်. .မဟုတ်ကဟုတ်က ပြောတော့မယ်၊ သူ အဲ့ဒီစန္ဒရားဆရာကို တွေ့ထဲက အဲ့ဒီအကြောင်းပဲ ပါးစပ်အရသာခံ





ပြောနေတာပဲ. . ."

"ပြောရတာပေါ့ဟ၊ အခု တို့လေးယောက်ထဲမှာ စန္ဒရားဆရာကို ဘယ်သူမှမမြင်ဖူးဘူး မဟုတ်လား၊ ငါပဲ မြင်ဖူးတာဆိုတော့ ငါက တစ်ပန်းသာနေတာပေါ့. . ."

"အံမယ်. .သူ့စန္ဒရားဆရာများ. . ."

"အံမယ်မလုပ်နဲ့၊ တွေ့မှများသွားမယ် အမိ. . ."

"အလို. .တယ်ဆိုပါလား၊ စပျစ်ရဲ့ ဟင်း. .ဟင်း. .ဟင်း၊ ဒါဖြင့် စန္ဒရားဆရာက မဆိုးဘူးပေါ့. . ."

သစ်တော်က မေးသည်။ သူတို့မျက်နှာလေးတွေမှာ စားရင်းသောက်ရင်း စကားဝိုင်းဖွဲ့ရင်းဖြင့် ပြုံးပျော်နေကြချေ၏။ အခန်းအပြင်ဘက်မှ လိမ္မော်ရှိသည်လည်း ဘာရယ်ကြောင့်မသိ။ အခန်းထဲဝင်ကာ လာရင်းကိစ္စအကြောင်းကို မပြောမိတော့ဘဲ အခန်းအပြင်၌သာ အတွင်းရေးမှူးမလေးများ၏ စကားများအား စိတ်ဝင်စားသယောင် နားထောင်နေမိပါလေသတည်း။

"မဆိုးဘူးဆိုတဲ့ စကားကို မပြောနဲ့ သစ်တော်၊ နင်တို့



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရင် တကယ်ဖျားသွားမယ် သိလား၊ သူ့ရုပ်က အနုပညာသမားလို့ မပြောရဘူး၊ တော်တော့်ကိုသန့်ပြီး ဖြူဝင်းချောမွတ်နေတာဟ. ."

"ဟေ. .ဟုတ်လား. . ."

"ငါပြောတဲ့စကားက နည်းသေးတယ်၊ နင်တို့ ကိုယ်တိုင်တွေ့မှ စပျစ်ပြောတဲ့စကားတွေ အများကြီးလိုသေးပါလားဆိုတာ ဖြစ်ကုန်မယ်၊ သိလား. . ."

"အမယ်လေး. .စပျစ်ရယ်၊ ဒီလောက်တောင်ပဲလား. . ."

မက်မွန်က ပြုံးစိစိဖြင့် ဆိုသည်။

"အေး. .နင်တို့ မယုံချင်ကြဘူး မဟုတ်လား၊ ငါဆက်မပြောတော့ဘူး၊ အလုပ်ကိစ္စနဲ့ သွားရင်းလာရင်း အဲဒီလူကို တစ်နေ့နေ့တော့ နင်တို့တွေ့မှာပါဟာ. . ."

"ငါက ဟိုလူတစ်ယောက်ကို စပ်စုပြီး မေးထားလို့ သတင်းလည်း သိထားရတယ်ဟ၊ အဲဒီသတင်းကြောင့် ငါစိတ်ကူးတစ်ခုတောင် ရထားသေးတယ်. . ."

"ဘာသတင်းလဲ၊ ဘာစိတ်ကူးတွေ ရထားတာလဲ၊ ပြောပါဦး"





သစ်တော်က မေးသည်။ သစ်တော်အမေးအတွက် စပျစ်ထံမှ ထွက်လာမည့်အဖြေအား သရက်၊ မက်မွန်၊ သစ်တော်တို့နှင့်အတူ အခန်းအပြင်ဘက်မှ လိမ္မော်ချိုသည်လည်း စိတ်ဝင်တစား နားစွင့်နေမိပါချေ၏။

သူတို့အားလုံး ထမင်းစားပြီးကုန်ကြပြီဖြစ်၍ ဇွန်းခက်ရင်းတွေကို ပန်းကန်ထဲ ချထားလိုက်ကြသည်။ စပျစ်က ရေတစ်ခွက်ကို သောက်ပြီး တွေးတွေးဆဆဟန်ဖြင့် စကားကို ပြန်ဆက်၏။

"ငါကြားခဲ့တဲ့သတင်းက အဲဒီစန္ဒရားဆရာဟာ ဒီမြို့မှာ သူ့လက်သံကို လာဖျော်ဖြေတာတဲ့၊ တစ်ညကို တစ်သောင်းကနေ သုံးသောင်းအထိ ဈေးရှိတယ်တဲ့၊ သင်ချင်တဲ့သူရှိလည်း အိမ်မှာ လာသင်ပေးတယ်တဲ့. . ."

"ဟုတ်လား. . ."

"အေးလေ၊ အဲဒါကြောင့် ဟိုသူဌေးသမီးက သင်တာဖြစ်မှာပေါ့. . ."

သရက်နဲ့ သစ်တော်က စပျစ်စကားတွေ နားထောင်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည်။ မက်မွန်ကလည်း သူတို့ဆီတစ်ချက်ကြည့်ပြီး. . .

"ဟော့. .ငါတို့ဂရိတ်လည်း အဲဒီဆရာနဲ့သင်ရင် ကောင်းမယ်နော်. . ."

"ဘာလုပ်ဖို့လဲဟ. . ."

"ဩော်. .ဟာ နင်ကလည်း စန္ဒရားတီးတတ်ထားတော့ ကောင်းတာပေါ့၊ ဒီမှာလည်း စန္ဒရား သုံးလုံးတောင်ရှိနေတာပဲဟာ"

"တတ်ထားတော့ ဘာလုပ်ရမှာလဲ. . ."

"အပျင်းပြေပေါ့ဟာ၊ အနုပညာပဲဟာ တတ်ထားတော့ ကောင်းတာပေါ့. . ."

"တို့ဂရိတ်က စိတ်ဝင်စားဦးမှကိုး. . ."

မက်မွန်နှင့် သစ်တော်က အခြေအတင်ပြောနေလေ၍ သရက်မှာ သူတို့စကားတွေကို စိတ်မရှည်ဟန်ဖြင့် နားထောင်နေရာမှ. . .

"တော်စမ်းပါဟယ်၊ မမလိမ္မော်က စန္ဒရားတီးသင်ရအောင် ဘယ်လူတစ်ယောက်ကိုများ အတွေ့ခံပြီး နေဖူးလို့လဲ. . ."





"အေးလေ၊ ငါလည်း အဲဒါကို ပြောတာပေါ့. . ."

"မဟုတ်ပါဘူး၊ ငါကသဘောပြောတာပါ. . ."

"ကဲ. .ဒီမှာ နင်တို့ဘာမှမပြောကြနဲ့၊ ဒီလူနဲ့ မမလိမ္မော် သင်လို့လည်းဖြစ်မှာမဟုတ်ဘူး. . ."

"ဘာကြောင့်. . ."

"ဘာကြောင့်ရမလဲ သရက်ရဲ့၊ တို့မမက ရှေ့ရုပ်ကလေးလို လုပလွန်းသူဟ၊ ဟိုက စန္ဒရားတီးမသင်ဖြစ်ဘဲ တို့ဂရိတ်ကိုပဲ ငေးပြီး နောက်ဆုံးရူးသွားမှာ. . ."

"ဟား. .ဟား. .ဟား. . ."

စပျစ်စကားကို အားလုံးက သဘောကျစွာ ဝိုင်းရယ်မိကြလေသည်။ အပြင်ဘက်၌ရှိနေသည့် လိမ္မော်ချိုကမူ ထိုစကားများအတွက် ရယ်လည်းမရယ်၊ ပြုံးလည်းမပြုံးမိပါလေ။

မှန်သည်။ လိမ္မော်ချိုအသွင်က ထာဝရခံစားမှုမဲ့စွာ ရှိနေတတ်သည့် အသွင်မျိုးမဟုတ်ပါတကား။

"ဒါနဲ့ စပျစ်၊ စောစောက နင်ရတဲ့စိတ်ကူးဆိုတာက ဘာလဲ၊



www.burmeseclassic.com

www.burmeseclassic.com



ပြောပါဦး. . ."

"သြော်. .တခြားမဟုတ်ပါဘူးဟာ၊ လာမယ့်အပတ်ထဲမှာ ဟိုဘက်က ဂရိတ်တွေလာမယ်မဟုတ်လား. . ."

"အဲဒါဘာဖြစ်လဲ. . ."

"မဖြစ်ပါဘူး၊ မမလိမ္မော်က ညစာစားပွဲနဲ့ အမြဲဧည့်ခံနေတယ်မဟုတ်လား. . ."

"အေးလေ၊ အဲဒါဘာဖြစ်လဲ. . ."

"ငါစိတ်ကူးရတယ်ဆိုတာက အဲဒါကိုပြောတာ၊ စကားချည်းပဲ ပြောပြီး ဧည့်ခံနေမယ့်အစား ဧည့်သည်တွေကို အဲဒီ စန္ဒရားဆရာငှားပြီး စန္ဒရားသံလေးနဲ့ ဧည့်ခံရင် ပိုမစိုပြည်ဘူးလားလို့ စိတ်ကူးမိလို့ပါ. . ."

"အင်း. . ."

စပျစ်စကားတွင် သူတို့အားလုံး သဘောကျမိသလိုရှိသွားကြသည်။

"ဘယ်လိုသဘောရလဲ. . ."





စပျစ်က အဖော်စပ်သလိုမေးသည်။ သစ်တော်က. . .

"ဒီအကြံမဆိုးဘူး. . ."

"ငါလည်း သဘောကျတယ် စပျစ်. . ."

သရက်က ဝင်ဆိုသည်။

"အေး ဟုတ်တယ်၊ ငါလည်း သဘောကျတယ်ဟာ၊ နို့မို့ဆို ဧည့်သည်တွေကို စကားမရှိ စကားရှာပြောပြီး ဧည့်ခံနေရတာ စိတ်ညစ်တယ်၊ မမလည်း စိတ်ညစ်တာပဲဟာ၊ စီးပွားရေးနဲ့ ပတ်သက်နေလို့သာ သူလည်း ဧည့်ခံနေရတာ. . ."

"မမလိမ္မော်လည်း စိတ်ညစ်တာပဲဟာ၊ စီးပွားရေးနဲ့ပတ်သက်နေလို့သာ သူလည်း ဧည့်ခံနေရတာ၊ မမက ဧည့်ခံတယ်ဆိုပေမယ့် သူကိုယ်တိုင်က စကားတစ်ခွန်းနှစ်ခွန်းပဲ ပြောတာ၊ လေတွေ ညှစ်ထုတ်နေရတာက ငါတို့ပဲ. . ."

"အေး. .အဲဒီအကြံ မမကို ငါတို့ပြောကြည့်မလား. . ."

"မမလိမ္မော်က လက်ခံပါ့မလားဟ. . ."

"ပြောတော့ဖြင့် မကြည့်သေးဘဲနဲ့၊ ပြောကြည့်ပါဦးလား"



www.burmeseclassic.com

www.burmeseclassic.com



"နင်ပြော. . ."

"နင်ပြော. . ."

"နင်ပဲပြောပါဟယ်. . ."

"အို. .လုပ်မနေနဲ့၊ တို့အားလုံးဝိုင်းပြောကြမယ်. . ."

"ဘယ်လိုပြောမလဲ၊ လူချင်းလာတွေ့ကြရှီးမှကိုး၊ စပျစ်ရ

နင်ပြောပါ၊ နင်ကအနီးဆုံးလူပဲဟာ. . ."

"အနီးဆုံးမဟုတ်ပါဘူးဟာ၊ တစ်ထပ်တည်းပဲ နေရတာ

ကိုများ၊ အခန်းက ထခြားစီဟာ၊ ငါလည်း ဖုန်းနဲ့ပဲပြောရမှာပဲ

နင်တို့လည်း ဖုန်းနဲ့ပြောကြ. . ."

"အေးလေ၊ အဲဒီကိစ္စ တို့ပြောကြည့်ကြမယ်ဟာနော်၊ ထ

ထမင်းစားပြီးတာလည်း ကြာပြီ၊ တို့ပန်းကန်တွေဆေးပြီး ဂျူတီပြ

ဝင်ကြမယ်. . ."

ထိုင်ရာမှ ထ,သံတွေကို လိမ္မော် ကြားလိုက်ရသည်

ထိုအခါမှ လိမ္မော်လည်း လာရင်းကိစ္စကို မပြောတော့ဘဲ အခန်းရှေ

ထွက်ခွာသွားရန် ခြေလှမ်းပြင်ခိုက်. . .





"သြော်. .ဟော့၊ ငါပြောဖို့ တစ်ခုကျန်နေသေးတယ်ဟ"

အခန်းတွင်းမှ စပျစ်၏နောက်ဆက်တွဲ စကားသံကြောင့်

လိမ္မော်ခြေလှမ်းလေး ဆိုင်းသွားရပြန်သည်။

"ဘာလဲ စပျစ်. . ."

"အဲဒီစန္ဒရားဆရာရဲ့ နာမည်လေ. . ."

"ဘယ်လိုခေါ်လဲတဲ့. . ."

"နာမည်ကတစ်မျိုးကြီးပဲ၊ ဗိုလ်မဆန်ဘူး. . ."

"ဘာဆန်လဲ. . ."

"နန်းဆန်တယ်. . ."

"ဘယ်လိုတဲ့လဲ. . ."

"မင်းတင်ဌေးတဲ့. . ."

"ဟာ. .နာမည်ကလည်း. . ."

"အေးလေဟာ. . ."

"ကေ့ဘတော့ မင်းမျိုးမင်းနွယ်ထင်တယ် စပျစ်ရဲ့. . ."

"ပြောတတ်တော့ဘူး၊ နာမည်က ထူးခြားသလို ရုပ်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားတာတော့ အမှန်ပဲကွ. . ."

"ဘယ်လိုထူးခြားတာလဲ. . ."

"သိပ်ချောတယ်. . ."

"ဟင်း. .ဟင်း. .ဟင်း. . ."

မချိမချဉ်လုပ်ပြောလိုက်သည့် စဖျစ်စကားအတွက် အားလုံး ရယ်မိကြသည်။ ထို့နောက် ပန်းကန်တွေကိုယူပြီး တစ်ယောက် တစ်လက် ဆေးကြောလိုက်ကြသည်။

လီမွှော်ချိုကား ထိုအခန်းရှေ့မှ ခွာခဲ့လိုက်ပြီ။

နာမည်က မင်းတင်မြွေးတဲ့. . အယာင်း. . .။

နှုတ်ခမ်းလေးဖွဖွစေ့ကာ ပြုံးလျက် သူ့မအခန်းတွင်းသို့ ဝင်ရောက်သွားပါတော့သတည်း။ ။

❖ ❖ ❖



## – တစ်ဆယ် –

နှစ်ချက်ခွဲပြီ။ မိုးမချုပ်ခင်တော့ အိမ်ပြန်ရောက်မှာပါ။

ဝင်းမွတ်မွတ်လက်ကောက်ဝတ်ကလေးမှ နောက်ဆုံးပေါ် ရွှေရောင်စိန်စီနာရီလေးဆီ တစ်ချက်ကြည့်ပြီး မနှေးလွန်း မမြန်လွန်း သော အရှိန်ဖြင့် မြေလိမ်မြွေတောက် တောင်တက်တောင်ဆင်း တောလမ်းလေးအတိုင်း လီမွှော်ချိုသည် ကျွမ်းကျင်စွာ ကားကို မောင်းနှင်လာခဲ့လေ၏။

မယ်ဆိုင်မှ တာချီလိတ်၊ တာချီလိတ်မှ တန့်ရောင်းသို့ တစ်နေ့တည်း အသွားအပြန် ထွက်ခဲ့ရသည့်ခရီးကြောင့် ကိုယ်ပိုင်



www.burmeseclassic.com

www.burmeseclassic.com



ကားနှင့် သက်တောင့်သက်သာ သွားရပေမယ့်လည်း လိမ္မော်ချိုအဖို့ ခရီးကဖြင့် ပင်ပန်းနွမ်းနယ်နေရပါလေ၏။

"ဟူး . . ."

လေပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်ပြီး ကားလီဗာကို ပို၍နှင်းထားမိသည်။

ကားအရှိန်လေးမှာ လေးညို့မှပစ်လွှတ်လိုက်သည့် မြားတစ်စင်းနှယ် ရှိတော့၏။

လေထုကိုခွင်းလျက် မြွေလိမ်မြွေကောက် တောင်တက်တောင်ဆင်းလမ်းကလေးတွေကို လိမ္မော်ချို တစ်ခုပြီးတစ်ခု ဖြတ်ကျော်လာ၏။

တောနှင့်တောင်စွယ် အုံ့ဆိုင်းမှိုင်းရီ စိမ့်သီနေသည့်ကြားမှ ကွေ့ကွေ့ကောက်ကောက် လမ်းကလေးအတိုင်း လိမ္မော်ချိုသည် ကားကိုသာ အပြင်းမောင်းနှင်နေပါလေ၏။

ဟူး အိမ်ရောက်ရင်တော့ ကောင်းကောင်းအနားယူရမယ်၊ အရေးထဲမှာ လာမယ့်အင်္ဂါနေ့ကျရင် မယ်ဆိုင်က ကုန်သည်တွေ





ရောက်လာကြဦးမယ်. . .

အင်း. .ဒီတစ်ခါတော့ ဒီကုန်သည်တွေကို ငါ့အတွင်းရေးမှူးတွေဆန္ဒရှိတဲ့အတိုင်း စန္ဒရားဆရာကို သုံးညလောက်ငှားပြီး ဖျော်ဖြေခိုင်းရမယ်၊ ဒါမှ ငါလည်း သက်သာမယ်၊ သူတို့လည်း သက်သာမယ်. . .။

အဟင်း. .ဒီနေ့ အလုပ်ကိစ္စတွေနဲ့ သွားလိုက်ရတာ ငါ အတော်ပင်ပန်းသွားတယ်။ သန်ဘက်ခါဆို ဟိုဘက်က ကုန်သည်တွေလည်း လာကြမှာဆိုတော့ အချိန်က သိပ်မရှိတော့ဘူး။

အင်း အိမ်ပြန်ရောက်တာနဲ့ ဧည့်သည်တွေ ဧည့်ခံရမယ့် အစီအစဉ်ကို ငါ့အတွင်းရေးမှူးတွေနဲ့ အမြန်ဆုံးစီစဉ်ထားရမယ်၊ ငါ့လက်ထက်မှာ လုပ်ငန်းတွေက အဖက်ဖက်က အဆင်ပြေတယ်၊ ဘိုးဘိုးလက်ထက်က စံချိန်ကို ငါချိုးနိုင်တယ်။

"အဟင်း . . ."

အတွေးတွေနှင့် လိမ္မော်ချို ပြုံးသည်။ လုပ်ငန်းနှင့်ပတ်သက်သည့် အတွေးများထဲ ထိုအတွေးသည် သူမအတွက် ခွန်အားအဖြစ်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



အတွေးပါ။

တန့်နောင်းမြို့မှ ကြိုဆိုပါ၏။

တစ်ချိုတစ်ချိုအတွေးတို့ဖြင့် မောင်းနှင်လာသည့် လိမ္မော်ချို ကားလေးကား တန့်နောင်းမြို့၏မှတ်တိုင်ကိုကျော်လွန်ကာ မြို့ထဲသို့ ဝင်ရောက်လာခဲ့ပြီဖြစ်၏။

လူနေအိမ်ခြေစ,ရာ တန့်နောင်းမြို့တွင်းသို့ ဝင်ရတော့မည်မို့ ကားရှိန်ကို လျှော့ချမောင်းနှင်ခဲ့သည်။ လိမ္မော်ချိုကားလေးမှာ ပထမ ဦးဆုံး တွေ့ရသည့် တိုက်နီကြီးကွေ့ကို ယာဘက်ချိုးကွေ့ဝင်လိုက် သည်နှင့်. . .

"အား. . ."

"ဟယ်. .ကျွိ. . ."

လိမ္မော်ချိုအဖို့ အယ်တုန်းကမှ မျှော်လင့်မထင်မှတ်ဘူးသည့် အဖြစ်ကလေးပါ။

မှန်သည်။ အဘယ်ကြောင့်ဆိုသော် ကားလေးအား ချိုးအကွေ့ ဘွားခနဲအကွယ်မှ ထွက်လာသည့် လူတစ်ယောက်အား





လိမ္မော်ချို တိုက်ချလိုက်မိသလို ရှိသွားရသည်မဟုတ်ပါလား။

လူတစ်ယောက်အား တိုက်ချလိုက်ပြီဟူသော အသိဖြစ်မိ သည်နှင့် တစ်ပြိုင်တည်းလည်း လိမ္မော်ချိုမှာ ကားဘရိတ်ကို ဆောင့်နင်းလိုက်ပြီး အနောက်သို့လှည့်ကြည့်မိလေသည်။

သေပြီလားမသိဘူး။

စိတ်ထဲအတွေးတစ်ချက်နှင့် လိမ္မော်ချိုကားကို နောက်ဆုတ် ခဲ့သည်။ သည့်နောက် ကားပေါ်မှ ဆင်းပြီး မိမိကားဖြင့်တိုက်မိ၍ လဲနေသည့်လူဆီသို့ သူမ လျှောက်သွားကြည့်လိုက်၏။

အနီးရောက်သွားသည်အထိ ကားတိုက်ခံရသည့်လူမှာ တုတ်တုတ်မလှုပ်။ လိမ္မော်ချိုမှာ ကားတိုက်ခံရသည့်လူကို ပက်လက် ဆွဲလှန်လိုက်သည်။

"အား. . ."

ထိုအခါမှ ထိုသူမှာ သတိရလာသလိုရှိပြီး ညည်းညူသံ လိမ္မော်ချို ကြားမိလေသည်။ မျက်လုံးကမူ ပွင့်မလာသေး။

"ဒီမှာ. . ."

www.burmeseclassic.com

www.burmeseclassic.com



ထိုလူ့ ပခုံးတစ်ဘက်မှ ဆုပ်ကိုင်လှုပ်ယမ်းလိုက်ပြီး လိမ္မော်ချို ခေါ်သည်။ ထိုလူ့ထံမှ ထူးသံက ထွက်မလာ။ ထိုလူ့ခေါင်းမှ ဘယ်နေရာကမှန်းမသိ စီးကျလာကြသည့် သွေးတို့က ထိုလူ့မျက်နှာ တစ်ခြမ်းတွင် မြင်မကောင်းသလောက် ပေကျံနေ၏။

ထိုလူ့မျက်နှာမှ တစ်ဆက်တည်း တစ်ကိုယ်လုံးကို လိမ္မော်ချို စေ့ကြည့်လိက်သည်။

သူ့ကိုယ်ပေါ်မှာတော့ ဒဏ်ရာမရဘူးထင်တယ်၊ ကိုယ်ခန္ဓာ မှာ သွေးထွက်တာမတွေ့ဘူး။ ငါ့ကားနဲ့ပွတ်အတိုက်၊ သူလည်း ခုန့်အရှောင်ဆိုတော့ ကြီးကြီးကျယ်ကျယ် ဒဏ်ရာတော့မရလောက် ဘူးထင်တယ်. . .။

အသားရောင် ရှူးဖိနပ်အပျော့စားနှင့် အပြာရောင် ဂျင်း ဘောင်းဘီအား သားနားသေသပ်စွာ ဝတ်ထားသည့် ထိုလူ၏ အောက်ပိုင်းနှင့် အဝါနှင့်အနီအစင်းများပါသည့် ခေါင်းစွပ်သိုးမွေး အနွေးထည်ကိုဝတ်ထားသော ထိုလူ၏ကိုယ်အထက်ပိုင်းကိုကြည့်ပြီး လိမ္မော်ချို ဒဏ်ရာကိုရှာဖွေကြည့်မိလေသည်။





"အား. .ဟင်း . . ."

"ဒီမှာရှင့်. . ."

"အား. . ."

"အမေ့. . ."

ညည်းသံကြားသဖြင့် ထိုလူ့လက်တစ်ဘက်ကို လိမ္မော်ချို ဆွဲခေါ်ကြည့်ရာမှ ထိုလူ့ထံမှ အသည်းခိုက်အောင် အော်လိုက်သည့် အသံကြောင့် လိမ္မော်ချိုပင် လန့်သွားရချေ၏။

လိမ္မော်ချို သဘောပေါက် သွားရလေသည်။ ထိုလူ၏ ညာဘက်လက်တစ်ဘက် ကျိုးသွားရသည့် အဖြစ်ကိုပါ။

"ဒီမှာ ရှင် သတိရလား. . ."

"အား. .ခင်ဗျားဘယ်သူလဲ. . ."

မျက်လုံးမဖွင့်ဘဲ ထိုလူက မေးနေလေ၍ လိမ္မော်ချိုမှာ ထိုလူ့မျက်နှာကို စေ့စေ့ကြည့်ပြီး. . .

"ရှင့်ကို ကားနဲ့တိုက်တဲ့လူ. . ."

"ဟင်. .ကျွန်တော့်ကို ကားနဲ့တိုက်တယ်၊ ဘာဖြစ်လို့



www.burmeseclassic.com

www.burmeseclassic.com



တိုက်တာလဲ. . .”

“တမင်သက်သက် တိုက်တာမဟုတ်ပါဘူး၊ မတော်တဆ တိုက်မိတာပါ၊ ရှင်သတိရရင် မျက်လုံးဖွင့်ကြည့်စမ်းပါ. . .”

“ကျွန်တော် သတိတော့ရပါပြီ၊ ဒါပေမယ့် လောလောဆယ် မျက်လုံးတော့မဖွင့်နိုင်သေးဘူး၊ ခေါင်းထဲမူးသလို ရှိလို့ပါ. . .”

“အင်း ဒါဖြင့်လည်း ပြီးတာပဲလေ၊ ပြောစရာရှိတာ ကျွန်မ ဒီအတိုင်းပဲပြောမယ်၊ ရှင် နားထောင်ပေါ့. . .”

“ဟုတ်ကဲ့. . .”

“ရှင် ဘယ်မှာနေလဲ. . .”

“ကျွန်တော်နေတဲ့နေရာကိုပြောရင် ခင်ဗျား လိုက်ပို့မှာလား”

ထိုလူ့စကားကြောင့် လိမ္မော်ချို ထိုလူကို စိုက်ခနဲကြည့် လိုက်သည်။ သူက ခေါင်းတွင် ဒဏ်ရာနှင့်မျက်လုံးကို မှိတ်ထား သော်လည်း အခက်သား။

သူ့မျက်ဝန်းထဲမှ အဖြေကို လိမ္မော် ဘာတစ်ခုမှ မရှာတွေ့နိုင် ရှိရသည် မဟုတ်ပါလား။ သူ့မျက်နှာအနေအထားကမူ တည်တည်





ငြိမ်ငြိမ် ရှိနေသည်ကို တွေ့မြင်နေရသည်။

လိမ္မော်ချိုမှာ မိမိကားဖြင့် တိုက်မိသည့် လူတစ်ယောက် မြေပေါ်လဲ၍ လက်တစ်ဘက်သွင်သွင်ကျိုးပြီး ခေါင်း၌ သွေးများ ထွက်နေသည်ကို မြင်နေရသော်လည်း ထိုလူ့အတွက် စိုးရိမ်ပူပန်ခြင်း ရှိ။

မိမိကြောင့် ထိုလူမှာ သေ,မသေကိုသာ သေချာ မချာ ကြည့်ရုံတင်မကောက်အကြည့်မျိုးနှင့်သာ လိမ္မော်ချို လာကြည့်သည့် သဘောမျိုးသာ ရှိပါ၏။

“ဒီမှာ. .ကျွန်မ ရှင့်ကိုလိုက်မပို့နိုင်ပါဘူး၊ ရှင်သေလား သေလားဆိုတာပဲ ကျွန်မဆင်းကြည့်တာ၊ ရှင်သေရင် ရှင့်သားမယား တွေကို ရှင်သေတဲ့လျော်ကြေးကို ကျွန်မ ပေးမယ်၊ ရှင်မသေရင်လည်း ရှင်ဆေးကုမယ့် ဆေးဖိုးဝါးခအားလုံးကို ကျွန်မကပေးဖို့ လာဆင်း ကြည့်တာပါ. . .”

ချိုအိသလောက် စွဲမက်စရာကောင်းလွန်းသော သူမ အသံလေးနှင့် ဆန့်ကျင်သော စကားများကို ထိုလူကြားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မသေတစ်သေဖြစ်နေရင်ကောဗျာ. . ."

"ဒါကလွယ်ပါတယ်၊ ရှင်လည်း ဝင့်ကျွတ်အောင် ရှင့်သာ
မယားတွေကလည်း နာတာရှည်ရောဂါကြီးမျိုးကို ငွေကုန်ကြေးကျ
အပင်ပန်းခံပြီး ကြည့်မနေရအောင် ကျွန်မက ရှင့်ကို တစ်ခါတည်
အပြီး ကားနဲ့ထပ်တိုက်ပြီး ကိစ္စပြတ်အောင် လုပ်လိုက်မှာပေါ့"

လိမ္မော်ချို၏ဆိုလာသော စကားသံအဆုံး၌ ထိုလူ့ထံမှ
ဘာစကားသံမှ ထပ်မကြားရပါလေတော့။

"ကဲ. .ဒီမှာ၊ ကျွန်မလည်း အချိန်မရတော့ဘူး၊ ရှင့်အိမ်
ဘယ်မှာလဲ ပြော၊ ကျွန်မလူတွေကို အကျိုးအကြောင်း သွားပြောခိုင်း
လိုက်မယ်၊ ရှင့်အတွက် ဆေးဖိုးကြေးကိုလည်း ပြည့်ပြည့်ဝဝ ပေးမယ်"

"နေပါစေတော့ဗျာ. . ."

"ဒါဖြင့်လည်း ရတယ်၊ ကျွန်မကတော့ ဝတ္တရားရှိတဲ့အတိုင်း
မေးရတာ၊ ရှင့်ညာလက်ကျိုးသွားတယ် မဟုတ်လား. . ."

"ဟုတ်တယ် ကျိုးသွားတယ်. . ."

"ခေါင်းမှာလည်း သွေးတွေထွက်နေတာ၊ ရှင့်မျက်နှာမှာ





တော်တော်ပေနေတယ်. . ."

"ဟုတ်မှာပေါ့၊ ဒါကြောင့် ခေါင်းတစ်နေရာမှာ နာနေတာ
ထင်တယ်. . ."

"ကဲ. .ရှင်က ရှင့်နေရပ်မပြောချင်လည်း ရတယ်၊ ကျွန်မ
ရှင့်အတွက် လျော်ကြေးငွေကို ကားထဲမှာ သွားယူလိုက်ဦးမယ်"

စကားအဆုံး လိမ္မော်ချို ထွက်သွားလိုက်သည်။ ထွက်သွား
သည့် လိမ္မော်ခြေသံလေးကြားတော့ မှိတ်ထားသည့် မျက်လုံးတွေကို
မင်းတင်မြွေး ဖွင့်ကြည့်လိုက်သည်။

လိမ္မော်ချို၏ နောက်ကျောလှလှလေးအား မင်းတင်မြွေး
မြင်တွေ့ရလေ၏။

မင်းရဲ့ စကားသံလေးကိုကပင်လည်း ဆွဲဆောင်မှုတွေ
အင်အားကြီးလွန်းနေတယ် လိမ္မော်ချိုရယ်. . .။

မင်းတင်မြွေးတွေးဆဲ လိမ္မော်ချို ပြန်လာသည်ကိုတွေ့၍
မျက်လုံးပြန်မှိတ်ထားလိုက်လေသည်။

"ကဲ. .ဒီမှာ ရှင့်အတွက် ငွေသုံးသိန်း. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဘုတ်. . ."

လိမ္မော်ချိုစကားသံနှင့်အတူ မိမိအနီးကျလာသည့် ငွေထုပ်သံကို မင်းတင်ဌေးကြားလိုက်ရလေသည်။

မင်းတင်ဌေး ဘာစကားမှ ပြန်မပြောမိ။ သူစကားပြောရန် ပြင်ဆင်လိုက်ချိန်မတော့ လိမ္မော်ချို ကားလေးမောင်းထွက်သွားသံအား ကြားလိုက်ရလေ၏။

"ဟင်. . ."

မောင်းထွက်သွားသည့် ကားသံလေးကြားမှ မင်းတင်ဌေးမှာ အံ့သြစွာဖြင့် မျက်လုံးအစုံကို ဖျတ်ခနဲဖွင့်ကြည့်မိတော့သည်။

နောက်ကျသွားပြီ။

လိမ္မော်ချိုကားလေးကား သူ့မြင်ကွင်းမှ ပျောက်ကွယ်သွားလုပြီ မဟုတ်ပါတကား။

ဟာ. . .လိမ္မော်ချိုရယ်. . .။

လိမ္မော်ချိုပစ်ပေးခဲ့သည့် သူ့အနီးမှ ငွေသုံးသိန်းကိုကြည့်ပြီး မင်းတင်ဌေး ညည်းတွားလိုက်မိသည်။





ခေါင်းမှဒဏ်ရာကို သူ စမ်းကိုင်ကြည့်သည်။

ကျိုးသွားသည့် လက်ကိုလည်း ဘယ်လက်နှင့် ဖေးမထား... သူငုံ့ကြည့်မိ၏။

"အဟွန်း. . ."

ပြီးတော့ သူ ပြုံးသည်။

တော်သေးတယ်၊ လက်တစ်ဘက်တော့ အရင်းပြုလိုက်ရပြီ။ ...င်းကဒဏ်ရာကတော့ အရေးမကြီးပါဘူး။

သူတွေးရင်း ထထိုင်သည်။

သူ့ဒဏ်ရာကိုကြည့်ပြီး သူ ကျေနပ်ပါ၏။

မှန်သည်။

တကယ်တော့လည်း မင်းတင်ဌေးအဖို့ ထိုလုပ်ရပ်အား ...င်ပင် အကွက်ဝင်အောင် ကြိုးစားခဲ့ရသည် မဟုတ်ပါတကား။

မိမိတစ်ယောက်တည်း နေထိုင်နေသည့် တောင်ကုန်းပေါ်မှ ...ိုကြီးဆီသို့ မင်းတင်ဌေး မော့ကြည့်လိုက်သည်။

ပြီးတော့ သူ ထိုင်ရာမှထလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ခြေလှမ်းများ တစ်လှမ်းဆီလှမ်းနေဆဲမှ သူ့အတွေး
ရှိနေသည်က. . .

အင်း. .လိမ္မော်ချိုရယ်. . .

မင်းဟာ ရွှေစင်ရုပ်လေးတစ်ရုပ်လိုပါပဲ။

မင်း သိပ်လှတယ်။

မင်းရဲ့အလှဟာ စာဖွဲ့လို့မရနိုင်ပါဘူး။

ဒါပေမယ့် မိန်းမချောလေးရယ်၊ မင်းရဲ့ ရွှေအဆင်း
ဝင်းနေတဲ့ရုပ်ရည်နဲ့ မင်းစိတ်ခံတတ်၊ မင်းစကားသံနဲ့ မင်းစကား
တွေဟာ ဘယ်လိုမှဆက်စပ်လို့မရနိုင်ဘဲ တခြားစီမှ တခြားစီ
တကား။

မင်းနဲ့သဏ္ဌာန်တူ နှိုင်းပြဖို့တောင် ဘယ်အရာတစ်
ရှာမတွေ့ဘူး။

ပေါ့ပေါ့ လျော့လျော့ အပျော့စားနဲ့ အလွယ်ဆုံးပြော
ပြောရမယ်ဆိုရင်တော့ မင်းဟာ ငရဲကမ္ဘာက ငရဲပန်းမင်းသမီး
တစ်ပါးပါပဲကွယ်။





ခြော်. .လိမ္မော်ချိုရယ်. . .။

ဟူသော အတွေးများဖြင့် မင်းတင်ဌေးသည် ထမ်းဆောင်
ခဲ့သည့် တာဝန်များထဲ ထိုတာဝန်တစ်ရပ်နှင့်ကျမှ ရင်မောစွာ ရှိနေ
မိရပါသတည်း။ ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## တစ်ဆယ့်တစ် –

"တရင်. .ရင်. .ရင်. . ."

တစ်နေ့တာလုပ်ရမယ့် တာဝန်များမှတ်ထားသည့် ဖိုင်တွဲထဲမှ ယခုဆက်လုပ်ရမည့် တာဝန်ရပ်အား ရှာဖွေနေဆဲ. . .

အနီးမှ ရှုးရှူးလေးထွက်ပေါ်လာသည့် ဖုန်းမြည်သံလေးကြောင့် စပျစ်မှာ ဖုန်းလေးအား ဆတ်ခနဲ ကောက်ကိုင်နားထောင်လိုက်ရင်းက. . .

"ဟဲလို. .မမလိမ္မော်ပြောပါ. . ."





"အေး. .စပျစ်ရေ. .သစ်တော်၊ မက်မွန်၊ သရက်တို့ဆီအကြောင်းကြားပြီး မမဆီအားလုံးလာခဲ့ကြပါကွယ်. . ."

"ကောင်းပါပြီ မမလိမ္မော်. . ."

စဖျစ် စကားလေးအဆုံး၌ တစ်ဘက်မှ လိမ္မော်ချို ဖုန်းချသွားပြီဖြစ်၏။

လိမ္မော်ချိုအမိန့်မို့ စပျစ်ကား လုပ်ငန်းဖိုင်တွဲအား ဘေးအသာထားပြီး သစ်တော်ဆီသို့ ဖုန်းဆက် အကြောင်းကြားလိုက်ရပါသတည်း။

မမလိမ္မော်ခေါ်ကြောင်း တစ်ဆင့်ပြီးတစ်ဆင့် အကြောင်းကြားလိုက်ကြပြီးသော် မကြာမီအချိန်အတွင်း၌ပင် လိမ္မော်ချိုရှိရာအလုပ်ခန်းကြီးထဲသို့ အားလုံးရောက်ခဲ့ကြပါလေသတည်း။

ထုံးစံအတိုင်း ခွေးဘီလူးကြီး ရမ်းရမ်းဖွင့်ပေးသည့် တံခါးမှသူတို့အခန်းထဲဝင်ရောက်ခဲ့သည်နှင့်. . .

"ထိုင်ကြ ညီမတို့ရေ. . ."

ခန်းဆီးလှလှကြီးနောက်ကွယ်မှ အသံနှင့်အတူ လိမ္မော်ချို

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာသည်။

ထုံးစံအတိုင်း လိမ္မော်ချိုအား အတွင်းရေးမှူးမလေးများမှာ ငေးမောမိနေကြ၏။

လိမ္မော်ချိုသည် စားပွဲကြီးပေါ် တင်ပါးလွှဲလေး ဝင်ထိုင်ကာ လက်ကလေးသာသာပိုက်ရင်းက. . .

"ညီမတို့နဲ့ မမတိုင်ပင်ချင်လို့. . ."

"အရေးပေါ်လား မမ. . ."

"ဆိုပါတော့. . ."

စပျစ်စကားကို အပြုံးနုနုလေးဖြင့် လိမ္မော်ချိုဆိုရင်း ထိုင်ရာမှ မတ်မတ်ကလေးထရပ်သည်။

"ဟုတ်ကဲ့ ပြောပါ မမ. . ."

သစ်တော်က အလှနတ်သမီးလေးကို ငေးကြည့်ရင်း လေးလေးနက်နက်ဆိုသည်။

"အဟင်း. . ."

သူတို့အားလုံး၏ မျက်နှာလေးတွေဆီ လိမ္မော်ချိုသည် တစ်ယောက်စီကြည့်ကာ ရယ်ရင်းမှ. . .



"သန်ဘက်ခါ အင်္ဂါနေ့မဟုတ်လား. . ."

"ဟုတ်တယ် မမ. . ."

"အင်း. သန်ဘက်ခါ မယ်ဆိုင်က ဧည့်သည်တွေ ရောက်မယ်. . ."

လိမ္မော်ချိုစကားကြောင့် အားလုံးမှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

"အဟင်း. . ."

သဘောပေါက်စွာ လိမ္မော်ချိုက ညင်ညင်ကလေးရယ်သည်။ ပြီးမှ စကားကိုဆက်၏။

"အဲဒါ ဒီဧည့်သည်တွေကို ထူးထူးခြားခြားလည်း ဖြစ်အောင် ဧည့်ခံမှုအစီအစဉ်တစ်ရပ်ကို မမစဉ်းစားထားတယ်. . ."

"ဘာကိုစဉ်းစားထားလဲ မမလိမ္မော်. . ."

စပျစ် အသက်အောင့်ပြီး မေးပုံရသည်။

လိမ္မော်ချိုမှာ စပျစ်ကိုကြည့်ပြီး နှုတ်ခမ်းလှလှလေးအား



www.burmeseclassic.com

www.burmeseclassic.com



ဖွဖွလေးစေ့ကာပြုံးရင်းမှ. . .

"စန္ဒရားလက်သံနဲ့ ညည်းခံဖို့လေ. . ."

"ဟင်. . ."

"ဟင်. . ."

လိမ္မော်ချိုစကားကြောင့် သူတို့အားလုံး အံ့ဩသွားကြသည်။ အပြုံးမပျက် လိမ္မော်ချိုကြည့်နေလေ၍ စပျစ်က. . .

"မမလိမ္မော်. . ."

"ပြော. . ."

"စပျစ်တို့လည်း အဲဒီလိုအကြံရလို့ မမကိုပြောဖို့ တိုင်ပင်ထားကြသေးတယ်. . ."

"သိသားပဲ. . ."

"ဟင်. . ."

"ဟင်. . ."

သူတို့အံ့ဩသွားကြပြန်သည်။

"အဟင်း. . .ဟင်း. . ."





သူတို့ကိုကြည့်ပြီး လိမ္မော်ချိုရယ်သည်။

"ဟင်. . .မမဘယ်လိုသိတာလဲ. . ."

"သိတာပေါ့ သရက်ရယ်၊ မမလိမ္မော်ဟာ ဒီကဗျာချိုချိုစံအိမ်ကြီးရဲ့ အရှင်သခင်ဆိုတာလည်း မေ့မထားနဲ့ဦးလေ၊ အဟင်းဟင်း. . ."

"ကဲပါလေ ထားပါတော့။ အခု မမအစီအစဉ်ကို ညီမတို့အားလုံး သဘောကျတယ်၊ လက်ခံကြတယ်မဟုတ်လား. . ."

"ဟုတ်ကဲ့. . ."

သူတို့လေးယောက်ထံမှ သဘောကျသော စကားသံက ပြိုင်တူထွက်လာကြသည်။

"ကဲ. . .ဒါဖြင့် မမဆက်ပြောမယ်၊ ညည်းသည်တွေက ဒီမှာ သုံးလေးရက်လောက်နေကြမယ်၊ ဒီတော့ စန္ဒရားဆရာကိုလည်း ညည်းသည်တွေမပြန်မချင်း ထားရမှာပဲ. . ."

"ကောင်းတယ် မမ၊ ဒါမှ သစ်တော်တို့လည်း သင်ဖို့သာကြမယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွယ်၊ မင်းတို့ပြောသံကြားကတည်းက မမလည်း သဘောပေါက်ပါတယ်၊ ဒါကြောင့်လည်း ခုလိုစီစဉ်ရတာပေါ့၊ ကဲ ဒီတော့ စန္ဒရားဆရာကို ဘယ်သူသွားခေါ်မလဲ၊ ကြိုတင်ပြီး ခေါ်ထားမှ ဖြစ်မယ်နော်၊ တော်ကြာ တစ်ခုခုနဲ့သွားတိုက်ဆိုင်နေရင် တို့ညှိခဲ့ပွဲ အစီအစဉ် ထိခိုက်နေမယ်. . ."

"ဟုတ်ကဲ့ မမ၊ ဒီနေ့မဟုတ်ရင် မနက်ဖြန်ပဲ သွားခေါ်ထားမယ်. . ."

"အေး အဲဒါတော့ မင်းတို့ပဲ စီစဉ်လိုက်ကြပေါ့ကွယ်. ."

"ဟုတ်ကဲ့ မမ၊ စပျစ်က စန္ဒရားဆရာကိုသိတယ်၊ စပျစ်နဲ့ သစ်တော်တို့ပဲ သွားခေါ်ထားကြပေါ့နော်. . ."

"ငါကလက်သံကောင်းလွန်းလို့ သဘောကျပြီး စပ်စုထားလို့ သိတာပါဟာ၊ ငါစပ်စုတယ်ဆိုတာက လိုရမည်ရလည်း ဖြစ်တာပေါ့"

မက်မွန်စကားကြောင့် လိမ္မော်ချိုရှေ့တွင် စပျစ်မှာ မလုံမလဲလေး ရှင်းချက်ထုတ်လိုက်ရသည်။

လိမ္မော်ချိုအဖို့ကား ထိုစကားများအား မည်သို့မျှ အလေး





မထား။ ဂရုမစိုက် မကြားဟန်သာ နေလိုက်ပြီး. . .

"ကဲ. .ညှိသည်တွေလာမယ့်ကိစ္စအားလုံး မင်းတို့အားလုံး တိုင်ပင်ပြီးလုပ်ကြနော်၊ ဘယ်လောက်ကုန်ကုန်၊ ကုန်ကျသမျှ စပျစ် စာရင်းလုပ်ပေါ့. . ."

"ဟုတ်ကဲ့ မမလိမ္မော်. ."

"ဪ. .ဟိုတစ်ပတ်က ညီမတို့ကိုပေးထားတဲ့ တာဝန်တွေ အဆင်ပြေတယ်နော်. . ."

"ဟုတ်ကဲ့ အားလုံးအဆင်ပြေပါတယ်၊ နောက်ဆယ်ရက်နေ့မှာ ထပ်ချိန်းထားတယ်. . ."

"ဘယ်မှာလဲ. . ."

"ဟိုဘက် နယ်စပ်မှာပဲ. . ."

"အေးလေ ပြီးတာပဲ၊ ဒီအဖွဲ့က အဖွဲ့သစ်မဟုတ်လား၊ လုပ်ရကိုင်ရတာ အဆင်ပြေရဲ့လား. . ."

"ဟုတ်ကဲ့ အဖွဲ့သစ်ပဲ၊ အဆင်ပြေပါတယ်. . ."

"အေးလေ၊ သူတို့လည်း အလုပ်ကြီးလုပ်နေကြတဲ့ အဖွဲ့ပဲ၊



www.burmeseclassic.com

www.burmeseclassic.com



သစ္စာတော့ရှိကြမှာပေါ့၊ ကိုယ့်ဘက်ကတော့ စပြီး အမှားအယွင်း မရှိကြစေနဲ့နော်. . ."

"စိတ်ချပါ မမ. . ."

"အင်း အဆင်မပြေတာရှိရင် မမကိုပြောကြ. . ."

"ဟုတ်ကဲ့ စိတ်ချပါ မမ. . ."

"ညီမတို့ကို မမစိတ်ချပါတယ်ကွယ်၊ ညီမတို့အလုပ်လုပ်တဲ့အခါ ဘာမှမကြောက်နဲ့၊ ညီမတို့နောက်မှာ မမလိမ္မော်အမြဲရှိတယ်၊ ညီမတို့ ဘာမှမဖြစ်စေရဘူး သိလား. . ."

"ဟုတ်ကဲ့ပါ မမ. . ."

"ကဲ. ညီမတို့ဘာပြောစရာတွေရှိသေးလဲ. . ."

"မရှိတော့ပါဘူး မမ. . ."

"ဟုတ်ပြီ၊ ဒါဖြင့် ညီမတို့အားလုံး သွားနိုင်ပြီ၊ အားကားရေတံခါးဖွင့်ပေးလိုက်ပါကွယ်. . ."

စကားအဆုံး လှပသော ခန်းဆီးကြီးနောက်ကွယ်သို့ လိမ္မော်ရှို ဝင်ရောက်သွားလေတော့သည်။





လိမ္မော်ချိုအခန်းမှ ပြန်ထွက်လာကြသည့် စပျစ်တို့အားလုံးကား ကျေနပ်ဝမ်းမြောက်ခြင်းတို့ဖြင့် စန္ဒရားဆရာ မင်းတင်ဌွေး၏ အကြောင်းများအား တစ်ယောက်တစ်ပေါက် တစ်ပျော်တစ်ပါးကြီး ပြောမဆုံးနိုင်ရှိနေကြပါသတည်း။ ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## – တစ်ဆယ့်နှစ် –

"ကျွန်တော့်လက် ဘယ်လိုနေလဲ ဆရာ. . ."

ဆေးပတ်တီးစည်းထားပေးသည့် သူ့ညာလက်ကို ကြည့်ပြီး ဆရာဝန့်ကို မင်းတင်ဌွေး မေးကြည့်မိသည်။ ဆရာဝန်မှာ သူ့အတွက် လိုအပ်သည်တို့ကို လုပ်ပေးပြီးနောက် ဆေးသေတ္တာကို သိမ်းဆည်းနေဆဲက. . .

"ကိုမင်းတင်ဌွေးက ဘယ်လိုထင်လို့လဲ. . ."

"မပြောတတ်ဘူး၊ နာနေတော့လည်း ကျိုးသွားတယ်လို့ တင်တာပဲလေ. . ."





"ဟဲ ဟဲ. .မကျိုးပါဘူးဗျာ၊ ကျိုးရင် ခင်ဗျား ဒီလိုဘယ်နေနိုင်မလဲ၊ ဒီရာသီနဲ့ ကိုက်ခဲလို့ သေမတတ်ခံရမှာပေါ့. . ."

"ဒါဖြင့် ဘယ်လိုဖြစ်သွားလဲ၊ အရိုးအက်သွားတာလား"

"အင်း. .ဟုတ်တယ်၊ လက်ဖျံရိုးနဲနဲအက်သွားရုံလောက်ပါပဲ၊ အရေးမကြီးပါဘူး၊ ခေါင်းကဒဏ်ရာကလည်း ချုပ်ရလောက်တဲ့အဆင့် မရှိပါဘူး၊ နည်းနည်းပါပဲ. . ."

"ခင်ဗျားနေသာအောင် ကျွန်တော်ဆေးလည်းထိုးပေးပြီးပြီ၊ သောက်ဖို့ဆေးတွေလည်း ပေးထားပြီးပြီပဲ၊ မစိုးရိမ်ရပါဘူးဗျာ"

ဆေးသေတ္တာကိုသိမ်းပြီး ဆရာဝန်က အေးအေးဆေးဆေး ဆိုသည်။

မင်းတင်ဌွေးမှာ သူ့လက်ကိုငုံ့ကြည့်နေမိသည်။ သို့သော် သူ့လက်ကို သူ မမြင်။ သူမြင်နေသည်က လိမ္မော်ချို၏ ရွှေရုပ်လွှာလေး။

ပြီးတော့ သူမစကားသံတွေရယ်။ သံစဉ်နှင့်ပြည့်ဖက် စကားလုံးတိုင်းသည် အကြင်နာခေါင်းပါးစွာ ပြတ်သားလွန်းလှပါ



www.burmeseclassic.com

www.burmeseclassic.com



ပေ၏။

"ဟင်း . . ."

မင်းတင်ငွေး သက်မပြောကိုချမိသည်။

"ကိုမင်းတင်ငွေး. . ."

"ခြော်. .ဗျာ ဆရာ. . ."

ဘွေးရည်ထဲစိမ်နေဆဲ ဆရာဝန်ခေါ်သံ ကြားမိလေမှ အားနာ တရ သူထူးမိလေသည်။

"ကျွန်တော်သွားမယ်၊ ကိုမင်းတင်ငွေး အခု ဘာလိုသေး လဲ. . ."

"ဗျာ. . ."

ဆရာဝန်စကားကြောင့် သူ ဆရာဝန့်မျက်လုံးတွေဆီ စိုက်ကြည့်မိဖြစ်သည်။

"ဟဲ. .ဟဲ. . ."

မင်းတင်ငွေးအံ့သြသွားသည့် ဟန်အား ဆရာဝန်မှာ ရယ် လိုက်ပြီး. . .





"ကိုမင်းတင်ငွေး အံ့သြသွားတယ်ထင်တယ်၊ မအံ့သြပါနဲ့ဗျာ၊ ဆို သဘောပေါက်လောက်ရောပေါ့. . ."

"ကျွန်တော့်မှာမည် ကျော်ရွာပါ၊ ဒီကို ကိုမင်းတင်ငွေးထက် ခြောက်လစောပြီး ရောက်နေတယ်လေ. . ."

"အဟွန်း ကျေးဇူးပဲဗျာ၊ ခုတော့ ကျွန်တော် ဘာမှအကူအညီ လိုသေးပါဘူး. . ."

"အေးလေ၊ ဒါပေမယ့် ကိုမင်းတင်ငွေးနောက်မှာ ကျွန်တော် ကို့ အသင့်ရှိပါတယ်. . ."

"ဟုတ်ကဲ့ ဆရာ. . ."

"ဒါနဲ့ ကိုမင်းတင်ငွေးရဲ့ဒီလက်က အဏ်ရာဟာ ပွိုင့်ဟာစ်နဲ့ပဲ ဟုတ်လား. . ."

"အဟွန်း. .ဆရာ ဘယ်လိုသိလဲ. . ."

ချောမောသောအပြုံးနှင့် သူ မေးသည်။

"ပြောပါပကော ကိုမင်းတင်ငွေး၊ နောက်မှာ ကျွန်တော်တို့ အသင့်ရှိနေကြပါတယ်လို့. . ."



www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း . ဟွန်း . . ."

ယောက်ျားပီသစွာ ချောမောသောအပြုံးဖြင့် ဒေါက်တာ

ကျော်စွာ စကားအား မင်းတင်ဌွေး ဝန့်ခံ၏။

"ဟော . ကိုမင်းတင်ဌွေး၊ ဟိုမှာ အမျိုးသမီးနှစ်ယော

လာနေပါလား . . ."

"အင်း . . ."

မှန်သည်။

စပျစ်နှင့် သစ်တော်။

ကုန်းထိပ်ရှိ တိုက်နီကြီး၏ပြတင်းမှ ဒေါက်တာကျော်

ပြရာသို့ မင်းတင်ဌွေးလှမ်းကြည့်ပြီး ခေါင်းညိတ်ကာ အသိအမှ

ပြုသည်။

စပျစ်နှင့်သစ်တော်တို့မှာ တောင်ကုန်းအောက်၌ပင် ကား

ရပ်ခဲ့ပြီး ကုန်းပေါ်သို့ ခြေလျင်သူတို့လျှောက်ခဲ့ကြသည်။

ဒေါက်တာကျော်စွာနှင့် မင်းတင်ဌွေးမှာ စပျစ်နှင့် သစ်တော

တို့ဆီ လှမ်းကြည့်ဆဲက ဒေါက်တာကျော်စွာက . . .





"ဒီအမျိုးသမီးလေးတွေကို ကိုမင်းတင်ဌွေး သိလား . . ."

"မြင်ဖူးတယ်၊ သိလည်းထားတယ်၊ နာမည်တော့ မသိသေး

ဘူး . . ."

"ဂျင်းဘောင်းဘီနက်ပြာရောင် ဝတ်ထားတဲ့ အမျိုးသမီးလေး

ကား စပျစ်တဲ့၊ ထဘီဝတ်ထားတဲ့ အမျိုးသမီးက သစ်တော်တဲ့ ."

"သြော် . သစ်သီးတွေရဲ့ နာမည်လေးတွေပဲ ကိုကျော်စွာ"

"ဟုတ်တယ်၊ အားလုံးက သစ်သီးနာမည်တွေနဲ့ ချည်းပဲ၊

အားလုံးဟာ နာမည်ရင်းတွေတော့ ဟုတ်ဟန်မတူပါဘူး"

ဒေါက်တာကျော်စွာ၏ သုံးသပ်ချက်အား မင်းတင်ဌွေး

ဘာမှပြန်မပြောဆို။

ဘာကိစ္စနဲ့ ငါ့ဆီကို သူတို့လာနေကြပါလိမ့်။

ဟူသော အတွေးဖြင့် စပျစ်တို့ဆီသို့ မင်းတင်ဌွေး ကြည့်နေ

မိရချေ၏။

"ကဲ . ကိုမင်းတင်ဌွေး၊ ဟိုမှာ ရောက်လာကြတော့မယ်၊

ကျွန်တော်သွားမယ် . . ."



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ကိုကျော်စွာ. . ."

မင်းတင်မြေး သဘောပေါက်စွာ ခေါင်းညိတ်ဆိုသည်။ ဆေးသေတ္တာလေးဆွဲကာ ဒေါက်တာကျော်စွာကား တိုက်နီကြီးထဲမှ ထွက်ခဲ့ပါလေပြီ။

တိုက်နီကြီးသို့ရောက်ရန် တတိယကွေ့ကိုရောက်သော် ဒေါက်တာကျော်စွာနှင့် စပျစ်တို့ ဆုံတွေ့ကြသည်။

"ဟာ. .ဒေါက်တာပါလား. . ."

"အေးကွ၊ မင်းတို့ဘယ်လဲ၊ ဒီကိုလာတာလား. . ."

"ဟုတ်တယ် ဒေါက်တာ၊ စန္ဒရားဆရာဆီလေ၊ ဒေါက်တာကကော ဆေးသေတ္တာကြီးနဲ့ပါလား၊ ဘယ်သူ့လာကြည့်တာလဲ"

"စန္ဒရားဆရာပဲပေါ့ကွ. . ."

"ဟင်. .စန္ဒရားဆရာ အာဖြစ်လို့လဲ ဒေါက်တာ. . ."

စပျစ်ကော သစ်တော်ပါ သူတို့အကြံအစည်အတွက် စိတ်အနှောင့်အယှက်ဖြစ်ကာ စိုးရိမ်တကြီး မေးဖြစ်ကြလေသည်။

ဒေါက်တာကျော်စွာမှာ သူတို့အကဲကို သုံးသပ်လိုက်ပြီးမှ





"တခြားတော့ မဖြစ်ပါဘူး၊ ဟိုနေ့က ကားတိုက်လို့ဆိုလား၊ လက်ဖျံရိုးနည်းနည်းခိုက်မိသွားလို့ လာကြည့်ရတာပါ. . ."

"လက်နာသွားတာပေါ့ ဟုတ်လား၊ ဒါဖြင့် စန္ဒရားမတီးနိုင်တော့ဘူးပေါ့နော်၊ ဒုက္ခပါဘဲ. . ."

"အေဒါ. .မင်းတို့က သူ့ကိုလာမေးကြတာလား၊ အေးလေ သွားမေးကြည့်ပေါ့၊ သူတီးနိုင်ရင်လည်း တီးနိုင်မှာပေါ့. . ."

"အတော်ကြီးဖြစ်လား ဒေါက်တာ. . ."

"သိပ်မဖြစ်ပါဘူး၊ နည်းနည်းပါ. . ."

"ကဲ. .စပျစ်၊ ဒါဖြင့် တို့သွားမေးကြည့်ရအောင်. . ."

"ဒေါက်တာ ကျွန်မတို့ကို သွားခွင့်ပြုပါဦးနော်. . ."

"ကောင်းပါပြီဗျာ. . ."

ဒေါက်တာကျော်စွာကို နှုတ်ဆက်ခဲ့ပြီး စပျစ်တို့မှာ တစ်ယောက်လက် တစ်ယောက်ဆွဲကာ ကုန်းပေါ်သို့ ပြေးတက်ခဲ့ကြလေ၏။ သူတို့ဆင်စင်အောက်ရောက်သည်နှင့် တိုက်တံခါးအသင့်ပွင့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"စပျစ် ထဲခါးပွင့်နေတယ် ဝင်ကြမလား . . ."

"အေး အသံပေးပြီးဝင် . . ."

"အေးပါ၊ ဆရာ .ဆရာ . . ."

"ဗျာ. .ကျွန်တော် ဧည့်ခန်းထဲရှိပါတယ်၊ ဝင်ခဲ့ပါ. . ."

ဧည့်ခန်းထဲအရောက် မင်းတင်ဌေးရှေ့သို့ သူတို့ရောက်သော်

"ဆရာ . . ."

"ဪ .ထိုင်ပါခင်ဗျာ၊ ဘာကိစ္စများရှိပါသလဲခင်ဗျာ"

စပျစ်နှင့် သစ်တော်မှာ မင်းတင်ဌေးလက်မှ ပတ်တီးကို ကြည့်ပြီး ဝင်ထိုင်ကြသည်။ မင်းတင်ဌေးကား ကုလားထိုင်လက်ရန်းထက် လက်တစ်ဖက်နှင့် မေးထောက်ကာ သူတို့ကိုကြည့်နေမိ၏။

မင်းတင်ဌေးအသွင်က ချောမွေ့တည်ကြည် အေးစက်လွန်းပါ၏။

"ဆရာ့ကို စပျစ်တို့က အရေးကြီးတဲ့ ဧည့်ခံပွဲတစ်ခုမှာ ဆရာ့လက်သံနဲ့ ဂုဏ်ပြုဖျော်ဖြေပေးစေချင်လို့ လာပြောကြတာပါ ဆရာ . . ."





"ဟုတ်ပါတယ် ဆရာ၊ ခုတော့ ဆရာ့လက်တစ်ဖက် ခြေအနေကို သစ်တော်တို့တွေ့ရတော့ . . ."

"ဪ .ဒါလား၊ ရပါတယ်ဗျာ၊ ကျွန်တော့်လက်ဒဏ်ရာက ိပ်ကြီးကျယ်တာမှမဟုတ်ဘဲ၊ စန္ဒရားခလုတ်တွေလောက်တော့ ျွန်တော့်လက်ချောင်းတွေက ဆော့ကစားနိုင်ကြပါသေးတယ်လေ"

"ဟာ ဆရာ တကယ်ပြောတာလား . . ."

"ဆရာ တကယ်ပြောတာ . . ."

ဝမ်းသာအားရမာန်ဖြင့် စပျစ်တို့ ဆိုသည်။

"ညာစရာမှ မဟုတ်ဘဲဗျာ၊ ဒါနဲ့ ခင်ဗျားတို့ ဧည့်ခံပွဲက ယ်နေ့လဲ. . ."

"သန်ဘက်ခါ ဆရာ . . ."

"သန်ဘက်ခါ. . ."

"ဟုတ်ကဲ့ ဆရာ့မှာ တိုက်ဆိုင်နေတာများ ရှိနေလို့လား"

"ဪ .မရှိပါဘူး၊ ရပါတယ် . . ."

"တော်ပါသေးရဲ့ ဆရာ၊ စပျစ်တို့ ဧည့်ခံပွဲက လေးရက်



www.burmeseclassic.com

www.burmeseclassic.com



လောက် ဆရာဖြေဖျော်ပေးရမှာ . ."

"ဖြစ်ပါတယ်. . ."

မင်းတင့်ဌေး၏ သွယ်ပျောင်းသော အနုပညာ လက်ချောင်းတွေနှင့် ချောမွေ့လွန်းသော အားစက်စက်မျက်နှာအသွင်ကို စပျစ်နှင့် သစ်တော်တို့မှာ ငေးကြည့်ပြီး စပျစ်က စကားဆက်သည်။

"ပြီးတော့ ဆရာ၊ ဟို အားတော့နာပါတယ်၊ စပျစ်တို့ရဲ့ မမက မှာလိုက်ပါတယ်၊ ဖျော်ဖြေညှို့ခံနေတဲ့ လေးရက်စလုံးမှာ ဆရာအပြင်မထွက်ရဘူး၊ ဟိုမှာပဲ နေရမယ်တဲ့. . ."

"ဟင်. .ခင်ဗျားတို့ဟာက ဘယ်လိုကြီးလဲ၊ ကျွန်တော်က ဆေးလိပ်လေး ဘာလေးတောင် သောက်ချင်တာမျိုး၊ အညောင်းအညာပြေ အပြင်ဘက်လမ်းလျှောက်ချင်တာမျိုး လုပ်ချင်ရင်ကော"

"အဲဒါတော့ မမလီမွှော်နဲ့ပဲ ပြောမှ ဖြစ်မယ် ဆရာ. ."

"အို. .ဒီလောက်တော့လည်း ဖြစ်ပါတယ် စပျစ်ရယ်. ."

"ဪ. .ဆရာ၊ ဟိုဆရာရဲ့ ဥာဏ်ပူဇော်ခက တစ်နေ့ကို ဘယ်လောက်လဲဆိုတာတိုလည်း မမက မေးခိုင်းပါတယ် ဆရာ"





"မေးမနေနဲ့၊ မင်းတို့ရဲ့ မမနဲ့တွေ့တဲ့အခါ ပြောမယ်"

မင်းတင်ဌေးစကားကြောင့် စပျစ်နှင့် သစ်တော်တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်မိလိုက်ကြသည်။ မကြည့်သလိုနှင့် မင်းတင်ဌေး မြင်ပါ၏။

"ဒါနဲ့နေပါဦး၊ မင်းတို့က ဆရာ့အိမ်ကို ဘယ်လိုလုပ် သိကြလဲ. . ."

"စပျစ်သိတာ ကြာပါပြီ၊ စပျစ်က စုံစမ်းထားတာပါ"

"ဪ. .ဪ. .အေးလေ၊ ဆရာကမြို့ထဲက သူဌေးသမီး တစ်ယောက်ကို စန္ဒရားတီးသင်ပေးနေရတယ်၊ သူ့ကိုလေးရက်လောက် ဖျက်ပြီး မင်းတို့ဆီလာပါ့မယ်၊ ဪ. .မင်းတို့ရဲ့ မမလီမွှော်ဆိုတာနဲ့လည်း ပြန်ညှိကြည့်ပါဦးပေါ့၊ သူက ကျေနပ်ရင် ဆရာ့ဆီ ဖုန်းပြန်ဆက်၊ ဒီမှာ ဆရာ့ဖုန်းနံပါတ်. . ."

အသင့်ရှိသည့် ဖုန်းနံပါတ်ကို သူ လှမ်းပေးလိုက်သည်။

"ဟုတ်ကဲ့ ဆရာ၊ ဒါဖြင့် စပျစ်တို့ပြန်လိုက်ပါဦးမယ်၊ ညကျရင် ဆရာ့ဆီဖုန်းပြန်ဆက်ပါ့မယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ. . ."

သူ့ကိုနှုတ်ဆက်ပြီး စပျစ်တို့ ထိုင်ရာမှ ထလိုက်မိသည်။ သူမတို့မျက်လုံးလေးတွေက မင်းတင်ဌေးနေသော တိုက်ကြီးအား အလှမ်းမီသလောက် အကဲခတ်သွားကြ၏။

ဟိုသည်လည်း မကြည့်ပါဘဲနှင့် မင်းတင်ဌေး သိပါသည်။ စပျစ်တို့ ပြန်သွားကြပြီ။ မင်းတင်ဌေး ထိုင်ရာမှ ထလိုက်သည်။ ဗီရိုဟောင်းကြီးတစ်ခုဆီ လျှောက်ခဲ့၏။

ဗီရိုကိုဖွင့်ကြည့်လိုက်သည့်တွင် မနေ့က မိမိအား လိမ္မော်ချိုလျော်ကြေးအဖြစ် ပေးသွားသည့် ငွေသုံးသိန်းက သည်အတိုင်း ရှိနေပါချေ၏။ ငွေထုပ်ကြီးကို သူ စိုက်ကြည့်ဆဲ. . .

"ရော့. .ဒီမှာ ရှင့်အတွက် လျော်ကြေးသုံးသိန်း. . ."

အကြင်နာမဲ့စွာ အေးစက်သည့် ချိုနှင့်သံစဉ်အား မင်းတင်ဌေး ပြန်ကြားယောင်ရ၏။

"ဟင်း. . ."

ငွေထုပ်ကိုကြည့်ဆဲ သူ သက်မချရပြန်သည်။





ငါ ဘာကြောင့် သက်မတွေချနေရတာလဲ၊ ဒါဟာ ငါ့ရဲ့အားနည်းချက်ပဲ၊ အို. . .။

ခေါင်းကိုယမ်းပြီး အတွေးကို ခါထုတ်ပစ်သည်။ ဗီရိုတံခါးကို ပိတ်သည်။ ပြတင်းပေါက်တစ်ခုနား သွားရပ်ကာ တန့်နှောင်းမြို့၏ အလှအား အပေါ်စီးမှ သူကြည့်နေလိုက်၏။ သူ၏စိတ်အာရုံအား ပြောင်းပစ်လိုက်ခြင်းပါ။ သို့ဖြင့် ညဘက်သို့ရောက်သော်. . .

"တရင်. .ရင်. .ရင်. . ."

ဖုန်းမြည်သံကြားသည်နှင့် မင်းတင်ဌေး ဖုန်းကို ကောက်ကိုင်နားထောင်လိုက်၏။

"ဆရာမင်းတင်ဌေး ရှိပါသလားရှင်. . ."

တစ်ဖက်မှအမျိုးသမီးအသံကြောင့် မင်းတင်ဌေး နားလည်လိုက်၏။

"ဟုတ်ကဲ့၊ ကျွန်တော် ပြောနေပါတယ်၊ အမိန့်ရှိပါခင်ဗျာ"

"သြော်. .ဟုတ်ကဲ့ ဆရာ၊ ကျွန်မ နေ့ခင်းကလာတဲ့ စပျစ်ပါ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. .အင်း ပြောပါ. . ."

"စပျစ်တို့ကို မမလိမ္မော်က အားလုံးခွင့်ပြုပါတယ် ဆရာ
ညာဏ်ပုမော်ခလည်း ဆရာ့စိတ်တိုင်းကျ ဖြစ်ရပါစေ့မယ်တဲ့. . ."

"ကောင်းပြီလေ. . ."

"ဩော်. .ဆရာ၊ ဟို ဆရာ လေးရက်အတွင်းတော့ အိ
မပြန်ရဘူးနော်. . ."

"အင်းလေ ရပါတယ်၊ အပြင်နည်းနည်းပါးပါး ထွက်ရ
တော်ပါပြီ. . ."

"ဟုတ်ကဲ့ ဆရာ၊ ဒါကို မမက စီစဉ်ပေးပါမယ်တဲ့၊ ပြီးတေ
ဆရာ့ကို စပျစ်တို့ သန်ဘက်ခါဘယ်အချိန် လာခေါ်ရမလဲဟင်"

"ကျွန်တော်ဟာ ကျွန်တော်လာလို့ မရဘူးလား. . ."

"ရတော့ ရပါတယ်ဆရာ၊ ဆရာ ပင်ပန်းနေမှာစိုးလို့
စပျစ်တို့ပဲ လာခေါ်ပါရစေ ဆရာ. . ."

"အေးလေ ဒါဖြင့်လည်းပြီးတာပဲ၊ ခင်ဗျားတို့ကြိုက်တဲ့ အ
လာခေါ်ပါ၊ ကျွန်တော့်ဘက်က အသင့်ဖြစ်စေရပါ့မယ်၊ ဩေးရ





ဆိုတော့ ကျွန်တော့်အဝတ်အိတ်တစ်လုံးတော့ ပါရမှာပေါ့နော်. ."

"ဟုတ်ကဲ့ ဆရာ. . ."

"ဒါနဲ့ ခင်ဗျားတို့ဆီမှာရှိတဲ့ စန္ဒရားက ကောင်းပါတယ်
နော်. . ."

"ကောင်းပါတယ် ဆရာ၊ စန္ဒရားက သုံးလုံးတောင်ရှိပါတယ်၊
အမဟာအမျိုးအစားချည်းပါပဲ. . ."

"အင်း ကောင်းပြီလေ၊ ဒါပဲမဟုတ်လား. . ."

"ဟုတ်ကဲ့ ဆရာ. . ."

စကားပြတ်သည်နှင့် မင်းတင်ဌေး ဖုန်းကိုချလိုက်တော့
သည်။ ထို့နောက် မင်းတင်ဌေးကား ရသည့်အခွင့်အရေးများအတွက်
ချည်းနှီးမဖြစ်စေရန် စဉ်းစားနေရပါလေပြီတည်း။ ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## — တစ်ဆယ့်သုံး —

ကဗျာချိုချိုစံအိမ်အတွက် ဖြေဖျော်မှုအစီအစဉ်အား လက် ထားသည့်နေ့။ အချိန်မှာ နံနက်ရှစ်နာရီထိုးပေပြီ။ မင်းတင်ဌေးအ လည်း အဆင်သင့်မင် ဖြစ်နေပြီဖြစ်၏။

ဘယ်အချိန်လာခေါ်ပါရန် အချိန်ကို သူ အတိအကျ မပြေ ထားသဖြင့် သူ့ဘက်မှ အစီအစဉ်တို့ကိုသာ မနေ့ကတည်းက အပြီးအစီး သူလုပ်ထားရသည်။

သည်နေ့တော့ သူကဘာမှလုပ်စရာမရှိ။ အသင့်စောင့်နေရုံ ရှိတော့၏။ ဧည့်ခန်းထဲ သူထိုင်ရင်း ဒဏ်ရာရသည့်ဘက်မှ ...





လက်ချောင်းလေးတွေကို လှုပ်ကစားကြည့်နေမိသည်။

သူ့အတွေးဦးနှောက်ထဲမတော့ ငါ့စိတ်စဉ်မှုတွေ ဘာလိုသေးလဲ၊ ဘာတွေလိုအပ်နေသေးလဲဟူသော အတွေးတို့က ထပ်ခါတလဲလဲ သတိပေးနေမိလေ၏။ သို့သော် သူ ဘာမှမလိုအပ်တော့ကြောင်း သူ့စိတ်တစ်ပိုင်းကလည်း အဖြေပေးနေပြီဖြစ်၏။

"တီ. .တီ. . ."

သူ့စိတ်ကူးနှင့်သူရှိခဲ့ ကားဟွန်းသံနှစ်ချက်ကို သူ ကြား လိုက်သည်။ ထိုင်ရာမှ ထကာ ပြတင်းပေါက်ဆီသွားပြီး တောင်ကုန်း အောက်ရှိ လမ်းပေါ်သို့ သူ ငုံ့ကြည့်လိုက်၏။

ကားထဲမှ အမျိုးသမီးလေးတစ်ယောက် လက်တစ်ဘက်က သူ့ထံဖော့ယမ်းပြနေသည်။ စပျစ်အမည်ရှိ အမျိုးသမီးမှန်း သူသိလိုက် ၏။

သူလည်း လက်တစ်ဘက်ကို ပြန်မြှောက်ပြလိုက်သည်။ ကားတံခါးဖွင့်ကာ စပျစ်နှင့်သစ်တော်တို့ဝင် သူရှိရာတောင်ကုန်းပေါ်မှ အိမ်ကြီးဆီသို့ လှမ်းတက်လာနေကြပြီကို သူ မြင်နေရ၏ တိုက်ကြီး



www.burmeseclassic.com

၏ ဆင်ဝင်အောက်၌ သူထွက်ရပ်စောင့်နေလိုက်သည်။

မကြာပါ။ စပျစ်နှင့်သစ်တော်တို့ ရောက်လာကြ၏။

"ဆရာ အသင့်ပဲလား၊ စောင့်ရဦးမလား. . ."

"အသင့်ပါပဲ၊ မစောင့်ရပါဘူး. . ."

"ဆရာ့အဝတ်အိတ်ကော. . ."

"ရှိတယ်၊ အထဲမှာ. . ."

"စပျစ် သွားယူခဲ့မယ် ဆရာ. . ."

ပြောပြောဆိုဆိုနှင့်ပင် သွက်လက်သည့် စပျစ်မှာ သူ့အိတ်ကြီး တစ်အိတ်ကို တိုက်ထဲသွားဝင်ယူသည်။

"အားပါး. .လေးလှချည်လား ဆရာ. . ."

အိတ်ကြီးလွယ်ပြီး ထွက်လာတော့ စပျစ်က ညည်းသလို ဆိုလိုက်သဖြင့် မင်းတင်ဌွေးမှာ နှုတ်ခမ်းစေ့ကာ တည်ငြိမ်စွာ ပြုံးလိုက်ပြီး. . .

"လေးဆို ကျွန်တော်ပိုင်တဲ့ပစ္စည်းတွေ အကုန်ထည့်ထား ရတာကိုး၊ ဒီတိုက်အိမ်ကြီးမှာ ကျွန်တော်တစ်ယောက်တည်း နေရတာ





ဆိုတော့ စိတ်မှမချရတာ၊ ဒါကြောင့် အကုန်သယ်ရတာပဲ၊ ကဲ. . ကျွန်တော်တံခါးပိတ်လိုက်ဦးမယ်. . ."

ဆိုရင်း လက်ထဲမှ သော့နှင့် တိုက်ကြီးတံခါးကို မင်းတင်ဌွေး သော့ခတ်ပိတ်လိုက်သည်။ သည့်နောက် သူတို့ကားရပ်ထားရာ လမ်းမဆီသို့ ထွက်ခဲ့ကြလေတော့၏။

ကားရပ်ထားရာဆီသို့ရောက်သော် စပျစ်တို့မှာ ကားပေါ် မတက်ကြသေးဘဲ မင်းတင်ဌွေးဘက် ကြည့်လိုက်ရင်းက စပျစ်က

"ဆရာ. . ."

"ဆို. . ."

စပျစ်ခေါ်တော့ မင်းတင်ဌွေး စပျစ်ကိုမကြည့်။ ဒဏ်ရာ ရထားသည့် လက်မှ သူ့လက်ချောင်းလေးတွေဆီသာ ကြည့်ပြီး စိမ်းမှောင်သော မျက်ခုံးလှလှကြီးတစ်ဘက် မြင့်တက်ကာ သူ့အသံ ဖြန့်ပြုသည်။

"ဆရာ့ကို ပြောထားရ[illegible]သ်. . ."

"ဘာအကြောင်းလဲ[illegible]



www.burmeseclassic.com

www.burmeseclassic.com



စပျစ်နှင့် သစ်တော်ထံ ဖျတ်ခနဲကြည့်ပြီး သူ မေးသည်။

စန္ဒရားဆရာ မင်းတင်ဌွေး၏ ယောကျ်ားတန်မဲ့ ချောမွေ့မှုကို စပျစ်နှင့် သစ်တော်တို့မှာ အသေးစိတ်ကိုကြည့်ပြီး စပျစ်ကပင် စကား ဆက်သည်။

"ကဗျာချိုချိုစံအိမ်ရဲ့အကြောင်းနဲ့ စည်းကမ်းအကြောင်းပေါ့ ဆရာ. . ."

"ပြောပါဦး၊ ဘာတွေလဲ. . ."

"ကဗျာချိုချိုစံအိမ်ရဲ့ဝင်းထဲကို ရောက်တာနဲ့ ဆရာ့ပစ္စည်း တွေကို စစ်ဆေးခံရလိမ့်မယ်. . ."

စပျစ်စကားကြောင့် မင်းတင်ဌွေးမျက်မှောင်ကြီး တွန့်သွား သလိုရှိရာက. . .

"နေပါဦး၊ ခင်ဗျားတို့ရဲ့ ကဗျာချိုချိုစံအိမ်ဆိုတာ ဘာလဲဗျာ၊ အစစ်အဆေးအမေးအမြန်းတွေနဲ့ပါလား. . ."

"ဩော်. .ဒါက ဒီလို[illegible]ဆရာ၊ စပျစ်တို့ရဲ့စံအိမ်မှာက မိန်းကလေးတွေချည်းပဲနေကြတာ[illegible]ဘ်လား၊ သူစိမ်းလူတွေလာရင်





လိုပဲ စစ်ဆေးကြည့်ပြီးမှ ဝင်ခွင့်ပေးရတာပေါ့. . ."

"ဒီလိုမှမဟုတ်ရင် စပျစ်တို့ကို အနုကြမ်းစီးသွားနိုင်တယ် ယ၊ စပျစ်တို့ရဲ့ စံအိမ်သခင်မဟာ သိပ်လည်း ချောမွေ့လှပသလို သိပ်လည်း ချမ်းသာတာ ဆရာရဲ့၊ ဒါကြောင့် စိုးရိမ်ပြီး စပျစ်တို့က တိုင်းကို စစ်ဆေးပြီးမှ ဝင်ခွင့်ပေးရတာပါ. . ."

"ဩော်. .အဟွန်း ဒီလိုလား၊ ဒီလိုကတော့ ရပါတယ်ဗျာ၊ န်တော်ကတော့ သာမန်အနုပညာသမားလေးတစ်ယောက်ပါပဲ၊ ကြောင်းမဟုတ်ပါဘူး. . ."

မင်းတင်ဌွေးဆိုသည်။ စိတ်ထဲကတော့ ကဗျာချိုချိုစံအိမ် ရှင်သခင်မလေး လိမ္မော်ချိုသည် မနုန္တဲ့ကြောင်းနှင့် သူမ၏လှပ ာ လက်ချောင်းအိသွယ်သွယ်လေးများ၏ တန်ခိုးတွေကိုလည်း းတင်ဌွေးကား သိနှင့်နေပြီးသားပင် မဟုတ်ပါတကား။

"ဩော်. .ဒါနဲ့နေပါဦးဗျူ၊ ရှာမှာက ဘယ်သူကရှာမှာလဲ"

"စပျစ်နဲ့သစ်တော်ကပဲ ဆရာ့ကိုရှာမှာပါ၊ ပြီးမှ. . ."

"ခင်ဗျားတို့ပြီးရင် ဘယ်သူက ထပ်ရှာဦးမှာလဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



"မမလိမ္မော်ချို. . ."

"ခြောက်. . ."

ခြောက်ဟုသဲ့သဲ့ဆိုကာ သူ ခေါင်းညိတ်လိုက်သည်။

"ဆရာ. . ."

စပျစ်ထပ်ခေါ်တော့ အမျိုးသမီးလေးနှစ်ယောက်စလုံးကို

မင်းတင်ဌေး စိုက်ခနဲတစ်ချက်ကြည့်လိုက်သည်။

သူက ဒီလိုကြည့်တော့လည်း စပျစ်နှင့် သစ်တော်တို့က

မင်းတင်ဌေးနှင့် အကြည့်လေးများ မဆုံရဲကြပါလေ။

"စပျစ်က မမလိမ္မော်နဲ့ အပေါ်ဆုံးထပ်မှာ အနီးကပ်ဆုံး

နေရတဲ့သူပါ၊ သစ်တော်ကတော့ ဒုတိယထပ်မှာ နေရတယ်. . ."

"အင်း. .အဲဒီတော့ ကျွန်တော်ကဘာလုပ်ရမလဲ. . ."

"စပျစ်ဆိုလိုတာက ကဗျာချိုချိုစံအိမ်ကိုရောက်ရင် ဆရာ

ဆက်ဆံပြောဆိုရမယ့်သူက မမလိမ္မော်နဲ့တိုက်ရိုက်မဖြစ်ရင် စပျစ်

သစ်တော်တို့နဲ့ပဲ ပြောဆိုဆက်ဆံရဖို့ပဲ ရှိပါတယ်လို့ ကြိုတင်

အသိပေးပြောထားတာပါ ဆရာ. . ."





"ရတယ်လေ၊ ဒါတွေကအကြောင်းမဟုတ်ပါဘူး၊ ဘယ်သူ

နဲ့မှ ဘာမှမပြောလည်းရတယ်၊ ကျွန်တော်က ခင်ဗျားတို့ငှားလို့

ငှားရားတီးရမယ့်သူပဲ. . ."

"ကျွန်တော့်အတွက် ညှိသည်တွေကို ဖျော်ဖြေမှုပြီးတယ်

ဆိုရင် စားဖို့သောက်ဖို့နဲ့ အိပ်စက်ဖို့ ကောင်းကောင်းအနားယူခွင့်

ပေးထားရင် လုံလောက်နေပါပြီ၊ တခြားဘာမှမလိုဘူး၊ ကဲ .ခင်ဗျားတို့

ဘာတွေပြောချင်သေးလဲ. . ."

"မရှိတော့ပါဘူး ဆရာ၊ ဟိုရောက်တော့ မမလိမ္မော်နဲ့ပဲ

တွေ့ကြသေးတာပေါ့. . ."

ကဗျာချိုချိုစံအိမ်သခင်မ၏ အမည်အား ကြားရလေတိုင်း၌

မင်းတင်ဌေးအဖို့ ရင်ခုန်နှေးလိုက်ရသည်က အမှန်။

ဘာဖြစ်ပါလိမ့်၊ အဘယ်ကြောင့်ပါလိမ့်။ သူ စဉ်းစား၍မဝံ့၊

ထိုအဖြေကို သူမစဉ်းစားချင်ပါလေ။

"ကဲ .ဆရာ၊ ကားပေါ်တက်ပါရှင်၊ သစ်တော်တို့ သွားကြ

ရအောင်. . ."

www.burmeseclassic.com

www.burmeseclassic.com



ကားတံခါးကိုဖွင့်ပေးကာ သစ်တော်ဆိုတော့ သူ ခေါင်းညိတ်ပြီး ကားထဲဝင်လိုက်ရပါပြီ။ ကားလေးကား သူနေထိုင်ရာ တိုက်ကြီးရှေ့မှ တောင်ကွေ့လမ်းလေးအတိုင်း ပြေးနှင်ခဲ့ပြီဖြစ်သတည်း။

× × × × ×

"ကရင်. .ရင်. .ရင်. . ."

လိမ္မော်ချိုဖုန်းလေးကို ကောက်ကိုင် နားထောင်လိုက်သည်။

"ဟဲလို. . ."

"မမလိမ္မော် စန္ဒရားဆရာ ရောက်လာပြီ၊ မမဆီ ခေါ်ခဲ့ရ တော့မလား. . ."

"ကောင်းပြီ၊ ခေါ်ခဲ့၊ ဩော် .ဒါနဲ့ ဧည့်သည်သွားကြိုတဲ့ အဖွဲ့တော ပြန်ရောက်လာကြပြီလား. . ."

"မရောက်သေးဘူး မမ၊ စောစောကတော့ သရက်ဆိပ်က ဖုန်းလာတယ်လို့ပြောတယ်၊ တစ်နာရီလောက်မှ ရောက်မယ်တဲ့"





"ဩော် .အေး .အေး၊ ကောင်းတယ်၊ တို့အတွက် အချိန်ပို ရတာပေါ့. . ."

"စန္ဒရားဆရာကို မမလိမ္မော်ရုံးခန်းဆီ စပျစ်တို့ လာပို့ ရမလား၊ တစ်ယောက်တည်း လွှတ်လိုက်ရမလား. . ."

"စံအိမ်ထဲကို ရောက်လာမှတော့ တစ်ယောက်တည်းပဲ မမ ရုံးခန်းဆီကို လွှတ်လိုက်ပါ စပျစ်. . ."

"ဟုတ်ကဲ့ မမလိမ္မော်. . ."

တစ်ဖက်မှ စကားပင်ဆုံးဟန်မတူ။ လိမ္မော်ချို ဖုန်းလေး ကို ညင်သာစွာ ပြန်ချအေးလိုက်လေသည်။ တစ်အောင့်ကြာသော် အပြင်မှ တံခါးခေါက်သံဖွဖွကို အထဲမှ လိမ္မော်ချို ကြားလိုက်ရ လေသည်။

တံခါးခေါက်သံကြောင့် ရှမ်းရှမ်းနှင့် ကားကားက သခင်မဆီ လည်ပြန်ကြည့်လိုက်ကြသည်။ လှပသော နှုတ်ခမ်းလှလှလေးကို ရောင်ရောင်မှုပြုံးကာ ရှမ်းရှမ်းထံ လိမ္မော်ချို မေးဆတ်ပြလိုက်လေ သည်နှင့် ရှမ်းရှမ်းမှာ တံခါးပေါက်ဆီသို့ ဖျတ်ခနဲသွားကာ တံခါး



www.burmeseclassic.com

www.burmeseclassic.com



အား ဖွင့်ပေးလိုက်ပါသတည်း။

"ဟင်. . ."

တံခါးပွင့်သည်နှင့် တံခါးဖွင့်ပေးလာသူကို ကြည့်ပြီး မင်းတင်ဋ္ဌေး အံ့သြဟန်ပြသည်။ မင်းတင်ဋ္ဌေး အခန်းထဲရောက်သည်နှင့် တံခါးမှာ ပြန်ပိတ်သွားပြီဖြစ်၏။ အခန်းတွင်းမဲဘော့ မင်းတင်ဋ္ဌေး မည်သူ့ကိုမျှ မမြင်တွေ့သေးပါလေ။

"ထိုင်ပါ လူကြီးမင်း. . ."

လူမမြင်ခင် ချိုသာသော အသံလေးကို မင်းတင်ဋ္ဌေး ကြားရသည်။ အသင့်တွေ့ရသော ဆိုဖာထိုင်ခုံတစ်ခု၌ မင်းတင်ဋ္ဌေး ထိုင်လိုက်၏။

ရဲအရာရှိတစ်ဦး၏ မျက်ဝန်းနှင့် နားတွေက စွန်ရဲတစ်ကောင်၏ မျက်လုံးတို့နှယ် လျင်မြန်ပါးနပ်ပြီးသား။ လျှောက်၍ ဃဏစွာ မကြည့်ပေမယ့် လိမ္မော်ရှို၏ကျယ်ပြန့်သော ရုံးခန်းကြီးအား ဘယ်လို အနေအထားနှင့် ဘယ်လိုနေရာ၌ ဘာရှိသည်ကို မင်းတင်ဋ္ဌေး သိမြင်ပြီးသားပါလေ။





မကြာလိုက်။ ညှင်းပြောင်းမှ လှုပ်ရှားသံလေးအား မင်းတင်ဋ္ဌေး ကြားလိုက်ရသည်။ ဘေးစောင်းအနေအထားမှ မျက်ဝန်း ထောင့်၌ သူမအရိပ်ထင်လာပြီ။

မင်းတင်ဋ္ဌေး လှည့်မကြည့်။ သူရှိရာ လိမ္မော်ချို လျှောက်လာသည်။ သူ့အနီး ရောက်လာလေမှ သူတော့ဆိုင်စွာ လှည့်အကြည့် လိမ္မော်ချိုသည်လည်း သူနှင့်မျက်နှာချင်း၊ မျက်ဝန်းချင်းအရာအားလုံး တို့ နီးကပ်စွာ တွေ့မြင်ဆုံစည်းလိုက်ရလေသော်. . .

"ဟင်. .ရှင်. .ရှင်. .ဟိုနေ့ကလူ. . ."

လှပလွန်းသော မျက်ဝန်း၊ မျက်ခုံးလေးများ ဝိုင်းစက်မြင့်ချို ဟန်ဖြင့် လိမ္မော်ချို ဆိုသည်။ သို့သော် လိမ္မော်ချိုဟန်ကား လွန်စွာမှ အံ့သြတုန်လှုပ်ခြင်းတော့ မရှိပါလေ။

ဒုစရိုက်မယ် အလှနတ်သမီးလေးတစ်ပါးအတွက် ထိုမျှ ကတော့ အသေးအမွှားသဏ္ဍာန်လေးပင်ဖြစ်ကြောင်း ဝါရင့်ရဲအရာရှိ တစ်ဦးအဖြစ် မင်းတင်ဋ္ဌေးလည်း နောကျေအောင် သိသည်ပေလေ။

"ဟင်. .ခင်ဗျားက ကျွန်တော့်ကိုသိနေသား. . ."



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း. .ဟင်း. . ."

လိမ္မော်ချို ပြုံးသည်။ ပြီးတော့ မင်းတင်ဌေးနှင့် နီးကပ်သည်ဟု ဆိုရမည့်နေရာလောက်၌ပင် စားပွဲပေါ်တင်ပါးလှဲ့လေး ဝင်ထိုင် ရင်းက. . .

"မှတ်မိလိုက်တယ်လေ၊ လွန်ခဲ့တဲ့ နှစ်ရက်လောက်က ရှင့်ကို လိမ္မော်ကားနဲ့ တိုက်ခဲ့တာပဲ၊ လျော်ကြေးလည်း ပေးခဲ့တယ် လေ၊ ဘယ့်နှယ့် ရှင့်သားမယားတွေ ကျေနပ်တယ်မဟုတ်လား ရှင်လည်း သိပ်ဖြစ်သွားတာမှမဟုတ်ဘဲ. . ."

သူမ၏ ထိုစကားအား မင်းတင်ဌေး မကြားဟန်ပြုနေသည် လိမ္မော်ချိုသည် မင်းတင်ဌေး၏အိတ်ကြီးဆီသို့ အကြည့်တစ်ချက် ရောက်ပြီး. . .

"ရှင်က စန္ဒရားဆရာနော်. . ."

"ဟုတ်တယ်. . ."

လက်ပိုက်ထားသည့် အနေအထားဖြင့် သူမစကားဆိုသဖြင့် မင်းတင်ဌေးသည် တစ်ချီတော့ သူမကိုမော့ကြည့်သည်။ အကြည့်ချင်း





ဆုံတော့ မင်းတင်ဌေးပင် အကြည့်ကိုဦးစွာ လွှဲလိုက်ချေ၏။

"ရှင် စန္ဒရားတီးနိုင်ပါတယ်နော်. . ."

"နိုင်ပါတယ်. . ."

"လေးရက်တောင် တီးရမှာ၊ ဘယ်လိုလဲ. . ."

"မနားတမ်းကို တီးနေရမှာလား. . ."

"ဒီလိုတော့ မဟုတ်ပါဘူး၊ အချိန်နဲ့ပေါ့. . ."

"ဒါဖြင့် ရပါတယ်. . ."

"တစ်နေ့ကို ရှင်ကြေးဘယ်လောက်ယူသလဲ. . ."

"သိမ်မွေ့မယ့်စကားလုံးနဲ့ ပြောပါလား၊ ကြေးဆိုတဲ့ စကား က ကြမ်းတမ်းပါတယ်၊ လူမိုက်တွေပြောတဲ့စကားပါ၊ ကျွန်တော်က အနုပညာသမား၊ ဥာဏ်ပူဇော်ခလို့ ပြောပါ. . ."

"အဟင်း. .ကဲ ဆိုပါတော့ရှင်၊ ရှင့်ကို ဥာဏ်ပူဇော်ခတစ်ရက် ဘယ်လောက်ပေးရမလဲ. . ."

"ဒါကို ကျွန်တော်နောက်ဆုံးရက်မှပဲ ပြောမယ်၊ ဖြစ်မလား"

"အင်း ကောင်းပြီလေ၊ ဖြစ်ပါတယ်၊ ကဲ. .ရှင်တီးရမယ့်



www.burmeseclassic.com

www.burmeseclassic.com



စန္ဒရားတွေကို လိုက်ကြည့်ထားပါဦးလား. . ."

"ကြည့်မယ်လေ၊ ညည့်သည်တွေကို ဖျော်ဖြေရမယ့် နေရာက ဘယ်မှာဖျော်ဖြေရမှာလဲ. . ."

"တတိယထပ်မှာ၊ ကဲ ရှင်သွားတော့. . ."

"ဟင်. .ခင်ဗျားက စန္ဒရားတွေ လိုက်မပြအူးလား. . ."

"လိမ္မော်ရဲ့အတွင်းရေးမှူးမလေးတွေ ရှိတယ်လေ၊ ရှင်လိုအပ်တာတွေ သူတို့ကိုပြောပါ၊ သူတို့က ရှင်လိုအပ်သမျှ အားလုံး ဆောင်ရွက်ပေးဖို့ လိမ္မော်အမိန့်ပေးထားတယ်၊ ကဲ ရှင်သွားတော့"

စကားအဆုံး သူမအနီးခြံရှိသည့် ခွေးကြီးတွေဆီသို့ လက်ဖျစ်လေးတစ်ချက် တီးလိုက်သည်နှင့် မင်းတင်ဋ္ဌေးကား သူမအား ကြည့်နိုင်ရန် အချိန်မရပါလေတော့။

ခွေးကြီးကားကားက ရုံးခန်းတံခါးသွားဖွင့်နေပြီမို့ လိမ္မော်ချို၏ ကိုယ်ပိုင်ရုံးခန်းထဲမှ မင်းတင်ဋ္ဌေးထွက်ခဲ့ရပါလေတော့သတည်း။

လိမ္မော်ချိုရုံးခန်းထဲမှ ထွက်အလာ မင်းတင်ဋ္ဌေး မျက်ဝန်းညို အစုံထဲမတော့ တုန့်ခ်ငြိမ့်မွယ်ရာမရှိပါသည့် ရွှေအဆင်းနှယ် ချောမွေ့





လွန်းပါသော မိန်းမချော။

မြင့်မားသောအရပ်နှင့် လိုက်ဖက်စွာရှိသည့် ကိုယ်ဟန်အလှ သူမကိုယ်လုံးလေးအား ရင်ခွင်ဝယ် ထွေးပွေ့ထားချင်မိတော့၊ တစ်သက်နှင့်တစ်ကိုယ်တွင် မဖြစ်ပေါ်စဖူး မင်းတင်ဋ္ဌေး စိတ်မယ် ယိမ်းယိုင်ဖြစ်ပေါ်ခဲ့ရပါချေ၏။

ဟင်း. .လိမ္မော်ချို. . .။

မင်းတင်ဋ္ဌေးကား ရွှေရုပ်လွှာကိုသာ တမ်းတမ်းစွဲလျက် မျက်ဝန်းဝယ် မဖျောက်ဖျက်နိုင် စွဲမြဲမြင်ယောင်နေမိရပါချေ၏။

စီးပွားရေးမင်းသမီး၊ ဒုစရိုက်မင်းသမီးမို့ လွန်စွာမှလှပပါသည့် ရွှေမျက်နှာလေးထက် အကြင်နာကဖြင့် မြူတစ်မှုန်စာမျှ သူ ရှာမတွေ့။

ညည့်ဝတ်စကား အားနာစကားအဖြစ် သူ့လက်အခြေအနေ ကိုပင် ဘာတစ်ခွန်းမျှ သူမ မေးဖော်မရ။ သူမအသံနှင့် ဟန်သွင် ရုပ်ရည်တို့သည် သူမစိတ်ဓာတ်နှင့်တော့ ဆန့်ကျင်ပြီး ဆန့်ကျင် လွန်းပါဘိ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုသို့သော အကြင်နာခေါင်းပါးလွန်းသည့် ဒုစရိုက်အိမ်ငယ်သမီးလေးကိုမှ သူ စိတ်ဝင်စားနေမိလေသလား။ စိတ်မဝင်စားပါဟုဆိုလျှင် သူ ရင်တွေဘာကြောင့်ခုန်နေလေသလဲ၊ တုန်နေလေသလဲ၊ ဖိုလှိုက်နေသလဲ။ မောပိုက်ပင်ပန်း နွမ်းနယ်နေလေသလဲ။

"ကျွတ်. .အို. . ."

ကြောက်လန့်စွာ အတွေးများအား ခေါင်းကို ရမ်းလျက် သူ ခါထုတ်ပစ်လိုက်ရပါပြီ။ ထိုအခါများသည်လည်း သူ့အတွက် မနည်းခဲ့ပြီပဲလေ။

မှန်သည်။ မင်းတင်ဒွေးအတွက် လိမ္မော်ချိုနှင့် ပတ်သက်လေတိုင်း အတွေးတို့အား အဆုံးမတိုင်ဝံ့၊ ကြောက်လန့်ချောက်ချားစွာ မောင်းထုတ်ခါထုတ်ပစ်ခဲ့သည်မှာ အကြိမ်တို့မရေမတွက်နိုင်တော့သည်က အမှန်ပါပင်တည်း။

× × × × ×





ခမ်းနားသော ခန်းမကြီးထဲ စန္ဒရားသံက ညိမ့်ညောင်းစွာ ွှမ်းနေလေသည်။ နှစ်နှစ်ဆယ်တေးသွားများအား နှစ်သက်နားလှည်းသူများအဖို့ ထိုစန္ဒရားသံတေးသွား၏သီချင်းကို နားလည်နေပေ ိမ့်မည်ဖြစ်သည်။

မှန်သည်။ စန္ဒရားသံတေးသွားကား သက်ဝေသီချင်း။ င်းတင်ဒွေးသည် သက်ဝေသီချင်းအား ကိုယ်ရောစိတ်ပါနှစ်၍ ီးခတ်နေသူမို့ တေးသွားက ပို၍အသက်ဝင်နေသည်မှာပါ။

ဧည့်ခန်းတွင်းရှိ ဧည့်သည်များသည်လည်း မြန်မာ့တေးသွား ္ဒရားသံတွင် နှစ်ခြိုက်မိန်းမောနေဟန်ဖြင့် တီတိဆိတ်ဆိတ်ခမန်း စကား ပြောသံများမှာ တိုးညှင်းနေရပါချေ၏။

ဧည့်ခန်းကြီးတစ်ခုလုံးက မှန်သားပြင်များနှင့်သာ ပြီးနေ သည်မို့ အပြင်မှလူရိပ်နှင့် မှန်ထဲပေါ်နေသည့် လူရိပ်တွေမှာ ရှုပ်ထွေး ားပြားသလိုရှိချေ၏။

မင်းတင်ဒွေးသည် စန္ဒရားကို တီးခတ်ဆဲ သူ့မျက်ဝန်းတွေ သည် တစ်ချိုတစ်ချို မှန်ရိပ်ထဲမှ လူများဆီကြည့်မိသည်။ ဧည့်ခ



www.burmeseclassic.com

www.burmeseclassic.com



စားပွဲရှည်ကြီးတွင်ရှိသည့် ဧည့်သည်များနှင့် ကဗျာချိုချိုစံအိမ် အိမ်ရှင်အဖြစ် စပျစ်၊ သစ်တော်၊ သရက်၊ မက်မွန်တို့က လိုလေသေးမရှိ ဧည့်ခံနေကြပါလေ၏။

ဧည့်ခံပွဲအစမို့ပေလားမသိ။ စန္ဒရားတီးရင်း မင်းတင်ဋ္ဌေးသည် လိမ္မော်ချိုကို ရှာဖွေကြည့်မိသည်။ ညစာစားပွဲနှင့် ဧည့်ခံနေသည့် ဧည့်ခံပွဲ၌ လိမ္မော်ချိုအား သူ မတွေ့သေးသောကြောင့်ပါတည်း။

သက်ဝေသီချင်းအပြီး၌ မင်းတင်ဋ္ဌေး ခဏနားလိုက်သည်။

"ဆရာ. . ."

ခေါ်သံရှင်ကြည့်မိတော့ စတုတ္ထအထပ်ရှိ တာဝန်ကျသော အတွင်းရေးမှူးမလေး သရက်။ သူမလက်ထဲတွင် လှပသော လင်ပန်းတစ်ခုပေါ်တွင် စားစရာသောက်စရာအပြည့်နှင့် ပါလာ၏။

"စားသောက်ပြီး ဆရာ နည်းနည်းအနားယူပါဆရာ. ."

သူ စကားမဆို၊ ခေါင်းတော့ ညိတ်ပြသည်။ သူ့ဘေးမှ စားပွဲပေါ်တွင် သရက် လင်ပန်းကို ချထားပေးခဲ့သည်။ သရက် ထွက်သွားတော့ နောက်တစ်ယောက် သူ့အနီးရောက်လာပြန်သည်။





စပျစ်. . ။

စပျစ်ကိုလည်း ယမကာရည်လေး နည်းနည်းငှဲ့သောက်ပြီး သူ တစ်ချက်ပင်ကြည့်သည်။ အကောင်းစားစီးကရက်ဘူးနှင့် မီးခြစ်ကလေး စပျစ်လာချပေး၏။ ပြီးတော့ သူ့အနီးမှ ချက်ချင်း ဧည့်သည်တွေဆီ ပြန်သွားဧည့်ခံသည်။

သူကား နောက်သို့ လုံးဝလှည့်မကြည့်။ လှည့်မကြည့်ပါဘဲနှင့်လည်း သူ့ရှေ့ရှိမှန်သားပြင်၌ သူတို့အားလုံး၏အရိပ်က ထင်ပေါ်နေကြသည်ကိုး။

"ဟော့. .မင်းတို့ရဲ့အကြီးအကဲကို တို့မတွေ့ရသေးပါလား"

"သြော်. .ဟုတ်ကဲ့ လူကြီးမင်း၊ မမလိမ္မော်လာမှာပါ၊ အချိန်မရောက်သေးလို့ပါ၊ လူကြီးမင်းတို့သာ အေးအေးဆေးဆေး သုံးဆောင်ထားကြပါရှင်. . ."

ဧည့်သည်တစ်ဦး၏အမေးနှင့်အတူ စပျစ်၏ပြန်ဖြေသံကိုပါ မင်းတင်ဋ္ဌေးကြားရလေသည်။ အသားကင်ကို နည်းနည်းစားပြီး မင်းတင်ဋ္ဌေး အရက်နည်းနည်းသောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူ စီးကရက်တစ်လိပ်ကို ဖွာရှိုက်ပြီး သူ၏သွယ်လျသော လက်ချောင်းအစုံက စန္ဒရားခလုတ်လေးများပေါ် ပြန်ရောက်ကာ ချစ်သမျှကို တေးသွား၏အစအား တီးခတ်စဉ်မှာပင် သူ့နောက်ဘက်မှ ထွက်ပေါ်လာသော ရွှေရောင်အပြုံးပိုင်ရှင်သည် သူ့ရှေ့ရှိ မှန်ရိပ်ထဲ၌ ပေါ်လာရပါသတည်း။

သူ့နှုတ်မှ စီးကရက်ပင် ဖြုတ်ထွက်သွားရမတတ် သူငေးကြည့်မိသွားရလေသည်။ လည်ပြန်မကာ ကြည့်ချင်သည့် မိန်းမချောတဖြင့် သူ့အားရှိမည်မထင်။ လှပတည်သော အနေအထားဟန်သွင်တို့ဖြင့် စားပွဲထိပ်၌ ဝင်ရောက်ထိုင်သွား၏။

သူမဝတ်ထားသည်က အညိုနှင့် လိမ္မော်ရောင် အများဆုံးဖောက်ထားသည့် လွန်းသုံးရာလွန်းချိတ်ကြီးဆင်ထဘီနှင့်။

ရွှေလိမ္မော်ရောင် အသားပျော့ပျော့ လက်ရှည်စိန်မြရံချယ်ကြယ်သီးတပ်ထားသည့် မြန်မာဆန်လွန်းအားကြီးသော ဝတ်စုံအလှမျိုးနှင့်ပါ။

ဆံနွယ်တို့သည်လည်း အဆန်းမဟုတ်သည့် မြန်မာ ဆံထုံး





နောက်တွဲမရှိ့ကရိုလေးနှင့် နှင်းဆီရဲရဲလေးတစ်ပွင့်နယ်ရယ်။ မျက်နှာလေးကား မွန်းမံခြယ်သရလွန်းဟန်မရှိစေမယ့်လည်း ရှင်းပထင်ခြတ်လှလွန်းအားကြီးနေပါချေ၏။ လှလိုက်သည့် ဖြစ်ချင်းရယ်လေ။

ညေ့်သည်တော်များအားလုံးသာမက သူမ၏အစွင်းရေးမျှးလေးများ၏ အကြည့်များကပါ သူမထံ၌ မခွာမိကြ။

"အပာမ်း. . ."

သူမချောင်းဟန့်သံလေးကြားတော့ အားလုံးက ကိုယ်ရှိန်သပ်ကြသည်။ စန္ဒရားတီးဆဲ မင်းတင်ဌေးအကြည့်တွေကမြင့်လိမ္မော်ချိုဆီမှ မခွာ။

တစ်ပြည်သားညေ့်သည်တွေမို့ မြန်မာ့အလှနှင့် စံတင်ထိုက်သောင် တမင်ကိုဘဲ ဖန်တီးညေ့်ခံလေသလား။ ဘာပဲပြောပြောယ်လိုပဲနေနေ၊ ဘယ်ပုံပဲရှိရှိ၊ လိမ္မော်ချိုသည်ကား မြင်သူတကာ့မက်၍မဆုံး အလှသရုပ်ဆောင်းနိုင်ပါသည်။

"ဟင်း. . ."

မှန်ရိပ်ထဲမှ လိမ္မော်ချိုအလှဆီငေးဆဲ မင်းတင်ဌေးရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



သားက်မစော်များသည် နောက်ဆုံးတွင် ချရစမြဲပါတကား။

"စိတ်တိုင်းကျသုံးဆောင်ကြပါရှင်၊ စိတ်တိုင်းကျ ကျကြ

ရဲ့လားရှင့် . . ."

ချိုလွင်အီစိမ့်၍ ညှင်းပြောင်းသော အသံလေး။ သူမ

စန္ဒရားသံကိုပင် ဖျော်မ်းသွားလေသလား။ မင်းတင်မွှေး၏ ဒုတိ

စန္ဒရားလက်သံတစ်ပုဒ်က ပြီးဆုံးသွားလေပြီ။

မင်းတင်မွှေးသည် နောက်သို့လုံးဝလှည့်မကြည့်။ အရက်

အနည်းငယ်တည့်ပြီး သူ သောက်နေသည်။ ပြီးတော့ စီးကရ

တစ်လိပ်ကိုပါ ထပ်ပြီး မီးညှိဖွာရှိုက်နေ၏။

"အဆင်အမြေဆုံးပဲ . . ."

"အစီအစဉ်မှိုကောင်းနေတယ် . . ."

"မြန်မာကောသွားသံစဉ်မှာ အင်မတန်မှ ကျက်သရေရှိ

ပါပဲ . . ."

အနောက်တိုင်းဝတ်စုံများအား သေသပ်စွာ ဝတ်ဆင်ထား

သည့် ဧည့်သည်တော်တွေက ချီးမွမ်းကြသည်။



"အမောင်း . .ဟင်း . ."

နူညင်သော ရယ်သံလေးအား လီမွှော်ချို့ထံမှ မင်းတင်မွှေး

ကြားရလေ၏။

မင်းတင်မွှေးသည် အရက်သောက်ရင်း စီးကရက်ဖွာရင်း

မှပင် စန္ဒရားရှေ့၌နေသည်။ ဧည့်သည်တော်တွေက ချီးမွမ်းစကား

ဆိုပေသည့် လီမွှော်ချို့သည် သူ့ထံသို့ လုံးဝငဲ့ကြည့်ခြင်းမရှိ။

လီမွှော်ချို့အဖို့ ငွေကြေးဖြင့် ငှားရမ်းထားသည့် အနုပညာ

သမားတစ်ဦးဖြစ်သည့် သူသည် အညတြ။ စကားဝတ်စားကြ

သည့် ဧည့်သည်အမျိုးသမီးနှစ်ဦးက မင်းတင်မွှေးထံ မကြာခဏ

လှမ်းကြည့်ကြသည်။

မှန်ရိုပ်ထဲ၌ သူတို့အားလုံးအား မင်းတင်မွှေး မြင်နေရ၏။

ဧည့်သည်အမျိုးသားတစ်ဦးက စားပွဲထိပ်တွင် ထိုင်နေသည့် လီမွှော်ချို့

ထံ ကြည့်ရင်းက . . .

"ဒေါ်လီမွှော်ချို့ ဟိုဘက်ဘယ်နေ့လာဦးမလဲ . . ."

"အတိအကျ မပြောနိုင်ဘူး၊ ကျွန်မလူတွေက သွားနေကြ



www.burmeseclassic.com

www.burmeseclassic.com



ပဲလေ၊ ကျွန်မကတော့ အရေးကြီး ကြီးသလိုပေါ့. . ."

"ရန်ကုန်က အဆက်အသွယ်တွေကော ဘယ်နှယ့်လဲ ဒေါ်လီမွှော်ချို. . ."

"ရှိပါတယ်၊ တစ်လလောကတင် ပြန်သွားတယ်. . ."

"နောင်လာဖို့ရှိဦးမလား. . ."

ညှို့သည်များ၏အမေးအတွက်မှ လီမွှော်ချိုဖြေသံက တုံ့ဆိုင်းကြန့်ကြာနေသည်။ လီမွှော်ချိုသည် အနေအထိုင် အပြော အဆို အကြည့်အရှုတအစ ဒုစရိုက်သမားခေါင်းဆောင်ကြီးတစ်ဦး ပီသလှပါပေသည်ဟု မင်းတင်ဌေး မှတ်ချက်ချမိ၏။

လီမွှော်ချိုသည် ထိုင်နေဆဲက လက်ထဲမှ ဖန်ခွက်လေးအား အသာချပြီး မသိမသာ စပျစ်ဘက် ခေါင်းလေးငဲ့စောင်းသွားဟန် ရှိသည်။ အရှင်သခင်မ၏ အရိပ်တကြည့်ကြည့်ရှိနေဟန်ရှိသည့် စပျစ်ကား လီမွှော်ချိုအနီးသို့ ဖျတ်ခနဲရောက်လာ၏။

လူအားလုံး၏အကြည့်တွေက လီမွှော်ချိုထံ၌သာ ရှိနေသည်။ မင်းတင်ဌေးသည် လက်ကျန်အရက် အပြီးသတ်မော့ချလိုက်၏။





လင်ပန်းလေးထက် ဖန်ခွက်ကိုပြန်အထား သူ့အနီးသို့ စပျစ် ရောက်လာသည်။

"ဆရာ. . ."

သူ စပျစ်ကိုကြည့်မိသည်။

"ဆရာ. .အနားယူနိုင်ပြီ၊ ဆရာ့အခန်းကို သစ်တော် လိုက်ပို့လိမ့်မယ်. . ."

စပျစ်စကားကို သူ သဘောပေါက်သည်။ ခေါင်းမညိတ် ခေါင်းမခါဘဲ အေးစက်စက်ပင် သူထိုင်ရာမှထလိုက်၏။ ပြီးတော့ သူ စန္ဒရားနားမှ ထွက်ခွာခဲ့သည်။ မည်သူ့ကိုမျှ သူမကြည့်ခဲ့။ သူ့နောက်မှ မက်မွန်ပါလာသည်။

"ဆရာ အပေါ်ဆုံးထပ်ကို ဆက်တက်မယ်. . ."

ညှို့ခန်းမကြီးထဲမှထွက်တော့ သစ်တော်က သူ့ကိုဆိုသည်။ အပေါ်ဆုံးထပ်သို့ရောက်သော် သော့ပိတ်ထားသည့် အခန်းတွေကို ဖြတ်ကျော်ခဲ့ပြီး အခန်းတစ်ခုရှေ့သို့အရောက်၌. . .

"ဆရာ. .ဆရာအိပ်ရမယ့်အခန်းက ဒီအခန်းပဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. .နေ့လယ်ကနေတဲ့အခန်းက ဘာဖြစ်လို့လဲ. . ."

"ဟုတ်ကဲ့ ဆရာ၊ ဒီအခန်းက ဆရာ ညအိပ်ဖို့ သီးသန့်အခန်းပါ၊ ဟိုအခန်းက နေ့လယ်ဘက်မှာပဲ နေဖို့လေ. . ."

"ဪ. .အေးလေ၊ ခင်ဗျားတို့စံအိမ်က အခန်းတွေပေါတော့ မနက်တစ်ခန်း ညတစ်ခန်းနေရတာပေါ့၊ အဟွန်း. . ."

ပေါ့ပါးဟန်နှင့်ပင် သူဆိုပြီး အခန်းတွင်း ဝင်ထိုင်သည်။ အခန်းတွင်း သူဝင်တော့ သစ်တောပါလိုက်ဝင်လာသည်။ သူ သစ်တော်ဘက် မျက်မှောင်တွန့်ကြည့်လိုက်ပြီး. . .

"နေပါဦး၊ ကျွန်တော့်အိတ်ကော. . ."

"ရှိပါတယ် ဆရာ၊ ဟိုဗီရိုထဲမှာလေ. . ."

"ခင်ဗျားတို့ရဲ့သခင်မ ကျွန်တော့်အိတ်ကို စစ်ဆေးကြည့်သေးလား. . ."

"ဆရာ သူ့ဆီသွားတုန်းက သူ မစစ်ဆေးဘူးလား. . ."

"တင့်အင်း. . ."

"ဒါဖြင့်တော့ မပြောတတ်ဘူး၊ စပျစ်နဲ့ သစ်တော် စစ်ပြီး





သွားပဲလေ။ ဆရာ့အိတ်ထဲ ဘာမှရှိတာမှမဟုတ်ဘဲ. . ."

"ကဲ. .ဒါဖြင့် ကျွန်တော်အိပ်တော့မယ်၊ မနက်ကျရင် ကျွန်တော် ဘယ်အချိန်ထရမလဲ. . ."

"ဆရာထရမယ့်အချိန်ကို မမလီမွှော်က သူ့အခန်းကနေ ဘဲလ်တီးပြီး နှိုးပါလိမ့်မယ်. . ."

"ဪ. .ဪ. .ဟုတ်ပြီ. . ."

သူဆိုရင်း အခန်းကြီးကို ဟိုဒီတစ်ချက် ဝေ့ဝဲကြည့်လိုက်သည်။ မျက်နှာကျက်နှင့်နီးသည့်နေရာလေး၌ ဆောင်းဆောက်လေးတစ်ခုကို တွေ့လိုက်ရပါ၏။ မင်းတင်မွေး ခေါင်းညိတ်လိုက်သည်။

"ဆရာ. . ."

သစ်တော်ခေါ်သံကြောင့် သူ သစ်တော်ဆီ ပြန်ကြည့်သည်။ သူ့အကြည့်က နားမလည်သလို မျက်မှောင်တွန့်နေဖြစ်၏။

"ဆရာ့နားမှာ သစ်တော်နေရဦးမလား. . ."

"ဗျာ. . ."

"အဟင်း၊ မမလီမွှော်က ဆရာကို လိုလေသေးမရှိ ထားခိုင်း

www.burmeseclassic.com

www.burmeseclassic.com



တယ်လေ၊ ဆရာ လိုအပ်တာများ ရှိဦးမလားလို့ပါ. . ."

"ဟာ . . ဟင့်အင်း မလိုပါဘူး၊ ဘာမှမလိုတော့ဘူး၊ ကျွန်တော်အနားယူတော့မယ်၊ ခင်ဗျားသွားတော့. . ."

"အဟင်းဟင်း ကောင်းပါပြီ ဆရာ. . ."

စကားအဆုံး အခန်းတံခါးပိတ်ပြီး သစ်တော ထွက်သွားသည်။

"ဟူး. . ."

ကောင်းမွန်သားနားသော အိပ်ရာကြီးထက် မင်းတင်ဒွေး ပစ်ထိုင်ချမိလိုက်သည်။

ပြီးတော့ သူ့အခန်းပတ်ပတ်လည်ကို အတန်ကြာ လျှောက်ကြည့်နေလိုက်၏။

ပြီးတော့ သူ့လက်မှ နာရီဆီ တစ်ချက်ကြည့်သည်။

ဆယ့်တစ်နာရီခွဲပြီ။ သူ့အခန်းသော့ပေါက်မှ အပြင်ဘက်သို့ ချောင်းကြည့်လိုက်သည်။ အပြင်ဘက်တွင် မီးတွေက လင်းထိန်နေဆဲ။

"ဟူး. . ."





ခေါင်းကိုယမ်းပြီး သူ သက်မချမိရပြန်၏။ သည့်နောက် သူ အခန်းမီးကို ပိတ်ပစ်လိုက်တော့သည်။ တစ်ခန်းလုံး မှောင်အတိနှင့် ပြီးသွား၏။

အိပ်ရာထက် သူ ပက်လက် လှန်ချပစ်လိုက်သည်။ မှောင်ထဲ၌ သူ့မျက်ဝန်းတွေမှာ ပြူးလျက်နေပါ၏။

"ဟင်း. . ."

သက်မတွေချရင်း နာရီဆီကြည့်ရင်းဖြင့် သူအချိန်တွေကို ကြန့်ကြာအောင် စောင့်ဆိုင်းနေရသည်။

သို့ဖြင့် အချိန်တွေ တရွေ့ရွေ့ ကုန်လာပြီ။ အပြင်ဘက်မှ ဖြတ်သွားဖြတ်လာနေသည့် ခြေသံတွေကို သူ ကြားရသည်။

သူ စောင်ကို လည်ပင်းနားအထိ ဆွဲခြုံပြီး ဘေးစောင်း လှဲ့အိပ်နေဟန်ပြုလိုက်သည်။

မရေးမနှောင်းပင် ကာလစ်ခဲ့မြည်သံနှင့်အတူ သူ့အခန်းတံခါးသည် အနည်းငယ်ပွင့်ဟသွားကြောင်း အလင်းတန်းလေး ဝင်ရောက်လာ၍ သူ သိလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



စီတ်ထဲတစ်ချက် သူ ပြုံးလိုက်သည်။ သူ့အခန်းတံခါးမှာ ဖြည်းညှင်းစွာ ပြန်ပိတ်သွားပြီ။

"အပွန်း. . ."

သူကျေနပ်စွာပြုံးရင်း အိပ်ရာထက်မှ ထထိုင်သည်။ လက်မှ နာရီဆီ တစ်ချက်ကြည့်တော့ နာရီပြန်တစ်ချက်ခွဲပေပြီပဲ။ သူ အလုပ် စရပေတော့မည်။

မှန်သည်။ သူ အလုပ်စရပါပြီ။ အိပ်ရာထက်မှဆင်းပြီး သူ့အိတ်ကြီးထည့်ထားသည့် ဗီရိုဆီသို့ သူလျှောက်သွားသည်။ ပြီးတော့ ဗီရိုတံခါးကိုဖွင့်ပြီး အထဲမှအိတ်ကို သူထုတ်ယူလိုက်သည်။

အိတ်မှဇစ်ကို သူ မဖွင့်ကြည့်။ သူ ဖွင့်ထုတ်ကြည့်သည်က အိတ်ကြီး၏အောက်ခြေ၌ ပါသည့် ဘီးငါးဘီးကိုပါ။ ဘီးငါးဘီးကို ဖွင့်ပြီး အထဲမှ ပစ္စည်းတွေကို သူ ယူထုတ်သည်။

ပြီးတော့ သူ့ခါးပတ်ခေါင်းကိုဖွင့်၊ နောက်ပြီး နှစ်ထပ်လို ဖြစ်နေသည့် သူ့ခါးပတ်ထဲမှ ပစ္စည်းလေးတွေကို တစ်ခုချင်း ထုတ် ယူလိုက်သည်။





ထို့နောက်မတော့ သူကား ပထမညအတွက် လေးထပ် ရှိသော ကမ္ဘာချိုချိုစံအိမ်ကြီးအတွင်း၀ယ် ကြောင်တစ်ကောင်၏ ပေါ့ပါးသောအသွင်ဖြင့် တစ်ကိုယ်တည်း လှုပ်ရှားနေရပါတော့ သတည်း။ ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## - တစ်ဆယ့်လေး -

ဒုတိယည။

သိချင်းဓားသွားတစ်ပုဒ်ကို မင်းတင်ငွေး အဆုံးသတ်လိုက်သည်။ အကြည့်တစ်ချက်က မှန်ထဲရောက်၏။

ထုံးစံအတိုင်း စံအိမ်အရှင်သခင်မ လိမ္မော်ချိုကား ညစာစားပွဲသို့ ရောက်မလာသေးပါလေ။ ဧည့်သည်တော်များအား စပျစ်၊ သစ်တော်၊ သရက်၊ မက်မွန်တို့ကသာ အကွက်စေ့စေ့ ထိန်းထားနိုင်ကြပါ၏။

မင်းတင်ငွေးသည် သူ့အတွက် အသင့်ပေးထားသော စားပွဲ





ထက်မှ အရက်ကို ဖန်ခွက်ထဲ အနည်းငယ်ထည့်ကာ တစ်ငုံသောက်ပြီး အကြည့်ကို မှန်ထဲမသိမသာ ပြန်ပို့သည်။

သူကြည့်ခိုက် ဧည့်သည်အမျိုးသမီးတစ်ဦး သူ့ထံ လာနေသည်ကို တွေ့၍ သူအကြည့်ကို လွှဲလိုက်၏။

"မစ္စတာ. . ."

"ဪ. .ဟုတ်ကဲ့. . ."

လေးစားသမှုနှင့် သူ ထိုင်ရာမှ ထပြီးဆိုသည်။

"မစ္စဆွိရှန်လျောင်းပါ. . ."

အမျိုးသမီးမှာ သူမကိုယ်သူမ မိတ်ဆက်နေ၍ မင်းတင်ငွေးသည် တည်ငြိမ်သော ပြုံးဟန်မျက်နှာချောချောဖြင့် ကြည့်ရင်းက. . .

"တွေ့ရ သိရတာ ဝမ်းသာပါတယ်၊ ကျွန်တော့်နာမည်ကတော့ မင်းတင်ငွေးပါ. . ."

"ရှင် ဘာအလုပ်လုပ်သလဲ. . ."

"ကျွန်တော် အနုပညာအလုပ်ပဲ လုပ်ပါတယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"သိပ်တော်တာပဲ. . ."

"ချီးမွမ်းတာ သိပ်ကျေးဇူးတင်ပါတယ်ခင်ဗျာ. . ."

"မြန်မာ့အနုပညာနဲ့ ရိုးရာယဉ်ကျေးမှုတွေဟာ အတော်ပဲ မွှန်မြတ်လေးစားဖို့ ကောင်းတယ်. . ."

"ထပ်ဆင့်ကျေးဇူးပါပဲလို့ ကျွန်တော်ပြောပါရစေခင်ဗျာ"

"အဟင်း. .ဟင်း. . ."

မစ္စဆွဲရှန်လျောင်း ရယ်သည်။ သူလည်း ပြုံးမြမြရယ်မိပါ၏။

"ဟော. .ဟိုမှာ မစ္စလီမွှော်ချိုလာနေပြီ။ ခွင့်ပြုပါဦး မစ္စတာ မင်းတင်ဌေး. . ."

"ဟုတ်ကဲ့ ခင်ဗျာ. . ."

သူ့ကိုနှုတ်ဆက်ပြီး အမျိုးသမီး ထွက်သွားတော့ သူ့နေရာ၌ ပြန်ထိုင်သည်။ ပြီးတော့ အကြည့်က မှန်ထဲရောက်မိကိုက် သူ့ရင်သည် လှုပ်ခနဲလို တစ်ချက်မျှ ရှိသွားလိုက်ရပါချေ၏။

မှန်သည်။ အဘယ်ကြောင့်ဆိုသော် သူနှင့် စကားပြောပြီး အမျိုးသမီး စားပွဲဆီသို့ လျှောက်လာသည်ကို လီမွှော်ချိုကား သူနှင့်





ထိုအမျိုးသမီးထံသို့ စူးခနဲစိုက်ကြည့်လိုက်သောကြောင့်ပါတည်း။

သည့်နောက် လီမွှော်ချိုသည် စားပွဲတွင် ထုံးစံအတိုင်း ဝင်ထိုင်သည်။ သည်နေ့ လီမွှော်ချိုဆင်ယင်မှုသည်လည်း မနေ့က နှင့် မထူးခြား။ အရောင်အသွေးသာ ကွဲပြားသည်။

ဟင်း. .လီမွှော်ချိုရယ်၊ မင်းအလှက တစ်ခါမြင်တာနဲ့ တစ်သက်တာမမေ့နိုင်တော့တဲ့ အလှမျိုးပါ၊ မင်းရဲ့အလှကို ကိုယ် မြတ်နိုးခုံမင်မိပါတယ်၊ တန်ဖိုးလည်း ထားမိပါတယ်၊ ဒါပေမယ့် ဟင်း. . .

သက်မမောဖြင့် မင်းတင်ဌေး ခေါင်းကို မသိမသာ ယမ်း လိုက်သည်။ ထို့နောက် သူသည် ချစ်သမျှကို သီချင်းဆိုသွားအား အကောင်းဆုံးလက်သံဖြင့် တီးခတ်နေလိုက်ပါလေ၏။

သည့်နောက်မတော့ မနေ့ညကလိုပင် သူ တီးသွား လက်သံအဆုံး၌ စပျစ် သူ့အနားရောက်လာပြီး သူ့အခန်းဆီသို့ ကိုယ်တိုင်လိုက်ပို့၏။ သူ့အခန်းထဲရောက်သော် စပျစ်က. . .

"ဆရာ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ. . ."

"ဟိုအမျိုးသမီးက ဆရာ့ကို ဘာတွေပြောလဲဟင်"

"ကျွန်တော့်အနုပညာကို ချီးမွမ်းတာပါ. . ."

"ဪ. .ဟုတ်ပါတယ် ဆရာ၊ ညှော့်သည်တွေအားလုံးက မနေ့ညကတည်းကစပြီး ဒီနေ့လည်း တစ်နေ့လုံးလိုလိုပဲ ဆရာ့ လက်သံကို ချီးမွမ်းနေကြတာ၊ ဒါကြောင့်လည်း ဆရာ ဒီမြို့ကို ရောက်တာ မကြာသေးပေမယ့်လည်း နာမည်အတော်ကြီးနေတာ ပေါ့နော်. . ."

"အင်း. .ကြိုက်တဲ့သူတွေအဖို့တော့ ကောင်းပါတယ်၊ ဪ ဒါနဲ့ ခင်ဗျားတို့ရဲ့ စံအိမ်ရှင်ကကော ကျွန်တော့်ဖျော်ဖြေမှုကို သဘော ကျရဲ့လား. . ."

"ကျမှာပေါ့ ဆရာ. . ."

"အဟွန်း. . ."

စပျစ်ဖြေပုံတစ်မျိုးကြောင့် မင်းတင်ဌေး မပွင့်တပွင့်ရယ်မိ သည်။ ပြီးမှ. . .





"ကဲ. .ကျွန်တော် အနားယူလိုက်ဦးမယ်. . ."

"ဟုတ်ကဲ့ ဆရာ. . ."

သူနှင်သလိုဆိုတော့မှ စပျစ် အခန်းထဲမှ ထွက်သွားလေ တော့သည်။ စပျစ်ထွက်သွားသည်နှင့် သူ အခန်းကို အမှောင်ချ လိုက်၏။ အမှောင်ထဲ၌ပင် သူ အိပ်ရာထက် အသာလှဲလိုက်ပြီး

တစ်နေ့လုံး လိမ္မော်ချိုကို ငါ မမြင်ရဘူး၊ ညနေက ငါ ခြံထဲမှာ လမ်းလျှောက်တော့ လိမ္မော်ချိုရဲ့ အလုပ်သမလေးတွေကို တော့ အတော်များများ တွေ့မိတယ်။

ညှော့်သည်တွေကိုလည်း သူကိုယ်တိုင် ညှော့်ခံတာက ညဘက်မှ ညှော့်ခံတယ်။ မနက်စာနဲ့ နေ့လယ်စာစားချိန်တွေမှာ ညှော့်သည်တွေကို ငါနဲ့ သူ့အတွင်းရေးမှူးမလေးတွေပဲ ညှော့်ခံကြ ရတယ်။

သူ ဘာကြောင့် နေ့ခင်းဘက်မှာ ညှော့်သည်တွေကို ညှော့်မခံ တာပါလိမ့်၊ အဲဒီအချိန်တွေမှာ သူ ဘယ်မှာ ရှိနေမလဲ။

မင်းတင်ဌေးတွေးဆဲ အတွေးကို ရပ်ဖစ်လိုက်သည်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



သူ့ခါးပတ်ခေါင်းမှ ခလုတ်ကလေးတစ်ခုကို နှိပ်လိုက်ပြီး နားကျပ် ကလေးတစ်ခုကိုပါ စွပ်လိုက်၏။

ထိုအခါမတော့ သူ့နားစည်ဝယ် အသံလှိုင်းကလေးများ ထိုးဖောက်ဝင်ရောက်လာကြချေ၏။

"မစ္စတာကျင်းတို့ ပြန်တဲ့အခါ ယူသွားမယ့်ပစ္စည်းတွေ ဒီမှာ အသင့်ပါပဲ. . ."

"ဟုတ်ကဲ့၊ ဒေါ်လီမွှော်ချိုဟာ လူငယ်ပေမယ့် အလုပ်မှာ သိပ်ပြီးတိကျမှန်ကန်မှုရှိတာကို ကျွန်တော်တို့ အတော်လေးစား တယ်. . ."

"ဒါကတော့ရှင်၊ လီမွှော်တို့လုပ်နေတဲ့အလုပ်တွေက အသေး အမွှားလေးတွေမှ မဟုတ်ဘဲ၊ တစ်ဘက်နဲ့တစ်ဘက် ယုံကြည်မှုနဲ့ မှန်ကန်မှုသာ အဓိကပဲမဟုတ်လား. . ."

"အမှန်ဆုံးပဲ ဒေါ်လီမွှော်ချို. . ."

"ဒါနဲ့ မစ္စတာတို့ဘက်က အခြေအနေကောင်းရဲ့လား မစ္စတာတို့ပြန်တဲ့အခါ တစ်ပါတည်းယူသွားရင် ဖြစ်ပါ့မလား"





"ဖြစ်တာပေါ့၊ ကျွန်တော့်ဘက်က အားလုံးပိုင်တယ်၊ ဒေါ်လီမွှော်ချိုတို့ နယ်နိမိတ်ထဲကသာ. . ."

"ရပါတယ်၊ လီမွှော်တို့ နယ်နိမိတ်အထိ လီမွှော့်လူတွေက တာဝန်ယူပါလိမ့်မယ်. . ."

"ကောင်းပြီလေ၊ ဒါဆိုဘာမှပြောစရာမရှိပါဘူး"

လူလေးငါးယောက်၏ စကားသံတွေက တိတ်ဆိတ်သွား ပြန်သည်။ မင်းတင်ဋ္ဌေးနားထဲ နားကျပ်ထဲမှ အသံက တရှဲရှဲမြည် နေ၏။

ပြီးတော့ လှုပ်ရှားသံ၊ ရွေ့လျားသံ၊ ခြေသံတွေစသည်ဖြင့် အသံပေါင်းစုံတို့ ဝင်ရောက်နေ၏။ တစ်အောင့်ကြာတော့ အသံတွေက ပြန်ထွက်လာပြန်သည်။

"ဒီတစ်ခါ ဒေါ်လီမွှော်ချိုရဲ့ညှို့ခံမှုက ထူးခြားနေပါလား"

"ဟုတ်တယ်၊ ကျွန်မရဲ့အတွင်းရေးမှူးတွေရဲ့ စိတ်ကူးစေ့စပ် မှုတာတို့ သဘောကျကြရဲ့လား. . ."

"သိပ်ကျတာပေါ့၊ မြန်မာ့အနုပညာ ဈေးသွားတွေဟာ

www.burmeseclassic.com

www.burmeseclassic.com



အတော့်ကိုဆွဲဆောင်တာပဲ၊ ဒေါ်လိမ္မော်ချိုကိုယ်၌လည်း အတော်မြတ်နိုးပုံရမယ်ထင်ပါတယ်. . ."

"အဟင်း. .ဟင်း. .လိမ္မော်က ဘာမှစိတ်မဝင်စားတတ်ဘူး မစ္စတာ၊ လိမ္မော်စိတ်ဝင်စားတာ တစ်ခုပဲရှိတယ်၊ အဲဒါ လိမ္မော်ရဲ့ စီးပွားရေးပဲ. . ."

"ဩော်. .ဩော်. .ဩော်. . ."

စကားသံတွေ ပျောက်သွားပြန်၏။

လှုပ်ရှားသံတွေ ရယ်သံမောသံတွေ တခြားစကားသံတွေက အစ မင်းတင်ဌွေးတပ်ဆင်ထားသည့် အသံဖမ်းစက်လေးများထဲ အကုန် ဝင်နေသည်မို့ မင်းတင်ဌွေးမှာ နားမထောင်ချင်ဘဲလည်း စိတ်ရှည်လက်ရှည်ပင် နားကျပ်ကို မဖြုတ်မတမ်း နားထောင်နေရလေ၏။

မှန်သည်။ မင်းတင်ဌွေးကား ညတုန်းက ကဗျာချိုချိုစအိမ်ကြီး၏ လေးထပ်နှင့် မြေအောက်ခန်းအထိ လှုပ်ရှားကာ အဓိကကျသည့် နေရာတို့၌ အလွန်အားကောင်းသည့် အသံဖမ်းစက်လေးများအား တစ်လုံးစီတပ်ဆင်ထားခဲ့ပြီးသား မဟုတ်ပါလား။





အချိန်တွေအတန်ကြာတော့ မင်းတင်ဌွေး နားကျပ်ကို ဖြုတ်ထားလိုက်သည်။ အသံဖမ်းစက်လေးထဲဝင်နေသည့် စကားသံတွေကို သူ ဘယ်အချိန် နားထောင်ထောင်ရသည်။

အချိန်က တစ်စတစ်စနီးလာပြီ။ ဒီညလည်း ကျန်ရှိနေသေးသည့် လုပ်ငန်းတာဝန်များအတွက် သူ လှုပ်ရှားရပေဦးမည်မဟုတ်ပါလား။ ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## – တစ်ဆယ့်ငါး –

ညဉ့်ကား နာရီပြန်တစ်ချက်ခွဲ။ နားထဲကြားနေရသည့် အသံ ဗလုံတွေက ပျောက်သွားပြီမို့ မင်းတင်ဋ္ဌေးနားကျပ်ကိုဖြုတ်ပြီး ခါးပတ်ခေါင်းမှ ခလုတ်ကလေးကို ပိတ်ပစ်လိုက်သည်။

သည့်နောက် တစ်ဆက်တည်းလည်း မင်းတင်ဋ္ဌေးသည် အိပ်ရာထက်မှ ထလိုက်ပြီး လက်ထဲအသင့်ရှိသည့် လက်နှိပ်ဓာတ်မီးသေးသေးလေးဖြင့် ထိုးကြည့်လိုက်သည်။ သူ ထိုးကြည့်သည်က မျက်နှာကျက်ဆီကိုပါ။

မှန်သည်။ ထုံးစံအတိုင်း ညွှဲ့သည်တွေကို သူဖြေဖျော်ခဲ့





ပြီး သူ့အခန်းထဲပြန်ရောက်ခိုက် သူသည် အချိန်ကို စောင့်ကာ တတိယညအတွက် လှုပ်ရှားရပေဦးတော့မည် မဟုတ်ပါလား။

သို့ဖြင့် သူ အချိန်ကို ဆိုင်းငံ့၍မှုမထား။ လှေလာထားပြီး သားမို့ လူတစ်ကိုယ်စာ ဝင်သာသည့် မျက်နှာကျက်မှ လေဝင်ပေါက်ဆီသို့ ကုလားထိုင်တစ်လုံးကို ရွှေ့လိုက်သည်။

ပြီးတော့ ကုလားထိုင်ပေါ်တက်ရပ်ပြီး နံရံကပ်ဗီရိုပေါ်မှ တစ်ဆင့် မျက်နှာကျက်မှ လေဝင်ပေါက်ကို ဖွင့်လိုက်၏။ မျက်နှာကျက် လေဝင်ပေါက်ပွင့်သွားသည်နှင့် မျက်နှာကျက်အပေါက်ထဲသို့ သူ ဝင်ရောက်သွားပါလေတော့၏။

လူတစ်ထိုင်စာသာသာလေးခန့်မြင့်သည့် မျက်နှာကျက်ထဲ၌ မင်းတင်ဋ္ဌေးသည် လက်နှိပ်ဓာတ်မီးလေးအားကိုးဖြင့် ညင်သာစွာ လှုပ်ရှားရွေ့လျားနေပါချေ၏။

မျက်နှာကျက်မှ လေဝင်ပေါက်လေးတွေ ဖောက်ထားသည့် အပေါက်တိုင်းကို သူ ငုံ့ကြည့်ဖြစ်ခဲ့သည်။ မျက်နှာကျက်တစ်လျှောက် အတန်လေးသွားမိပြီး လေဝင်ပေါက်တစ်ခုဆီသို့ ရောက်သော်မှ

www.burmeseclassic.com

www.burmeseclassic.com



မင်းတင်ဌွေးသည် အောက်သို့ငုံ့ကြည့်လိုက်လေ၏။

မင်းတင်ဌွေးမြင်နေရသည်က စိမ်းပြာရောင် ညအိပ်မီးသီးလေး ထွန်းထားသည့် အခန်းကြီးတစ်ခန်း။ အခန်းထဲ၌ လိုအပ်သည့် အဖိုးတန်ပစ္စည်းမျိုးစုံတို့မှာ သေသပ်စွာ သူ့နေရာနှင့်သူ ရှိနေ၏။

ပြီးတော့ ခွေးကြီးနှစ်ကောင်။ ခွေးကြီးနှစ်ကောင်ကား လှပအိစက်သော အိပ်ရာကြီးတစ်ခု၏ ခြေရင်းအောက်၌ ငြိမ်သက်စွာ ရှိနေကြပါချေ၏။

ငြိမ်သက်နေကြပေမယ့် ကျရောက်လာမည့် အန္တရာယ်ကိုဖြင့် နားနှင့်သော်လည်းကောင်း၊ နှာခေါင်းနှင့်သော်လည်းကောင်း ရင်ဆိုင်ရန် သတိဝီရိယရှိစွာဖြင့် အသင့်ရှိနေကြသည်ပါ။

မှန်ပါ၏။ အသက်ပေးကာကွယ်ကြမည့် ခွေးကြီးနှစ်ကောင်၏ စောင့်ရှောက်မှုဖြင့် စိတ်ချယုံကြည်စွာ အနားယူအိပ်စက်နေရှာသူလေးကား လှပအိစက်ကျယ်ပြောသော အိပ်ရာကြီးထက်မှ အလှနတ်သမီးလေး လီမွှော်ချိုရယ်ပါ။





"ဟင်း. . ."

ပက်လက်ကလေး သက်တောင့်သက်သာ အိပ်စက်နေသည့် လီမွှော်ချိုကိုကြည့်ပြီး မင်းတင်ဌွေး သက်မချမိလေသည်။ ထို့နောက် မတော့ မင်းတင်ဌွေးကား အချိန်ကို ကြာကြာဆိုင်းငံ့၍မဖြစ်သဖြင့် မျက်နှာကျက်အပေါက်လေးအား ဖွင့်လိုက်ရပါပြီတည်း။

မျက်နှာကျက်အပေါက်ပွင့်သည်နှင့် နံရံကပ်ဗီရိုပေါ်မှတဆင့် ကံ့အားလျော်စွာပင် အဆင်ပြေစွာရှိနေသည့် လီမွှော်ချို၏ မှန်တင်ခုံပေါ်သို့ မင်းတင်ဌွေး ကိုယ်ကိုဖွပြီး ဆင်းလိုက်သည်။

မှန်တင်ခုံပေါ်ခြေချမိသည်နှင့် မျက်နှာကျက်အပေါက်ကို ပြန်ပိတ်ပြီး မျက်နှာကျက်အပေါက်ကလေးများ၌ အသံဖမ်းစက်ကလေး တစ်ခုကို မင်းတင်ဌွေး သံလိုက်တုံးကလေးဖြင့် ကပ်ထားလိုက်၏။

ပြီးသည်နှင့် သူ့ဘောင်းဘီအိတ်ထဲမှ ဂက်စ်မီးခြစ်ကလေး ခန့်ပင်ရှိသည့် ဘူးလေးတစ်ဘူးကို အသင့်ထုတ်ယူလိုက်ပြီး မှန်တင်ခုံပေါ်မှ မင်းတင်ဌွေး ဆင်းလိုက်လေ၏။

မင်းတင်ဌွေးမျက်လုံးတွေက ခွေးကြီးနှစ်ကောင်ထံမှ အလစ်



www.burmeseclassic.com

www.burmeseclassic.com



မပြတ်ရဲရှာ။ ခွေးကြီးတွေ၏ လှုပ်ရှားလာမည့် အနေအထားကို ရင်တမမကြည့်ရင်း ခြေကို တစ်လှမ်းချင်းဖွကာ သူတို့ဆီသို့ လျှောက်လာခဲ့၏။ ခွေးကြီးတွေနှင့် တစ်ကိုက်ခန့်အကွာအဝေးသို့ ရောက်သော်

"ရှစ် . . ရှစ် . . ရှစ် . . ."

လက်ထဲအသင့်ကိုင်ထားသည့် မီးခြစ်လိုသဏ္ဌာန်လေးထဲမှ ဂက်စ်ငွေ့လေးတွေကို ခွေးကြီးနှစ်ကောင်ထံ သူဖြန်းလိုက်သည်။

မှန်သည်။ ထိုဂက်စ်ငွေ့လေးကား ခွေးကြီးနှစ်ကောင်အတွက် အသင့်ယူလာသည့် တိရစ္ဆာန်များအား ယဉ်ပါးအောင်လုပ်ယူသည့် ဓာတ်ငွေ့တစ်မျိုးပါတည်း။

စိတ်ချရလောက်သည်အထိ ဂက်စ်ငွေ့တွေဖြင့် ခွေးနှစ်ကောင်ကို ဖြန်းပြီးမှ မင်းတင်ဌေးသည် လိမ္မော်ချို၏ စီးပွားရေးဖိုင်တွေကို ရှာဖွေလှန်လှောကြည့်လိုက်သည်။

ဘယ်လမ်း၊ ဘယ်ခရီး၊ ဘယ်နေ့၊ ဘယ်သူဖြင့် ရက်စွဲနှင့် အတိအကျလုပ်ရမည့် အလုပ်နှင့် နေ့ရက်တွေကို မင်းတင်ဌေး ရေးမှတ်ထားလိုက်သည်။





လိုအပ်သည်တို့ကို မင်းတင်ဌေး ရေးမှတ်ထားပြီး ဖိုင်တွဲတွေကို စနစ်တကျ လက်ရာမပျက် မင်းတင်ဌေး ပြန်ထားလိုက်၏။

အားလုံးပြီးတော့ မင်းတင်ဌေးသည် လိမ္မော်ချိုအိပ်စက်နေရာ ခုတင်ကြီးဆီသို့ လျှောက်လာခဲ့လေသည်။ နှစ်ခြိုက်စွာ အိပ်စက်နေရှာသည့် လိမ္မော်ချို မိန်းမလှလေးအား သူ ငုံ့ကြည့်နေမိလေသည်။

"ဟင်း . . ."

သက်မဖောကိုချပြီး မင်းတင်ဌေး ခေါင်းယမ်းလိုက်သည်။ အလှနတ်သမီးထံမှ သူ့အကြည့်တွေကိုလွှဲကာ သူ့စိတ်တွေကို ထိန်းချုပ်လိုက်၏။ စိတ်တွေကို ထိန်းချုပ်ပြီး အခန်းတံခါးဆီသို့ သူ လျှောက်ခဲ့လိုက်လေ၏။

အခန်းတံခါးနားရောက်မှ တံခါးသော့အား သူ့လက်ထဲမှ သံချောင်းလေးဖြင့် ဖွင့်မည်ပြုဆဲ အလှနတ်သမီးလေးထံ သူပြန်လှည့်ကြည့်မိရပြန်သည်။

ထိုအခါ သူ့စိတ်တို့သည် ဝေဝါးသွားကြ၏။ သူ့ခြေလှမ်းတွေမှာ အလှနတ်သမီးလေးထံသို့ ပြန်၍လှည့်လာသည်။ အလှ



www.burmeseclassic.com

www.burmeseclassic.com



နတ်သမီးလေးဆီသို့ ရောက်သော် မင်းတင်ဒွေးသည် ဒူးတစ်ဖက်ထောက်ကာ ကိုယ်ကိုအနည်းငယ်ညွှတ်လိုက်ပြီး အလှနတ်သမီး၏ နဖူးပြင်ဝင်းနုနုလေးထက် ညင်သာစွာ ငုံ့၍ မွှေးကြူလိုက်သည်။

"ဟင်း . . ."

သည့်နောက်မတော့ မင်းတင်ဒွေးကား ခေါင်းကိုယမ်းသက်မမောတစ်ချီအား ထပ်ချပြီးသော် အလှနတ်သမီးလေးထံပါးမှ စိတ်ကို ဒုံးဒုံးချ ကျောခိုင်းခဲ့လိုက်ပါတော့သတည်း။

❖ ❖ ❖



– တစ်ဆယ့်ခြောက် –

နံနက်ပိုင်းကော်ဖီသောက်ပြီး၍ မင်းတင်ဒွေးသည် ခြံထဲတစ်ဦးတည်း အေးဆေးစွာ လမ်းဆင်းလျှောက်နေဆဲ . .

"ဆရာ . . ."

"ဩော် . . မစပျစ် ကိစ္စရှိလို့လား . . ."

"ဟုတ်ကဲ့ဆရာ၊ ဒီည ဆရာနောက်ဆုံးညစ်ခံရမယ့်ညပဲလေ၊ ဒါကြောင့် ဆရာ့အတွက် ညဏ်ပွဲတော်ခကို ခုကတည်းက ချီးမြှင့်



www.burmeseclassic.com

www.burmeseclassic.com



ထားပြီး မနက်ကျတော့ ဆရာ့ကို စောစောပြန်ပို့ရမယ်လို့ မမလိမ္မော်က ပြောထားလို့ပါ ဆရာ. . ."

"ဩော်. .ဟုတ်လား၊ မနက်ဖြန်မနက် စောစောပြန်ပို့မယ်ဆိုတော့ ဘယ်အချိန်လောက်ဖြစ်မလဲ. . ."

"ခြောက်နာရီလောက် ဖြစ်ဖို့များပါတယ် ဆရာ. . ."

"ဩော်. .ဩော်. . ."

စဉ်းစားတွက်ဆဟန်ဖြင့် သူ ခေါင်းညိတ်သည်။

"ကဲ. .ဆရာ့ကို ညဏ်ပူဇော်ခချီးမြှင့်ဖို့ ဆရာကြွပါဦး"

"ဘယ်ကိုလဲ၊ ဘယ်သူကပေးမှာလဲ. . ."

"ဆရာ့ညဏ်ပူဇော်ခကို မမလိမ္မော်နဲ့ ပြောထားတယ်မဟုတ်လား၊ အခု မမက သူ့ရုံးခန်းထဲလာဖို့ ခေါ်ခိုင်းလိုက်လို့ပါ"

"အင်း. . ."

အေးစက်စက်ဟန်ဖြင့် မင်းတင်ဋ္ဌေး အင်းလိုက်ပြီး ခြေလှမ်းတွေက စံအိမ်ကြီးဆီသို့ လျှောက်ခဲ့လေ၏။ စံအိမ်ကြီးဆီသို့ စပျ[ိုး]နှင့်အတူ လျှောက်လာဆဲ စပျစ်က. . .





"ဆရာ့ကိုမေးရဦးမယ်. . ."

စပျစ်စကားကြောင့် ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်ထိုးသွင်းရင်း စပျစ်ဘက် မင်းတင်ဋ္ဌေး စောင်းငဲ့ကြည့်သည်။ စပျစ်က မင်းတင်ဋ္ဌေးအတွက် ဂုဏ်ယူစွာပြုံးရင်း. . .

"ညကျရင် ဆရာ့ကို မန္တလာကျောင်းတို့အဖွဲ့က ဂုဏ်ပြုချီးမြှင့်ကြဦးမယ်တဲ့. . ."

"ဩော်. .ဟုတ်လား၊ ကျွန်တော့်အတွက် ဝမ်းသာစရာပေါ့ဗျာ. . ."

သူတို့စကားပြောရင်း လျှောက်လာရင်းဖြင့် စံအိမ်ကြီးဆီကိုရောက်လာပြီဖြစ်သည်။ စံအိမ်၏ဆင်ဝင်အောက်ကြီးထဲ ဝင်လိုက်သည်နှင့် ဒုတိယအတွင်းရေးမှူးမလေး သစ်တော်ကို မင်းတင်ဋ္ဌေး တွေ့လိုက်ရလေ၏။

လိမ္မော်ချိုအတွက် အနီးကပ်ဆုံး အလုပ်လုပ်ပေးနေကြရသူတွေက အတွင်းရေးမှူးလေးယောက်က အခရာပဲဟု မင်းတင်ဋ္ဌေး သဘောပေါက်ထားပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ လမ်းလျှောက်တာ အနှောင့်အယှက်ဖြစ်သွားပြီ ထင်တယ်. . ."

အပြုံးလေးနှင့် သစ်တော်က ဆီးကြိုမေးသည်။

"ကိစ္စမရှိပါဘူး ရပါတယ်. . ."

အေးအေးဆေးဆေးပင်ဆိုပြီး ကဗျာချိုချိုစံအိမ်ကြီးထဲသို့ ဝင်ခဲ့လေ၏။ စံအိမ်ထဲသို့ဝင်လိုက်သည်နှင့်ပင် အတွင်းရေးမှူးမလေး သရက်က သူ့ကို အပြုံးလေးနှင့် ဆီးကြိုသည်။

သူကလည်း အလိုက်သင့် ပြန်ပြုံးပြခဲ့ပြီး ဒုတိယထပ်သို့ ဆက်တက်ခဲ့၏။ သူနှင့်အတူ စပျစ်နှင့် သစ်တော်တို့က ပါလာသည်။ ဒုတိယထပ်သို့ရောက်တော့ အတွင်းရေးမှူးမလေး မက်မွန်က အပြုံးဖြင့် ဆီးကြိုကာ နှုတ်ဆက်ပြန်ပါ၏။

သူကလည်း ခေါင်းလေးဆတ်ကာ ပြုံးပြခဲ့ရပြန်ပါသည်။ လှေကားမှပင် တတိယထပ်သို့ ဆက်တက်လာခဲ့ရင်းမှ သူက. .

"ဓာတ်လှေကားမထားဘူးလား. . ."

"ထားပါတယ်၊ မသုံးတာပါ ဆရာ. . ."



"ဘာဖြစ်လို့ မသုံးတာလဲ. . ."

"ဘာမှမဖြစ်ပါဘူး ဆရာ၊ သုံးတဲ့အခါလည်း သုံးပါတယ်"

ဘယ်လိုအခါမှာ သုံးတာလဲဟု သူဆက်မေးချင်ပေမယ့် မမေးတော့။ သူတို့တတိယထပ်သို့ ရောက်လာပြီမို့ ဒုတိယအတွင်းရေးမှူးဖြစ်သည့် သစ်တော်က. . .

"ကဲ. . စပျစ်၊ သစ်တော် နေခဲ့တော့မယ်. . ."

"အင်း. . ."

သူမတာဝန်ကျသည့် အထပ်တွင် သစ်တော် နေခဲ့ရတော့သည်။ မင်းတင်ဌေးနှင့်အတူ စပျစ်တာဝန်ကျရာ စတုတ္ထအထပ်သို့ တက်လာရင်းက မင်းတင်ဌေးက. . .

"ဧည့်သည်တွေကော ဘယ်မှာလဲ. . ."

"ဧည့်သည်တွေအားလုံး မက်မွန်တာဝန်ကျတဲ့ အထပ်က ဧည့်ခန်းကြီးထဲမှာ အနားယူနေကြတယ်လေ. . ."

"ဪ. . ဒါကြောင့် မတွေ့တာကိုး. . ."

"ဧည့်သည်တွေပြန်မှပဲ စပျစ်တို့လည်း စိတ်လက်ကြည်လင်

www.burmeseclassic.com

www.burmeseclassic.com



ပြီး ပေါ့ဝါးကြရမှာပါ. . ."

"ဘာဖြစ်လို့လဲ. . ."

"ညှော်ခံနေရလို့ပါ၊ ညှော်ခံမှုအပိုင်းက စပျစ်တို့အတွင်းရေ

လေးယောက်ဆီမှာသာ အချိန်ပြည့်နဲ့သာ တာဝန်အပြည့်အဝရှိ

တာမဟုတ်လား. . ."

"ခင်ဗျားတို့ မမလိမ္မော်ကကော. . ."

"မမလိမ္မော်က ညဘက်လောက်မှ ခဏတာဖြုတ် ညှော်

တာပါ၊ မလိုအပ်ရင် မမက ဘယ်သူနဲ့မှ အတွေ့ခံသူမဟုတ်

လေ. . ."

"သြော်. .သြော်. .ဒါကြောင့် ခင်ဗျားတို့မမကို ကျွန်တော်

ညဘက်မှပဲ တွေ့ရတာကိုး. . ."

"ဟုတ်တယ်၊ အခု ဆရာနဲ့တွေ့ဖို့တောင်မှ စပျစ်တို့

ဆရာ့ဉာဏ်ပူဇော်ခအတွက် စကားအပြောအဆို မှားမိမှာစိုးလို့

လိမ္မော်ကို တောင်းပန်ပြီး တွေ့ခံစေရတာပါ. . ."

စပျစ်စကားကို မင်းတင်ဋ္ဌေး နားထောင်နေမိသည်။ ဘာ

ဘာ့ သူ ပြန်မပြောတော့။ စပျစ်တာဝန်ကျရာ စတုတ္ထထပ်သို့

ရောက်ပြီမို့ စပျစ်မှာ သူမစားပွဲတွင် ဝင်ကာ နေရာယူလိုက်ပြီး...

"ကဲ. .ဆရာ၊ ဒီကနေ မမလိမ္မော်ရုံးခန်းကို ဆက်သွားပါ"

သူခေါင်းညိတ်ပြီး ဆက်ထွက်ခဲ့လေသည်။ စံအိမ်ကြီး၏

အခန်းပေါင်းမြောက်များစွာကို ဖြတ်ကျော်ခဲ့ပြီးမှ အခန်းတစ်ခုရှေ့သို့

ရောက် ခြေစုံရပ်ပြီး မင်းတင်ဋ္ဌေး တံခါးကိုခေါက်လိုက်သည်နှင့်

ဆိုင်းမတွပင် တံခါးသည် ပွင့်သွားလေ၏။

ထုံးစံအတိုင်း တံခါးဖွင့်ပေးလာသူတွေက ရှမ်းရှမ်းနှင့်

ကားကားနှစ်ကောင်စလုံး။ လိမ္မော်ချို၏ ရုံးခန်းထဲသို့ မင်းတင်ဋ္ဌေး

ဝင်လိုက်သည်နှင့် ဆီးရောင်မှန်စားပွဲကြီးနှင့် ကုလားထိုင်တစ်လုံးတွင်

လိမ္မော်ချိုအား အသင့်ပင် မင်းတင်ဋ္ဌေး တွေ့လိုက်ရပါချေ၏။

ရှမ်းရှမ်းနှင့်ကားကားက မင်းတင်ဋ္ဌေး၏ကိုယ်လက်တွေကို

လျှောက်နမ်းနေသည်မို့ မင်းတင်ဋ္ဌေးမှာ ခွေးနှစ်ကောင်၏ လည်ဆံ

မွေးတွေကို ရင်းနှီးစွာ ပွတ်သပ်လိုက်ပြီး လိမ္မော်ချိုထိုင်နေသည့်

ဆီးရောင်မှန်စားပွဲကြီးဆီ လျှောက်လာခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားသော မျက်ဝန်းလှလှလေးများဖြင့် လိမ္မော်ချိုသည် မင်းတင်ဌေးကို ကြည့်နေမိလေသည်။ ပြီးတော့ သူမ၏ခွေးကြီး နှစ်ကောင်ဆီလည်း ကြည့်မိရချေ၏။

အခန်းတံခါးကိုပိတ်ပြီး သူမခွေးကြီးတွေက အခန်းထဲ ဟိုဟို သည်သည် လျှောက်သွားနေသည်။ စက္ကန့်လေးကြာကြာ လျှောက် သွားနေကြပြီးမှ မင်းတင်ဌေးနှင့် လိမ္မော်ချိုတို့ ခြေရင်းနား၌ ငြိမ်သက် စွာ အိပ်နေလိုက်ကြပါလေ၏။

လိမ္မော်ချိုမှာ စိတ်ထဲတစ်မျိုးတစ်မည် ဖြစ်သွားရပါချေ၏။ မယုံနိုင်စရာ သူမခွေးကြီးတွေဆီကြည့်ပြီး မင်းတင်ဌေးထံ ပြန်ကြည့် လိုက်သည်။

ထိုအခါ မင်းတင်ဌေး၏ မျက်ဝန်းညိုကြီးတွေနှင့် ဆုံဆည်း သွားလိုက်ကြချေ၏။ သို့သော်လည်း လိမ္မော်ချိုကား ထူးခြားသော လှုပ်ရှားဟန်တို့ မရှိသွားပါလေ။

ထူးခြားလှုပ်ရှားဟန်များ မပေါ်လွင်သည့်ပြင် လိမ္မော်ချိုသည် မင်းတင်ဌေးအား အကြည့်စူးစူးရှေးနှင့်ပင် ကြည့်နေဆဲက. . .





"လိမ္မော် အံ့သြသွားတယ်. . ."

"ဘာကို အံ့သြသွားတာလဲ လိမ္မော်ချို. . ."

သူတို့စကားသံတွေမှာ ငြိမ်းချမ်းအေးခဲလွန်း၏။

"ကဲ. .ထားပါတော့ရှင်၊ ကဲ ပြော ရှင့်ညာဏ်ပူဇော်ခကို လိမ္မော် ဘယ်လောက်ချီးမြှင့်ရမလဲ. . ."

သူ့အမေးအတွက် လိမ္မော်ချို ဘာမှပြန်မဖြေ။ အေးအေး ဆေးဆေး မသိဟန်လွှဲနေပေမယ့် လိမ္မော်ချိုစိတ်တွင်းဝယ် မည်မျှ လေးနက်နေမည့် အချက်ကိုကား ဝါရင့်ရဲအရာရှိပီပီ မင်းတင်ဌေး သိသည်ပဲလေ။

လွှန်စွာမှ ကြောက်စရာကောင်းအောင် ရက်စက်ကြမ်းကြုတ် သလောက် ရိုင်းစိုင်းလွန်းသော သူမ၏ခွေးကြီးနှစ်ကောင်က အဘယ် ကြောင့် သူ့ကိုရင်းနှီးနေကြပါသနည်းဟူသော မေးခွန်းက လိမ္မော်ချို အား အလုပ်ပေးပေတော့မည် မဟုတ်ပါလား။

ထိပ်တန်း ဒုစရိုက်ဂိုဏ်းမယ်တော် တစ်ဦးပဲလေ၊ လိမ္မော်ချို အား မင်းတင်ဌေးစိတ်၌ လျော့တွက်ထားခြင်းမရှိသည်ကား အမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မင်းတင်ဋ္ဌေးသည် လိမ္မော်ချိုအမေးအား ချက်ချင်း မဖြေသေးဘဲ စဉ်းစားဟန်ဖြင့် လိမ္မော်ချိုမျက်နှာလေးအား စိုက်ကြည့်နေမိလေသည်။

"ပြောလေရှင့်. . ."

"ဟုတ်ကဲ့. . ."

ချိုလွင်နေပေမယ့် အနည်းငယ်ဆတ်သယောင် ပြောလာသည့် သူမစကားသံလေးကြားရလေမှ မင်းတင်ဋ္ဌေးမှာ တည်ငြိမ်အေးချမ်းသည့်အသွင်နှင့်ပင် စကားကိုဆက်လေသည်။

"ကျွန်တော့်ပထမဆုံးညအတွက် ဉာဏ်ပူဇော်ခမယူပါဘူး"

"ရှင်. . ."

မျက်ဝန်းလှလှလေး အနည်းငယ်ကျယ်သွားသယောင်ဖြင့် လိမ္မော်ချို 'ရှင်' မိသည်။

"ဟုတ်ပါတယ် ဒီလိုပါ၊ ပထမဆုံးညအတွက် ကျွန်တော် ဉာဏ်ပူဇော်ခမယူတာက ခင်ဗျားတို့က ကျွန်တော့်ကို ကောင်းကောင်းနှိမ့်မှန်မျှဈေးမွေးထားကြတယ် မဟုတ်လား. . ."





"အဲဒါကြောင့်ပါ၊ ဒီနောက်ဆုံးညအတွက် ကျွန်တော့်ကို ဉာဏ်ပူဇော်ခ ခင်ဗျားက တစ်သောင်းငါးရာပဲ ချီးမြှင့်ပါ. . ."

"ရှင် ဘယ်လို၊ ရှင်က တစ်ညကို သောင်းဂဏန်းနဲ့ချီပြီး ဆိုတယ်လို့ လိမ္မော်တို့ကြား.ထားတာပဲ၊ အခုက ဉာဏ်ပူဇော်ခ သောင်ငါးရာပဲ ဟုတ်လား. . ."

"ဟုတ်တယ်. . ."

သူ့ဆိုရင်း ထိုင်ရာမှ ထရပ်လိုက်သည်။ လိမ္မော်ချိုမှာ အံ့ဩဆုံးရှိနေမိလေ၏။ မင်းတင်ဋ္ဌေးက. . .

"ဘယ်လိုလဲ လိမ္မော်ချို၊ ကျွန်တော့်ကို ပေးနိုင်တယ် မဟုတ်လား. . ."

"ဒါလောက်လေးကတော့ ဆယ်ခါပြန်တောင် ပေးနိုင်ပါသေးတယ်ရှင်. . ."

"ကောင်းပြီလေ၊ ကျေးဇူးတင်ပါတယ်၊ ကဲ ကျွန်တော် သွားနိုင်ပြီလား. . ."

"အင်း. ရှင့်ရဲ့ ဉာဏ်ပူဇော်ခကို လိမ္မော်အတွင်းရေးမှူး



www.burmeseclassic.com

www.burmeseclassic.com



စပျစ်ဆီမှာ ထုတ်သွားပါ၊ ဒီကနေ ဖုန်းနဲ့အကြောင်းကြားထားလိုက်ပါ့မယ်. . .”

“ကောင်းပါပြီ. . .”

စကားဆုံးသည်နှင့် လီမွှော်ချိုရှေ့မှ မင်းတင်ဌေး ထွက်ခဲ့သည်။ ရုံးခန်းတံခါးကိုပင် မင်းတင်ဌေးမှာ ကိုယ့်ဘာသာကိုယ်ဖွင့်ပြီး ထွက်သွားလိုက်လေ၍ လီမွှော်ချိုကား မျက်ဝန်းဝိုင်းဝိုင်းလည်ဟန်ဖြင့် ကျန်ခဲ့ရပါသတည်း။

× × × × ×

ထုံးစံအတိုင်း လီမွှော်ချိုထံမှ အမိန့်ရပြီမို့ မင်းတင်ဌေး အနားယူရန် စပျစ်နှင့်အတူ စတုတ္ထထပ်သို့ တက်လာခဲ့၏။ မင်းတင်ဌေးသည် မစ္စတာကျောင်းတို့အဖွဲ့မှ မိမိအား ဂုဏ်ပြုလက်ဆောင်ပေးလိုက်သည့် ဘူးလေးကို လက်တစ်ဘက်မှ ကိုင်လာပြီး အေးအေးဆေးဆေးပင် စပျစ်နှင့်အတူအပေါ်ထပ် တက်ခဲ့လေ၏။





စပျစ်မှာ မင်းတင်ဌေး၏ အေးဆေးသလောက် တည်ငြိမ်လေးနက်လှသောဟန်အား ခင်မင်လေးစားစွာကြည့်ပြီး. . .

“ဆရာ. . .”

“ဗျာ. . .”

“ဆရာ့ဉာဏ်ပူဇော်ခ စပျစ်ဘယ်တော့ပေးရမှာလဲ. . .”

“မနက်စောစော ကျွန်တော့်ကို လိုက်ပို့တဲ့အခါမှ ပေးပါ”

“ဆရာ့ကို မမက သိပ်အံ့သြနေတယ်. . .”

“ဘာဖြစ်လို့လဲ. . .”

အေးစက်စက်ပင် မေးဖြစ်သည်။ စိတ်ထဲမတော့ လီမွှော်ချို၏ မိမိအား အနည်းငယ်စိတ်ဝင်စားဟန်ရှိနေကြောင်း ကြားသိရသဖြင့် လှုပ်လှုပ်ရှားရှား ကျေနပ်နေမိပါ၏။

“ဆရာ့ဉာဏ်ပူဇော်ယူတာ ထောင့်ငါးရာထဲမို့လေ”

“အဟွန်း. .ဟွန်း. . .”

မင်းတင်ဌေး ရယ်မိလေသည်။

“ဆရာ ဘာရယ်တာလဲ. . .”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သဘောကျလို့ပါ၊ ထောင့်ငါးရာဆိုတဲ့ ညဏ်ပူဇော်ခဟာ မနည်းပါဘူးဗျာ. . ."

"အို ဆရာက တစ်ညသောင်းချီပြီးယူတာလို့ ကြားနေတဲ့ဟာပဲ. . ."

"ကျွန်တော် ညဏ်ပူဇော်ခယူတဲ့အခါမှာ အခြေအနေအရပဲ ယူတတ်ပါတယ်၊ ဒီစံအိမ်က ကျွန်တော်ရမယ့် ထောင့်ငါးရာဆိုတဲ့ ညဏ်ပူဇော်ခဟာ ကျွန်တော့်အတွက်တော့ တန်ဖိုးမဖြတ်နိုင်ပါဘူးဗျာ"

သူ့စကားများအတွက် စပျစ် နားမျက်စိလည်သွား၏။ စကားတွေပြောလာရင်း မင်းတင်ဌေးအခန်းသို့ ရောက်လာ၏။ အခန်းတံခါးကို စပျစ်က ဖွင့်ပေးပြီး မင်းတင်ဌေး အခန်းထဲဝင်လိုက်သည်။ ပြီးတော့ စပျစ်က ကြည့်လိုက်ရင်းက. . .

"ကဲ. .မစပျစ်၊ ကျွန်တော် အနားယူတော့မယ်"

"ဟုတ်ကဲ့ ဆရာ၊ ဆရာ့ကို မစ္စတာကျင်းတို့ ဆုချထားတာကိုလည်း ဝမ်းပန်းတသာ ကြည့်လိုက်ဦးပေါ့. . ."

"အင်း. . ."





သူ ခေါင်းညိတ်ပြပြီး တံခါးကိုပိတ်လိုက်သည်။ တံခါးပိတ်ပြီး အိပ်ရာဆီသို့ သူလျှောက်လာ၏။

စပျစ်ပြောခဲ့သလိုပင် မစ္စတာကျင်းတို့အဖွဲ့ ချီးမြှင့်သည့် ဘူးလေးကို အိပ်ရာထက်အကျအနထိုင်ကာ မင်းတင်ဌေး ဖွင့်ကြည့်သည်။

"ဟာ. . ."

သူ အံ့သြသွားသည်။

မှန်သည်။ မစ္စတာကျင်းတို့ချီးမြှင့်သည့် ပစ္စည်းလေးကား အရှည်အသွေးကောင်းလွန်းလှသည့် ပတ္တမြားအား စိန်ရံထားသည့် လက်စွပ်လေးတစ်ကွင်းမို့ပါ။

ဘူးလေးထဲမှလက်စွပ်ကို မင်းတင်ဌေးညင်သာစွာ ယူကြည့်လိုက်ပါသည်။ လက်စွပ်လေးကို အတန်ကြာကြာကြည့်ပြီး ဘူးလေးထဲ မင်းတင်ဌေး ပြန်ထည့်ထားလိုက်၏။

လက်စွပ်ဘူးလေးကို ဘောင်းဘီအိတ်ထဲ မင်းတင်ဌေး ထည့်လိုက်သည်။ ပြီးတော့ သူ့အိပ်ရာကို လူအိပ်နေသယောင် ပြင်ဆင်

www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့ပြီး သူ့အခန်းသော့ကို သံချောင်းလေးနှင့်ဖွင့်ကာ အခန်းမီးကို ပိတ်ပြီး သူထွက်ခဲ့လိုက်လေ၏။

မှန်သည်။ သူ့ခြေလှမ်းတွေက လိမ္မော်ချို၏ အိပ်ခန်းဆီသို့ လှမ်းနေလေသည်မဟုတ်ပါလား။ လိမ္မော်ချိုအခန်းရှေ့အရောက် အခန်းသော့ကို ထုံးစံအတိုင်း သံချောင်းလေးနှင့်ပင် သူဖွင့်ပြီး အခန်းထဲ ဝင်နေလိုက်ပါတော့၏။

သူအခန်းထဲရောက်သည်နှင့် ရမ်းရမ်းနှင့်ကားကားက သူ့ထံ ပြေးလာကြသည်။ ပြေးလာကြသည့် ရမ်းရမ်းနှင့်ကားကားတို့ထံသို့ သူ့လက်ထဲအသင့်ရှိနေသည့် ဂက်စ်ငွေ့လေးများအား တရှဲရှဲ သူ ဖြန်းလိုက်၏။

သူ့အဖို့ ရမ်းရမ်းနှင့်ကားကားတို့ စိတ်ချသွားကြရပေပြီ။ လိမ္မော်ချိုအခန်းထဲ၌ နာရီကိုတကြည့်ကြည့်ဖြင့် သူ စောင့်နေလိုက်၏။ စက္ကန့်မိနစ်ကလေးများမှသည် နာရီလေးတွေ တရွေ့ရွေ့ ရွေ့လျားလေပြီ။

နာရီလေးများ ကုန်ဆုံးသွားသည့်အလျောက် ညဥ့်သည်



သည်း တိတ်ဆိတ်ခြင်းမှောင်အတိဖြင့် ပြီးနေပါလေ၏။ သို့ဖြင့် င်းတင်ငွေးစောင့်သောအချိန်ကား ရှောက်ခဲ့ပါလေပြီ။

မှန်သည်။ အပြင်ဘက်၌ လိမ္မော်ချို၏ ခြေသံလေးနှင့်အတူ ခါးဖွင့်သံပိတ်သံနှင့် အခန်းတံခါးတွင်း ဝင်လာသံတို့ကို င်းတင်ငွေး ကြားနေရသည်မဟုတ်ပါလား။

လိမ္မော်ချိုအခန်းတွင်း ရောက်လာပြီအသိကြောင့် မင်းတင်ငွေး ား အသက်အောင့်ကာ ကြည့်နေမိပါချေ၏။ လိမ္မော်ချိုသည် ခန်းမီးကို ထောက်ခနဲဖွင့်လိုက်သည်နှင့် တစ်ခန်းလုံးမှာ လင်းထိန် ွားလေ၏။

အဝတ်အစားများလဲရန် မှန်ရှေ့၌ လိမ္မော်ချို ထိုင်လိုက်သည်။ ၌မှာ လက်ဝတ်ရတနာတွေချွတ်ပြီး မြန်မာဆန်ဆန်နှင့် လှပသည့် ကျီလေးချွတ်မည်အပြု မှန်ရိုပ်ထဲမှ ပေါ်လာသော အရိပ်တစ်ခု ကြောင့်. . .

"ဟင်. .ရှင်. . ."

ကြယ်သီးလေးတွေ ဖြုတ်နေပြီဖြစ်သည့် အကျီရင်ပတ်

www.burmeseclassic.com

www.burmeseclassic.com



ကလေး ဆွဲနေတာ ကိုယ်လေးရှာခန့်လှည့်ပြီး လိမ္မော်ချို မေးလာ

မင်းတင်ဌွေးသည် လိမ္မော်ချိုအလှအား စေ့စေ့ကြည့်မိ

သည်။ သူ ဘာစကားမျှ မဆိုမိသေး။ သူ့ကိုကြည့်နေသည့် လိမ္မော်

၏ မျက်ဝန်းလေးများကား မြွေဟောက်မလေးအလား စူးတောက်

ပါတော့၏။

"ဟင်. .ရှင် ဒီအခန်းထဲ ဘာကြောင့်ဝင်လာတာလဲ၊ ဘာ

ဝင်လာတာလဲ. . ."

"ရှမ်းရှမ်းနဲ့ ကားကား. .အို. . ."

လိမ္မော်ချိုကား ခေါင်းနှင့်အတူ တုန်လှုပ် အံ့ဩ

တော့၏။

မှန်သည်။ အဘယ်ကြောင့်ဆိုသော် သူမ၏ အားထ

သော ခွေးကြီးနှစ်ကောင်ကား စန္ဒရားဆရာနှင့် ယဉ်ပါးနေ

ကြောင့်ပါတည်း။ မင်းတင်ဌွေးသည် လိမ္မော်ချို၏ ခေါင်းဟန်

လေးအား စူးစိုက်ကြည့်ဆဲက. . .

"လိမ္မော. . ."





"အို. .ရှင် အခု လိမ္မော့်အခန်းထဲက ထွက်သွားပါ"

"အဟွန်း. .ဝင်လာကတည်းက ထွက်ဖို့မှမဟုတ်တဲ လိမ္မော်

ရယ်. . ."

"ရှင် ဘာပြောတယ်. . ."

"လိမ္မော့်ကိုချစ်တယ်၊ လိမ္မော့်ဆီက ကျွန်တော့်ရဲ့ ဉာဏ်

ပွံ့ဖော်ခဲအတွက် ထောင့်ငါးရာမေတ္တာကို လာယူတာလေ. . ."

"ဟင်. .အို. . ."

လိမ္မော်၏ခေါသမျက်ဝန်းလေးများကား မီးထတောက်မတတ်

ရှိတော့၏။

"လိမ္မော် အကျိုလဲလိုက်ပါဦးလေ. . ."

"ဟင်. .ရှင် ရဲတင်းလှချည်လား၊ ရှင် အခု လိမ္မော့်အခန်း

ထဲက ထွက်သွားပါ ဦးမင်းတင်ဌွေး. . ."

"အဟွန်း. .လိမ္မော် ကျွန်တော့်ကို ဘာလုပ်ချင်လဲ၊ ကျွန်တော်

တော့ မသွားနိုင်ဘူး. . ."

မင်းတင်ဌွေးဆိုရင်း လိမ္မော်၏ညဝတ်အကျီလေးကို လှမ်းယူ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ မင်းတင်ရွှေးကို ကြည့်ဆဲ လိမ္မော်ဒေါသတွေကို လျှော့ချ လိုက်၏။

လိမ္မော်ချိုကို မင်းတင်ရွှေးသည်လည်း သတိထားပြီး ကြည့် နေသည်ပါ။ မင်းတင်ရွှေး လက်ထဲမှ ညဝတ်အကျီလေးကို လိမ္မော် လက်လှမ်းတောင်းလိုက်သည်။ မင်းတင်ရွှေး လှမ်းပေးလိုက်၏။

ဆင်စွယ်ရောင် ပိုးသားပျော့ပျော့ ညဝတ်အကျီလေးအား သူမ လဲဝတ်လိုက်သည်။

"အဟင်း . . ."

မပွင့်တပွင့်ဟန် နုနုလှလှလေးဖြင့် မှန်ထဲမှတဆင့် မင်းတင်ရွှေးထံ လိမ္မော်ချို ပြုံးပြလာသည်။

"လိမ္မော် . . ."

သူ ချစ်မူးသံဖြင့် ခေါ်သည်။ ပြီးတော့ လိမ္မော့်ကို ကြည့် သည်။ လိမ္မော့်အကြည့်တွေသည် အေးစက်နေ၏။ လိမ္မော့်မျက်ဝန်း ထဲမယ် သူ ဘာအရိပ်အရောင်ကိုမျှ ရှာမတွေ့မိပါတကား။

သူ တံတွေးတစ်ချက်ကို မျိုချသည်။ လိမ္မော့်ကိုယ်ထေ





အား သူ ဖက်တွေးထားမိ၏။ သူ့ရင်မယ် ဆူလောင်လှုပ်ရှားရ သလောက် လိမ္မော်ကား ထူးခြားမှုမရှိသည့်အသွင်အတွက် သူ့ နှလုံးသားဝယ် တစ်စစ်စစ်မြည်ကာ နာကျင်ရပါလေ၏။

"ဟာဒ်း . မင်းကိုချစ်တယ်၊ သိပ်ချစ်တာပဲ လိမ္မော်ရယ်"

"အဟင်း . . ."

သူဆိုသည့်စကားအတွက် လိမ္မော်လွင်လွင်လေး ပြုံးရယ်ပြ လာပါသည်။ ထိုအပြုံးသည် သူ့အသည်းစိုင်အား လှုပ်ခါဆုံးပါ။ အခန်းထဲတွင်ကား မီးသည် ထိန်ထိန်လင်းဆဲ။

"ဒေါင် . . ဒေါင် . . ဒေါင် . . ."

"ဟင် . . နက်ငါးနာရီ သံချောင်းခေါက်နေပြီ . . ."

နှစ်ခြိုက်စွာ မိန်းမောခဲ့ရာမှ နားစည်ထဲဝင်လာသည့် သံချောင်းခေါက်သံကြောင့် လိမ္မော်ချိုသည် အိပ်ရာမှဖျတ်ခနဲနိုးကာ ထထိုင်ရင်း တုန်လှုပ်စွာဆိုသည်။

အိပ်ရာထက်မှာ လဲလျောင်းနေဆဲ မျက်ဝန်းအစုံ ပွင့်အော မင်းတင်ရွှေးသည် လိမ္မော့်အလှအား အပြုံးဖြင့် ကြည့်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အို. .ရှင် ဘာပြုံးနေတာလဲ၊ ထလေ၊ ထတော့၊ မနက်ငါးနာရီထိုးနေပြီရှင့်. . ."

"ထိုးတော့ ဘာဖြစ်လဲ အချစ်ရယ်. . ."

"အို ရှင့်ကို စပျစ်တို့ ခြောက်နာရီလိုက်ပို့ကြမှာ၊ ရှင် ထတော့. . ."

"ဟင်း. . ."

သက်မမောကိုချပြီး လှဲအိပ်နေရာမှ မင်းတင်ဌေး ထလိုက်သည်။ ပြီးတော့ သူ့ဘောင်းဘီအိတ်ထဲမှ ဘူးလေးကိုထုတ်ယူပြီး အတွင်းမှ လက်စွပ်ကလေးကိုပါ ထုတ်ယူလိုက်ရင်းက. . .

"အချစ် မင်းလေးဟာ ကိုယ့်တာဝရဲ့မြတ်နိုးရဆုံး မိန်းကလေးပါ၊ လောလောဆယ်မှာတော့ ကိုယ့်ရဲ့တရားဝင်အဖြစ် ဒီလက်စွပ်ကို ပေးခဲ့မယ်၊ မင်းကို သိပ်ချစ်တာပဲ မင်းတင်ဌေးရယ်. . ."

ဝတ်ပေးလျှင်လည်း တော်မည်မဟုတ်မှန်းသိ၍ သူဆိုရင်း လိမ္မော့်လက်ထဲ လက်စွပ်ကလေးကို ထည့်ပေးလိုက်သည်။

"ဒေါက်. . ."





သူပေးလာသည့် လက်စွပ်အား လိမ္မော်ချိုသည် အသိအမှတ်မပြု၊ လက်ထဲရောက်သည်နှင့် အခန်းထောင့်သို့ ချက်ချင်း လွှင့်ပစ်ပေါက်ထည့်လိုက်၏။

သူ ရင်နင့်စွာ ခံစားလိုက်ရပါသည်။ သို့သော် သူ ဘာမှစကားမဆိုပါလေ။ လိမ္မော့်ကို ဆွဲဖက်ကာ နမ်းပစ်လိုက်သည်။ သူ့ကို လိမ္မော် မည်သို့မျှ မတုံ့ပြန်ပါ။

"ရှင့်အခန်း ရှင်ပြန်တော့ ဦးမင်းတင်ဌေး. . ."

အနမ်းတွေ သူတန့်ရပ်ပြီး မျက်နှာချင်းခွာမိတော့ လိမ္မော်ဆိုသည်။ သူမအသံလေးက နဂိုချိုလွင်သာယာသည်မှ မည်သို့မျှ မထူးခြား။

သူနှင့် နှစ်ပါးကြည်မွေ့စွာ အချစ်ချင်းဖလှယ်တူစပ်ခဲ့သည့် လူတစ်ယောက်ရယ်ဟုပင် လိမ္မော်ချိုစိတ်၌ မထင်လေရော့သလား။ သူ တွေးတနင့်နင့် ရှိရပါ၏။

"သွားတော့လေ ဦးမင်းတင်ဌေး၊ အချိန်မရှိတော့ဘူး ရှင့်ရဲ့ ညဏ်ပူဇော်ခ လိမ္မော်အပြည့်အဝပေးပြီးပြီပဲ မဟုတ်လား. . ."

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုမပြောပါနဲ့လား အချစ်ရယ်. . ."

"အဟင်း. .ရှင် သွားတော့ ဦးမင်းတင်ဌေး. . ."

"ဟင်း. . ."

နာရီဆီတစ်ချက်ကြည့်ပြီး မင်းတင်ဌေး သက်မချသည်။ ငါးနာရီခွဲပြီ၊ သူ သွားမှဖြစ်ပေတော့မည်မို့ သူ့ထိုင်ရာမှ ထရပ်လိုက်သည်။ ပြီးတော့ လိမ္မော်ချိုထံ သူ မြတ်နိုးစွာ ငုံ့ကြည့်လာပြီး—

"လိမ္မော် ကိုယ့်အခန်းထဲမှာ လိမ္မော်လျော်ကြေးပေးသွားတဲ့ ငွေသုံးသိန်းရှိတယ်၊ လိမ္မော်လျော်ကြေးပေးစဉ်က လိမ္မော်ထင်သလို ကိုယ့်မှာ သားမယားမရှိခဲ့သေးပါဘူး. . ."

"ခုတော့ လိမ္မော်ဟာ ကိုယ့်ရဲ့ပုဆိုးတန်းတင် ဇနီးဖြစ်သွားပြီ၊ ငွေသုံးသိန်းကို ဇနီးမယားထံမှာ ပြန်အပ်သွားပါတယ်၊ ကိုယ့်လက်က မစိုးရိမ်ရပါဘူး၊ နည်းနည်းလေး အရိုးအကျဲ လောကဲဘာမှမဖြစ်ဘူး. . ."

သူ ပြောသမျှ လိမ္မော် နှုတ်ခမ်းလေးဖွဖွစေ့ကာ အေးခဲ ကြည့်နေမိသည်။



"လောကကြီးမှာ အမေကလွဲရင် မင်းကိုအချစ်ဆုံးပဲ လိမ္မော် ကိုယ် သွားမယ်. . ."

သူ့စကားအဆုံးတွင် လိမ္မော်ချိုသည် အင်း အဲမလုပ်၊ အခန်းတံခါးကိုတော့ ကိုယ်တိုင်သွားဖွင့်ပေးသည်။ မင်းတင်ဌေး အခန်းထဲမှထွက်သည်နှင့် အခန်းတံခါးကို လိမ္မော်ချက်ချင်းပိတ်ပစ်လိုက်သည်။

နောက်ဆုံး အချစ်ကို နှုတ်ဆက်ချိန်ပင် မင်းတင်ဌေး မရလိုက်။ မင်းတင်ဌေး သူ့အခန်းဆီပြန်ရောက်လာခဲ့ရသည်။ အခန်းထဲရောက်သည်နှင့် မင်းတင်ဌေး ကိုယ်လက်သန့်စင်လိုက်သည်။

ပြီးသည်နှင့် ခုတင်ပေါ်၌ ငွေထုပ်ကိုတင်ထားလိုက်ပြီး စပျစ် လာခေါ်မည့်အချိန်ကို စောင့်နေလိုက်ပါ၏။

မကြာလိုက်ပါ။ စပျစ်နှင့် သစ်တော်တို့ လာခေါ်သဖြင့် မင်းတင်ဌေးသည် သူ့အဝတ်အိတ်ကိုယူကာ အခန်းထဲမှ ထွက်ခဲ့လိုက်လေသည်။

"ဆရာ. .ဆရာ့ရဲ့ ညဏ်ပူဇော်ခ ပေးရဦးမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့တွက်အလာ စပျစ်ဆိုနေ၍ မင်းတင်ဒွေးမှာ အေးဆေး စွာဖြင့်. . .

"ကျွန်တော် ယူပြီးပြီ. . ."

"ဟင်. ဘယ်ကယူလဲ ဆရာ. . ."

"ခင်ဗျားတို့ရဲ့ စံအိမ်သခင်မဆီက. . ."

"ဟင်. . ."

စပျစ်နဲ့သစ်တော်ထံမှ ဟင်တွေက သူ့နောက်တွင် ကျန်ခဲ့ လေ၏။ လှေကားမှ ဦးစွာ သူ အမြန်ဆုံးဆင်းခဲ့ပြီး ကားနားတွင် ရပ်စောင့်နေလိုက်သည်။

သည့်နောက်မတော့ အလာတုန်းကလိုပင် သူ့ကို စပျစ်နှင့် သစ်တော်တို့က လိုက်ပို့ကြပါ၏။

တစ်လမ်းလုံး သူ စကားမဆို။ စပျစ်နှင့် သစ်တော်တို့လည်း စကားမဆိုကြပါလေ။ သူ့စကားအတွက် စပျစ်တို့ စဉ်းစားနေဟန် တော့ ရှိမည်ပါ။

ဟောမန်ဆောင်းမို့ နံနက်ခြောက်နာရီအချိန်ကား မှောင်အတိ





သာ ရှိပါသေး၏။ ဆောင်းနှင်းတို့ မဝင်နိုင်စေရန် ကားတံခါးတွေ ပိတ်ထားသဖြင့် ကားထဲနွေးနေ၏။

သူ့ရင်ထဲမလည်း နွေးနွေးထွေးထွေးရယ် ရှိပါချေ၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## – တစ်ဆယ့်ခုနစ် –

ဆီးရောင်ခပ်ရင့်ရင့် မှန်သားပြင်ကာထားသည့် ပြတင်းပေါက်ကြီးမှ အဝေးဆုံးနေရာသို့ လိမ္မော်ချိုသည် လှမ်းကြည့်နေမိလေ၏။

သို့သော် မြင်ကွင်းဝယ် မှိုင်းညို့ညို့တောင်စွယ်ချိုင့်ဝှမ်းများ ရှိနေသော်ငြား လိမ္မော်ချိုကဖြင့် မြင်လေဟန်မတူပါ။

မှန်သည်။

အဘယ်ကြောင့်ဆိုသော် လိမ္မော်ချို၏ ကိုယ်နှင့် စိတ်ကား ကင်းကွာနေသောကြောင့်ပါတည်း။





အပြင်ဘက်အဝေးဆုံးတစ်နေရာသို့ လှမ်းကြည့်နေပါသော်လည်း လိမ္မော်ချိုမျက်ဝန်းဝယ် တရိပ်ရိပ်ထင်ဟပ်လာသည်က ယောက်ျားပီသသော ရုပ်အဆင်းနှင့် အနုပညာသမားမို့လည်း ပို၍ သိမ်မွေ့နေဟန်ရှိသော စန္ဒရားဆရာ ဦးမင်းတင်ဌေး။

လိမ္မော်ချို၏အတွေးထဲ ကျပြန်တော့လည်း ဒီစန္ဒရားဆရာဟာ လျှင်ပါးလှချည်လား၊ ငါ့အခန်းထိတောင် ဝင်နိုင်ပြီး . . .

သူမ အတွေးက ရပ်သွားသည်။

အတွင်းနှုတ်ခမ်းသားကို အပေါ်သွားလေးနှင့် ခပ်ဖွဖွ ဖိကိုက်ထားပြီး သူမခွေးကြီးနှစ်ကောင်ဘက် ဆတ်ခနဲ လိမ္မော်ချို လှည့်ကြည့်လိုက်သည်။

ခွေးကြီးနှစ်ကောင်ကား အခန်းတွင်းဝယ် လှည့်ပတ်လျှောက်နေကြပါ၏။ ခုတော့လည်း ဘာတစ်ခုမှ မထူးခြား။ ယခင်ကအတိုင်းပင်။

ခွေးကြီးတွေဆီကြည့်ပြီး လိမ္မော်ချို ခေါင်းလေး သည်းသာ ညိတ်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မျက်ဝန်းထဲ မင်းတင်ရွှေးအသွင်က ဝဲခနဲပေါ်လာရပြန်သည်။ မှန်ပြတင်းအပြင်ဘက် အဝေးဆုံးနေရာသို့ ပြန်ကြည့်ရင်း လိမ္မော်ချိုအကြည့်လေးတွေမှာ ရှိုင်းနက်သွားရချေ၏။

ငါဟာ အင်မတန်လျှင်မြန်ပါးနပ်တဲ့ မိန်းမတစ်ယောက်ပါ၊ သည်လူကြီးကို ငါ ဘာကြောင့် အရှုံးပေးလိုက်ရတာလဲ။

တွေးဆဲ သူမ၏သွယ်လျှားလှပလွန်းသော လက်ချောင်းကလေးများဆီ လိမ္မော်ချို ငုံ့ကြည့်သည်။

ငါကိုယ်၌ ဘာဖြစ်သွားပါလိမ့်။ သည်လူက ငါ့ကို ကောင်းကောင်းအနိုင်ယူသွားတယ်။

ငါ ဘာကြောင့် သူ့ကို အရှုံး ပေးမိပါလိမ့်။ အချစ်ဆိုတာ. . .

"အို. .မဟုတ်ဘူး. . ."

မျက်နှာလေးတင်းမာသွားပြီး လိမ္မော်ချိုသည် နှုတ်မှလည်း ငြင်းဆိုကာ ခေါင်းကိုပါ ယမ်းပစ်လိုက်၏။

အတွေ့အကြုံမရှိတာမို့ ငါ ခံလိုက်ရတာလား။





ဟင့်အင်း မဟုတ်ပါဘူး၊ ဟင်း. .ဒါဖြင့် ဘာလဲ။ သည်လူရဲ့ အတွေ့အထိမှာ ငါ သာယာသွားမိလို့လား။ ကျွတ် မဟုတ်ဘူး။

မေးကြောလေးများ တင်းသွားသည်အထိ အတွင်းသွားလေးတွေကို စေ့ကြိတ်ပြီး လိမ္မော်ချို တစ်ကိုယ်တည်း ဆိုနေဖြစ်၏။

ဒါဖြင့် ဘာလဲ ဘာလဲ။ ငါ ဘာကြောင့် ဒီလူကြီးနဲ့မှ အရှုံးခံလိုက်ရတာလဲ၊ ငါ့လက်တွေဟာ ဘာကြောင့် မလှုပ်ရှားနိုင်ခဲ့ရတာလဲ။

အို. .တောက်. .ဟင်း. . ။

မခံမရပ်နိုင်သလို စိတ်တွေလှုပ်ရှားပြီး ပြတင်းမှခွာကာ ဟိုဟိုသည်သည် လမ်းလျှောက်နေလိုက်ပြန်၏။

ငါ့စိတ်တွေဟာ သူ့ကိုများ စုံမက်နေလေသလား။ အို ဖြစ်ကိုမဖြစ်နိုင်ဘူး၊ ငါ မစုံမက်ဘူး၊ အချစ်ဆိုတာလည်း မဟုတ်ဘူး၊ ဒါဖြင့် ဘာကြောင့် ငါ အရှုံးပေးလိုက်မိသလဲ။

ဒီလူကို ငါ မချစ်ဘူး၊ မစုံမက်ဘူး၊ မုန်းတယ်ဆိုရင် ငါ့ လက်ချောင်းလေးတွေကို ညင်ညင်သာသာ လှုပ်ရှားပေးလိုက်ရုံနဲ့



www.burmeseclassic.com

www.burmeseclassic.com



ရနေတာပဲ။

ငါ ဘာကြောင့် ငါ့လက်ချောင်းတွေကို အသုံးမချနိုင်ခဲ့တာလဲ။

"ဟင်း . ."

ရက်စွဲ့သောအတွေးများ၊ စိုးရိမ်သော အတွေးများကြောင့် ကတုန်ကယင် ဖြစ်လာရကာ လိမ္မော်ချိုသည် နီးရာ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်ရပါလေ၏။

"ဟား . ."

အတွေးများက လိမ္မော်ချိုအား မောဟိုက်စေရသည်။ မျက်ဝန်းထဲမှလဲ အရိပ်တစ်ခုက မပျောက်မပျက် ရှိနေဆဲမို့ လိမ္မော်ချိုသည် ခေါင်းကိုယမ်းခါထုတ်နေမိ၏။

ဟင်း. .သည်လူ. .သည်လူဟာ. . .

"ကရင်. .ရင်. .ရင်. . ."

"အွန်. . ."

တစ်ကိုယ်တည်းအတွေးများဖြင့် လုံးချာရိုက် တုန်လှုပ်နေဆဲ





စားပွဲပေါ်မှ မြည်လာသည့် ဖုန်းသံကြောင့် လန့်သယောင်ဖြင့် ရှိသွားရ၏။

ဖုန်းလေးဆီလှမ်းကြည့်ပြီး ထိုင်ရာမှ ဖျတ်ခနဲ ထရပ်ကာ လိမ္မော်ချို ဖုန်းကို ကောက်ကိုင်နားထောင်လိုက်သည်။

"ဟဲလို လိမ္မော်ချို ပြောနေပါတယ်. . ."

"မမလိမ္မော်. .နာနတ်တို့ပါ. . ."

"သြော်. .နာနတ်တို့လား၊ ပြောပါဦး၊ ဘာအကြောင်းထူးလဲ၊ ရောက်သွားကြပြီလား. . ."

"မမ. .နာနတ်တို့ လူတွေပဲ အလွတ်ရုန်းခဲ့ရတယ်၊ ပစ္စည်းတွေတော့ အားလုံးထားရစ်ခဲ့ရပြီ. . ."

"ဘာ. . ."

သူမ၏ ဘာသည် ချောက်ချားဟန်မဖက်ပါ။

လိမ္မော်အသံလေးက ကျစ်လစ်သာယာမြဲသာရှိပါ၏။

သို့သော် သူမမျက်ဝန်းထဲမတော့ စန္ဒရားဆရာ မင်းတင့်ဆွေး၏ အရိပ်ကား အမှန်တကယ် တိတိပပကြီးတို့ စွဲငြိနေရပြီ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါ၏။

"ဟုတ်တယ် မမ၊ နာနတ်တို့ ပစ္စည်းတွေအားလုံး ဆုံးပြီး သက်ဆိုင်ရာက ဘယ်ကသတင်းကို ကြိုတင်ရထားလဲမသိဘူး၊ ဒါမှ မဟုတ်လည်း တိုက်ဆိုင်တာပဲလား မပြောတတ်ဘူး. . ."

"နာနတ်ရေ. .ရတယ် ရတယ်ကွယ်၊ မမ သဘောပေါက် ပါတယ်၊ နာနတ်တို့သာ အခြေအနေလေးကောင်းမှ ပြန်လာကြ နော်. . ."

"ဟုတ်ကဲ့ မမ. . ."

"အေး အေး ဒါပဲနော်၊ မမ ဖုန်းချလိုက်တော့မယ် ဟုတ်ပြီ လား. . ."

"ဟုတ်ကဲ့. .မမ. . ."

"သြော်. .နာနတ်. .မစ္စတာကျင်းတို့ကို ပြောပြပါ။ ဘာမှ ကိစ္စမရှိပါဘူးလို့၊ မမဆက်ပြီး စီစဉ်ပါ့မယ်လို့. . ."

"ဟုတ်ကဲ့ မမ. . ."

"အေး အေး ဒါပါပဲကွယ်. . ."





လီမွှော် ဖုန်းလေးကို ပြန်ချလိုက်သည်။

"အဟင်း. . ."

ပြီးတော့ လှလှပပလေး လီမွှော်ချို ပြုံးလိုက်ပါ၏။

"ဒါလောက်ဆို လီမွှော်သိသွားပါပြီ ဦးမင်းတင်ဌေး. ."

"အဟင်း. .ဦးမင်းတင်ဌေးနှင့် လီမွှော်တို့ ထပ်တွေ့ကြသေး တာပေါ့၊ အဟင်း. .ဟင်း. . ."

လီမွှော့်စကားသံလေးနှင့် ရယ်သံလေးကား အခန်းထဲ၌ သာယာလွင်ညင်လျက် ရှိပါချေ၏။ ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

- တစ်ဆယ့်ရှစ် -

တိုက်ရိုက်ကြားနေရသည့် အသံဖမ်းစက်ခလုတ်ကလေးကို မင်းတင်ဒွေး ပိတ်လိုက်သည်။

အဟွန်း. . .။

စိတ်ထဲမှ မင်းတင်ဒွေး ပြုံးသည်။ သူ့မျက်နှာချောချော တွင်မလည်း အပြုံးရိပ်သည် သမ်းနေ၏။

မှန်သည်။ အဘယ်ကြောင့်ဆိုသော် မကြာမီ လိမ္မော်ချို





တစ်ယောက် သူ့ထံသို့ ရောက်လာတော့မည်ကို သူသိနေပြီဖြစ်သော ကြောင့် မဟုတ်ပါတကား။

လိမ္မော်ချို ရောက်မလာမီ လိုအပ်သည့် လုပ်ဆောင်ချက် ကလေးတွေကို မင်းတင်ဒွေး လုပ်ထားလိုက်သည်။ သည့်နောက် မတော့ သူသည် လိမ္မော်ချိုအား မျှော်နေမိပါလေ၏။

"ဟင်း. . ."

လိမ္မော်ချိုနှင့်ပတ်သက်သည့် အတွေးများသည်လည်း သူ့ ဦးနှောက်တွင် ဖိတ်လျှံနေ၏။ ထိုအတွေးများဖြင့်လည်း သူသည် သက်မမောအား အလီလီချဖြစ်ခဲ့ရပါလေ၏။

"လိမ္မော်ရယ်. . ."

နှုတ်မှ အသံထွက်အောင်ပင် သူ ညည်းတွားခါမိသည်။ ပြီးတော့ ပြတင်းအပြင်ဘက်မှ လိမ္မော်ချိုလာမည့်လမ်းဆီ သူ မျှော်ကြည့်နေမိ၏။

သူ ကြည့်နေဆဲမှာပင် လိမ္မော်ချို၏ နောက်ဆုံးပေါ် ကား လေးကို သူတွေ့လိုက်ရလေသည်။ သူနေထိုင်သည့် တိုက်အိုကြီး



www.burmeseclassic.com

www.burmeseclassic.com



ရှိရာ တောင်ကုန်းထက်သို့ လိမ္မော်ကားကိုမောင်းတက်လာသည်။

သည့်နောက် သူမကားလေးကား သူ၏အစိမ်းရောင် ဂျစ်ကားလေးနောက်တွင် ရပ်တန့်သွားပါတော့၏။ သူ့အစီအစဉ်နဲ့ သူမို့ တိုက်ရှေ့မှ ဘဲလ်သံကို မကြားသရွေ့ ထိုင်ရာမှမထ။

လိမ္မော်ချို၏ လှုပ်ရှားမှုလေးများကိုသာ မင်းတင်မွေ စောင့်ကြည့်နေမိလေသည်။ လိမ္မော်ချို ကားတံခါးလေးပွင့်လာပြီး ကားထဲမှ ထွက်လာသည်။

ကားထဲမှ ထွက်လာသည့် လိမ္မော်ချိုမှာ ကားနောက်ဘက် မှ တံခါးပေါက်ကို ဖွင့်လိုက်ပြန်ပါ၏။ ရမ်းရမ်းနှင့်ကားကား ခွေး နှစ်ကောင် ထွက်လာကြ၏။

ခွေးနှစ်ကောင်နှင့်အတူ လိမ္မော်ချိုတိုက်ကြီး၏ တံခါးပေါက် ကြီးဆီသို့ လှမ်းလာသည်။ လိမ္မော်ချို လှုပ်ရှားမှုလေးတွေ မင်းတင်မွေး ကြည့်နေဆဲ၌ပင်. . .

"ကရင်. .ရင်. .ရင်. . ."

တိုက်အိုကြီးထဲ ရိုးစင်းလှသည့် ဘဲလ်သံက စူးရှစွာညံ





ပေါ်ထွက်လာသည်။ ထိုအခါမှ မင်းတင်မွေးသည် ထိုင်ရာမှ ထခဲ့ ရပါလေ၏။

"ဟာ. .လိမ္မော်၊ လိမ္မော် ကိုယ့်ဆီလာတယ်၊ ဟုတ်လား"

တံခါးပေါက်မှ လိမ္မော်ကိုမြင်သော် မသိချင်ဟန်ဆောင်မှုတွင် သူသည် အသည်းထဲရင်ထဲကလာသည့် စကားဖြင့် ဆီးကြိုပါ၏။

လိမ္မော်က သူ့အားအပြုံးလေးနှင့်ပင် ကြည့်နေပါသည်။ သူ တံခါးကို လျင်မြန်စွာ ဖွင့်ပေးလိုက်၏။ တံခါးပွင့်သည်နှင့် လိမ္မော်နှင့်အတူ ခွေးကြီးနှစ်ကောင်ကပါ တိုးဝင်လာပြီး သူ့ကိုယ်ပေါ် ခုန်တက်လာကြကာ အလုအယက် နှုတ်ဆက်လာကြ၏။

သူကလည်း ခွေးကြီးတွေကို နှုတ်ဆက်လိုက်ပါသည်။ သူနှင့် ခွေးကြီးနှစ်ကောင်အား လိမ္မော်ကား ခွဲခြားရခက်သော မျက်ဝန်း အကြည့်ဖြင့် ကြည့်နေပါလေ၏။

"လိမ္မော်. . ."

"ဪ. .အဟင်း. . ."

သူ လိမ္မော့်ခါးလေးဆီ သိုင်းဖက်ကာခေါ်ရော့ ပထမတွင်



www.burmeseclassic.com

www.burmeseclassic.com



လိမ္မော်ကိုယ်လေး တုန်တက်သွားသည်။ ပြီးမှ ရှက်မျက်နှာလေးနှင့် ရှက်ပြုံးလေးဖြင့် သူ့ကိုကြည့်လာပြီး. . .

"လိမ္မော်က ဦးမင်းတင်ဌေးမှ ရှိပါ့မလားလို့. . ."

"ဘာဖြစ်လို့လဲ လိမ္မော်ရယ်၊ ကိုယ်အမြဲတမ်း အိမ်မှာပဲ ရှိတတ်ပါတယ်၊ အလုပ်ချိန်ကလွဲရင်ပေါ့လေ။ လိမ္မော်မှာ ကိစ္စရှိလား ဟင်. . ."

"ဟင့်အင်း မရှိပါဘူး. . ."

"ဒါဖြင့်. . ."

သူမေးတော့ ရှက်သွေးများ ရဲခနဲဖြန်းကာ လိမ္မော်မျက်နှာလေးမှာ မသိမသာလေး လွှဲသွားရချေ၏။ ပြီးမှ သူမ၏လှပသော အပြုံးတို့ဖြင့် ကြည့်လာရင်း. . .

"လိမ္မော် အလည်လာတာပါ၊ မလာရဘူးလားဟင်. . ."

"အဟော်. .လိမ္မော်ရယ်. . ."

သူဆိုရင်း လိမ္မော်ကိုယ်လေးအား ရင်နှင့်စွာဖြင့် ရင်ခွင်ထဲ ဆွဲဖက်ထားလိုက်မိပါတော့၏။ လိမ္မော်ကိုကြည့်ပြီး သူ့ရင်သည်





မခံမရပ်နိုင်အောင် နာကျင်နေပါချေ၏။

"ဦးမင်းတင်ဌေး. . ."

မင်းတင်ဌေး မထူး။ လိမ္မော်ကိုသာ စူးစိုက်ကြည့်နေမိ၏။ လိမ္မော်အကြည့်သည်လည်း မင်းတင်ဌေးထံမှမခွာ။ နောက်ဆုံး လိမ္မော် မျက်ဝန်းလေးဒဏ်မခံနိုင်သမို့ အကြည့်လွှဲလိုက်ရသည်က မင်းတင်ဌေး ရှယ်။

သူမအား ဖက်ထားသည့် မင်းတင်ဌေး၏လက်အစုံကို လိမ္မော်ချိုသည် ဖြေခွာလိုက်ပြီး ညှော့ခန်းဆီသို့ လျှောက်လာရင်းက

"အပြင်ကကြည့်တော့ တိုက်ကြီးက ပျက်စီးနေတဲ့ပုံပဲနော်၊ အထဲကျတော့ မဆိုးပါလား. . ."

လိုးလွှဲစကားတို့ဆိုရင်း တိုက်ကြီးကို လိမ္မော်ချို ဟိုဟို ဒီလှမ်းကြည့်မိသည်။ မင်းတင်ဌေးမှာ လိမ္မော်ချိုနောက်မှ လိုက်လာ ရင်း. . .

"လိမ္မော်. . ."

သူခေါ်တော့ လိမ္မော်လှည့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လီမွှော် ကိုယ့်ဆီ တကယ်လာလည်တာလား"

"ဟုတ်တယ်လေ၊ မယုံလို့လား. . ."

"သိပ်ယုံချင်တာပေါ့ ချစ်ရယ်၊ ဒါဖြင့် လီမွှော် ဘယ်နှစ်နာရီ လောက် ကိုယ့်အနားမှာ နေမှာလဲဟင်. . ."

"ဘယ်နှစ်နာရီလောက် နေစေချင်လဲ. . ."

"ထာဝရ ရာသက်ပန်လုံး. . ."

"အို. .အဟင်း. .ဟင်း. . ."

လှပသာယာသော ရယ်သံလေးဖြင့် လီမွှော် သူ့အနီးမှ ရှောင်ဖယ်ထွက်သွားပြန်၏။ သူက လီမွှော့်ကိုသာ ငေးကြည့်နေမိ သည်။

"လီမွှော် တစ်နေ့လုံးနေမှာ၊ လီမွှော့်ကို ထမင်းကျွေးရမယ် နော်. . ."

လီမွှော်ချို သူ့ကိုမကြည့်ဘဲ ဆိုသည်။ မင်းတင်ရွှေမှာ လီမွှော် သူ့ထံလာသည့်အကြောင်းကို ကြိုတင်သိနှင့်ပါသော်လည်း သူ့မစကားလေးအတွက်တော့ သူ ကျေနပ်နေမိသည်ပါ။



"အဟွန်း. .အချစ်ရယ်၊ ကိုယ်ကျွေးတဲ့ထမင်းသာ မင်းလေး စားမယ်ဆိုရင်လေ၊ တစ်သက်လုံးကိုယ်ကျွေးသွားချင်ပါတယ်"

"တစ်သက်လုံးတော့ မကျွေးပါနဲ့ရှင်၊ အားနာစရာကြီးပါ၊ ဒီတစ်နေ့ပဲစားမယ်၊ ကဲ ဘာဟင်းချက်ထားလဲ ပြော. . ."

"ကိုယ်က တစ်ယောက်တည်းသမားပဲ၊ ဒီမှာ ဘယ်ချက် စားမလဲ၊ ထမင်းစားချိန်ကျတော့ မြို့ထဲက ဆိုင်တွေမှာ သွားစား တာပေါ့. . ."

"ဟင့်အင်း လီမွှော်က ဆိုင်လိုက်မစားချင်ဘူး၊ ဒီမှာပဲ စားမယ်. . ."

"အိမ်မှာစားလည်းရပါတယ် လီမွှော်ရယ်၊ ကိုယ်သွားဝယ် မှာပေါ့၊ ပြီးတော့ လီမွှော်နဲ့အတူ အိမ်မှာပဲပြန်စားမယ်၊ ဟုတ်ပြီလား"

သူ့လက်မှ ကျောက်ပတ်တီးစီးထားသည့် နေရာဆီကြည့်ပြီး အပြုံးလေးနှင့် လီမွှော် ခေါင်းညိတ်ပြသည်။ လီမွှော်၏ကျေနပ်သော အပြုံးလေးကိုမြင်တော့ သူလည်း ဖွဖွလေး နှုတ်ခမ်းစေ့ကာ ပြုံးမိ၏။

"ကဲ အခု ဆယ်နာရီထိုးနေပြီ၊ ခုကတည်းက ကြိုတင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



သွားဝယ်ထားမယ်၊ လိမ္မော်ကော လိုက်ခဲ့မလား. . .”

“ဟင့်အင်း. . .”

သူမကတော့ လိမ္မော်သွက်သွက်လေး ခေါင်းခါပြသည်။

“ဒါဖြင့် လိမ္မော် ဘာစားမလဲ. . .”

“ဦးမင်းတင်ဌေး စားချင်တာတွေသာဝယ်ခဲ့။ လိမ္မော် စားမယ်. . .”

“တကယ်လား. . .”

“အင်း. . .”

သူမကတော့ လိမ္မော် ခေါင်းညိတ်ပြသည်။

“မြန်မြန်ဝယ်နော်၊ လိမ္မော်ဖြင့် ထမင်းတောင် ဆာနေပြီ”

လိမ္မော်ဆိုတော့ သူ လိမ္မော့်ကို စေ့စေ့ကြည့်ပြီး. . .

“ကိုယ်သွားဝယ်ပါ့မယ်၊ လိမ္မော် စောင့်နေနော်. . .”

အပြုံးနှင့်ပင် သူမ ခေါင်းညိတ်ပြသည်။ မင်းတင်ဌေးကား သူနေထိုင်သည့် ကုန်းပေါ်မှ သူ့ဂျစ်ကားလေးအား မောင်းထွက်ခဲ့ပါတော့၏။





ကားစတီယာတိုင်အား လက်တစ်ဘက်နှင့် ထိန်းကိုင်ပြီး ကျန်လက်တစ်ဘက်က အသံဖမ်းစက်ခလုတ်လေးကို နှိပ်လိုက်သည်။

နားကြပ်ထဲမှာ လှုပ်ရှားသံတွေနှင့် လိမ္မော်ချို စကားသံလေး အချို့ကို သူ ကြားနေရ၏။ မင်းတင်ဌေး နှုတ်ခမ်းအစုံမှာ ဖွဖွစေ့ကာ မျက်ရည်များပင် ဝဲလာပါ၏။

“ဟား. . .”

ပြီးတော့ သူ သက်ပြင်းမောအား ချမိ၏။ သည့်နောက်မတော့ မင်းတင်ဌေးကား လမ်းခွဲတစ်နေရာသို့ရောက်တော့ သူ့ဂျစ်ကားလေးအား အိမ်သို့ ပြန်ကွေ့မောင်းခဲ့ပါတော့သတည်း။

မှန်ပါ၏။ သူသိသည်ပဲ၊ သူ အိမ်ပြန်ရောက်လျှင် လိမ္မော်ချို တစ်ယောက် ရှိတော့မည်မဟုတ်ကြောင်း၊ ပြီးတော့ သူဟာ ဘယ်သူ ဘယ်ဝါဖြစ်ကြောင်း ဝန်ထမ်းကတ်နှင့် ကျည်မထည့်ဘဲ ထားခဲ့သည့် သူကိုင်သည့် သေနတ်လေးတစ်လက်။

ဒါတွေ ဒါတွေကို လိမ္မော်ချိုတစ်ယောက် ရှာရလွယ်အောင် ထမင်းဖန့်တီးထားခဲ့သည်ပဲလေ။ အဲတော့ကြီးကတည်းက သူ့ထံသို့



www.burmeseclassic.com

www.burmeseclassic.com



လိမ္မော်ချို မည်သည့်ရည်ရွယ်ချက်ဖြင့် လာတော့မည်ဖြစ်ကြောင်း သတင်းကိုလည်း. . .

သူက လိမ္မော်၏ စံအိမ်ကြီး၌ အခိကကျသည့် နေရာများတွင် တပ်ခဲ့သည့် အသံဖမ်းစက်ကလေးများထဲမှ လိမ္မော်ချိုတို့၏ လှုပ်ရှားမှုများနှင့် အစီအစဉ်များအား မင်းတင်ဒွေးသည် ကြိုတင်သိနေတာကြောင့် မဟုတ်ပါတကား။ ။

❖ ❖ ❖



– တစ်ဆယ့်ကိုး –

"ဘာ. .သခွား၊ ပစ္စည်းတွေ ထပ်မိသွားပြန်ပြီ ဟုတ်လား"

"× × × × ×"

"တောက်. . ."

နားကြပ်ထဲမှ လိမ္မော်ချို၏ မကျေမနပ် ပြောလိုက်သော စကားသံလေးနှင့် တက်ခေါက်သံလေးကိုပါ မင်းတင်ဒွေး ကြားနေရသည်။

တရုတ်ပြည်ဘက်မှ ဖုန်းလှမ်းဆက်နေသည့် သခွား၏



www.burmeseclassic.com

www.burmeseclassic.com



စကားတွေကိုတော့ မင်းတင်ဌေးမကြား။ မကြားလည်း အကြောင်းမဟုတ်။ သူ့ အစိကကြားရဖို့က ကဗျာချိုချို စံအိမ်သခင်မလေး လိမ္မော်ချိုဆီကသာ ဖြစ်သည်။

"အင်း. .သခွားတို့လူတွေတော့ လွတ်တယ်မဟုတ်လား"

"× × × × ×"

"အေး. .လူတွေအကုန်လွတ်ရင် တော်ပါပြီလေ. . ."

"× × × × ×"

"ဩော်. .နာနတ်နဲ့ ပန်းသီးတို့ ဒီနေ့ည ပြန်ရောက်လာကြမယ် ဟုတ်လား၊ အေး အေး အတော်ပဲ၊ သူတို့ကို မမစောင့်နေတာ၊ သခွားတို့လည်း အခြေအနေကောင်းမှပဲ ကြည့်ပြီး ပြန်လာကြနော်. . ."

"မင်းတို့ ဘာမှမစိုးရိမ်ပါနဲ့ကွာ၊ တို့လုပ်ငန်းတွေ ခုရက်အတွင်း အဆင်မပြေဖြစ်နေတာ ဘာကြောင့်လဲဆိုတာ မမသိပါတယ်"

"အေးလေ၊ ဒီတစ်ခါတော့ အဆင်ပြေအောင် မမလိမ္မော်အားလုံးလုပ်ပေးမယ်၊ ကဲ ကဲ ဒါပဲနော်၊ မမဖုန်းချလိုက်မယ်"





လိမ္မော်ချို ဖုန်းချသံလေးကို မင်းတင်ဌေး ကြားလိုက်သည်။ နားကြပ်လေးထဲ ခေတ္တတိတ်ဆိတ်သွားသည်။

မင်းတင်ဌေး နားကြပ်ကိုမချွတ်။ အမြဲလိုလို တပ်ထားရပြီး အမြဲလိုလူပ်ရှားနေသည့် လိမ္မော်ချိုအဖွဲ့၏ လှုပ်ရှားမှုများအား ထိုနားကြပ်လေးဖြင့် နားထောင်နေရခြင်းပါ။

တကယ်တော့ လိမ္မော်ချို၏ ကဗျာချိုချိုစံအိမ်ကြီး၌ အချက်အချာကျသော နေရာများတွင် တပ်ခဲ့သည့် အသံဖမ်းစက်ကလေးတွေက မင်းတင်ဌေးအား လွယ်လင့်တကူ အလုပ်တွေပြီးစီးနေသည် မဟုတ်ပါလား။

ယိုးဒယားဘက်၊ တရုတ်ပြည်ဘက် လမ်းအဆက်အသွယ်မှ ခိုးထုတ်နေသည့် ရွှေ ငွေ ကျောက်မျက်ရတနာများအား မင်းတင်ဌေး၏ သတင်းပေးချက်ဖြင့် လိမ္မော်ချို တပည့်မကလေးများအား သက်ဆိုင်ရာက ဖမ်းမိသိမ်းဆည်းရမိသွားရပြန်သည် မဟုတ်ပါတကား။

လိမ္မော်ချို၏ တပည့်မလေးတွေကလည်း ဆာမိုသမား၏



www.burmeseclassic.com

www.burmeseclassic.com



ခြေရာကိုတော့ အတော်ကြီးနင်းနိုင်ကြပါသည်။ သက်ဆိုင်ရာမှ ဖမ်းလျှင် ပိုင်ရှင်မဲ့အဖြစ် ပစ္စည်းကို အဖမ်းခံကြ၏။ လူတွေကတော့ နယ်ခြားဘက်သို့ ကိုယ်လွတ်ရုန်းပြေးကြသည်။

နယ်ခြားဘက်ရောက်လျှင် ဖုန်းဖြင့် လိမ္မော်ချိုအား ပြန်၍ အစီရင်ခံကြ၏။

"ဟင်း. . ."

မင်းတင်ဌေး သက်မကိုချပြီး နှုတ်ခမ်းကိုဖွဖွစေ့ကာ တစ်ခု တစ်ရာကို စဉ်းစားနေမိ၏။ အကြောင်းအရာကား အခြား ဟုတ်၏ နောက်တစ်ချီတွင် လူကောပစ္စည်းပါ ဖမ်းမိနိုင်ဖို့ အကြောင်းရယ်ပါ။

"အင်း. ဦးမင်းတင်ဌေး ရှင်အတော်လျင်တဲ့သူပဲ၊ အေးအေး ရှင်နဲ့ကျွန်မ အရည်အချင်း ပြိုင်ကြသေးတာပေါ့. . ."

စဉ်းစားနေဆဲ နားကြပ်ထဲမှ လိမ္မော်ချို၏ စကားသံလေး ပေါ်လာလေ၍ မင်းတင်ဌေးသည် နားကြပ်လေးထဲပြန်၍ အာရုံ စူးစိုက်ထားလိုက်ရပါချေ၏။

လွတ်လပ်သည်အထင်ဖြင့် လိမ္မော်ချိုသည် ထိုစကားသံ





သူမအခန်းထဲ အသံထွက်အောင်ပင် ပြောနေဟန်အား မင်းတင်ဌေး နားလည်ပါ၏။

"ဦးမင်းတင်ဌေး. အဟင်း. ဟင်း. . ."

သူ့အမည်ကိုခေါ်ရင်း လိမ္မော်၏သွဲ့သွဲ့လေးရယ်သည့် ရယ်သံလေးကိုပါ မင်းတင်ဌေး ကြားရပြန်သည်။ လိမ္မော်စကားသံလေး ပျောက်ပြီး ဖုန်းလှည့်သံလေးကို နားကြပ်ထဲ၌ မင်းတင်ဌေး ကြားရပြန်သည်။ ပြီးတော့ တစ်ဆက်တည်း. . .

"စပျစ်. . ."

"ဟုတ်ကဲ့ မမလိမ္မော်၊ ကိစ္စရှိလားဟင်. . ."

"အေးကွယ်၊ မက်မွန်၊ သစ်တော်၊ သရက်တို့ဆီ အကြောင်းကြားပြီး မမလိမ္မော်ဆီ အားလုံးလာခဲ့ကြပါဦး. . ."

"ဟုတ်ကဲ့ မမလိမ္မော်. . ."

"မမရုံးခန်းထဲမှာ ရှိနေမယ်နော်. . ."

"ဟုတ်ကဲ့ မမ. . ."

လိမ္မော်ချိုနှင့် စပျစ်တို့စကားသံများနှင့် ဖုန်းလှည့်သံလေးများ



www.burmeseclassic.com

www.burmeseclassic.com



ကိုပါ မင်းတင်ဌေး ကြားနေရသည်။ သည့်နောက် လိမ္မော်ချို၏ ရုံးခန်းထဲ လူစုံရောက်ရှိနေသံများကိုပါ မင်းတင်ဌေး ကြားနေရပါလေ၏။ သည့်နောက် စကားသံတွေ ပေါ်ထွက်လာသည်။

"မမလိမ္မော်. .စပျစ်တို့ အားလုံးရောက်ကြပြီ. . ."

"အေး အေး ထိုင်ကြကွယ်. . ."

လိမ္မော်ချိုစကားသံအဆုံး ကုလားထိုင်ရွှေ့သံတွေကို ကြားရသည်။ နောက်တော့ လိမ္မော်ချိုစကားသံကို မင်းတင်ဌေး ကြား၏။

"မင်းတို့အားလုံး မသိကြသေးတဲ့ အကြောင်းအရာတစ်ခုကို မမ ပြောပြဖို့ခေါ်တာပါ. . ."

"ဘာများလဲ မမ၊ ဘာအကြောင်းများလဲ. . ."

အသံ ခွဲခြားမသိသည့် လိမ္မော်ချို၏ အတွင်းရေးမှူးမလေး နှစ်ယောက်၏ ပြန်မေးသံကို ကြားရသည်။

"အင်း. .မမလည်း ဟိုတစ်နေ့ကမှ အတိအကျ သိတာပါ။ ဧည့်သည်တွေ ပြန်တဲ့နေ့ကလေ။ နာနတ်ဆီက ဖုန်းလာတဲ့နေ့ပေါ့။ သူ့ဆီကဖုန်းလာကတည်းက မမတွေးလိုက်မိတယ်၊ မမထင်တဲ့





အတိုင်းလည်းပဲ ဖြစ်နေတယ်. . ."

"စန္ဒရားဆရာ မင်းတင်ဌေးဟာ သာမန်စန္ဒရားဆရာ မဟုတ်ဘူး. . ."

"ဟင်. . ."

အတွင်းရေးမှူးမလေးများ၏ အံ့သြသံတွေကိုပါ မင်းတင်ဌေး ကြားနေရသည်။

"ဟုတ်တယ်၊ ဟိုနေ့ကပဲ မမ သူ့ဆီသွားပြီး လေ့လာခဲ့တယ်။ သူဟာ တန့်နောင်းမြို့ကို ပြောင်းလာတဲ့ အရာရှိတစ်ယောက်ပဲ၊ သူ့ဝန်ထမ်းကတ်နဲ့ သူကိုင်တဲ့သေနတ်ကို မမကိုယ်တိုင် ရှာတွေ့ခဲ့တယ်. . ."

"ဟာ. .ဒုက္ခပဲပေါ့. . ."

အတွင်းရေးမှူးမလေးများထံမှ အထိတ်တလန့်သံလေးတွေကို မင်းတင်ဌေး ကြားရသည်။

"မတတ်နိုင်ဘူးလေကွယ်၊ မမတို့က ဒီတစ်ချက် ဟာသွားတာပဲ။ ဒါပေမယ့် ကိစ္စမရှိပါဘူးလေ၊ သူ့ကိုတစ်နည်းနည်းနဲ့တော့



www.burmeseclassic.com

www.burmeseclassic.com



မမ ကိုင်ထားနိုင်ပါတယ်၊ ဖြေရှင်းနိုင်ပါတယ်လေ. . ."

"ခုနကပဲ သခွားဓီက ဖုန်းလာတယ်၊ ပစ္စည်းတွေ ထ

မိသွားပြန်ပြီတဲ့. . ."

"ဟင်. . ."

"ကိစ္စမရှိပါဘူး၊ သူက အကြံပိုင်နေသေးတာကိုး၊ အ

ကြည့်သေးတာပေါ့၊ မင်းတို့အားလုံးကို မမ မှာထားမယ်၊ 

တွေ့တဲ့အခါ သူ့ကို ရဲအရာရှိမှန်းမသိအောင် မင်းတို့နေကြ

"ဟုတ်ကဲ့ မမလိမ္မော်. . ."

"အေး. .ဒီည သူ့ကို မမခေါ်လိုက်မယ်၊ သူလာတဲ့

သူ့အတွက် အားလုံးအဆင်ပြေမှုဖြစ်ပစေနော်. . ."

"ဟုတ်ကဲ့. . ."

"ဩော်. .ဒီညပဲ မက်မွန်နဲ့ သရက်တို့ ယိုးဒယား

အနောက်ဘက်တောင်ကြားလမ်းဘက်က ထွက်သွားကြ၊ မ

နစ်သေတ္တာ ယူသွား၊ ဟုတ်ပြီလား. . ."

"ဟုတ်ကဲ့ မမလိမ္မော်. . ."





"လိုအပ်မယ့် လူအရေအတွက်ကို မင်းတို့ဘာသာ မင်းတို့

င့်သလိုခေါ်သွားကြပေါ့. . ."

"ဟုတ်ကဲ့ မမ. . ."

"အေး. .လုပ်ငန်းကိစ္စကတော့ အဲဒါပဲ၊ စပျစ်နဲ့ သစ်တော်

န်မယ်နော်. . ."

"ဟုတ်ကဲ့ မမလိမ္မော်. . ."

"ဦးမင်းတင်ရွှေးလာတဲ့အခါ သူ တစ်ယောက်တည်း

အခန်းကို လာပလေ့စေ၊ မင်းတို့လွှတ်လိုက်. . ."

"ဟုတ်ကဲ့ မမ. . ."

"အေး ဒါပဲ၊ ကဲ မင်းတို့အားလုံး သွားကြတော့"

သူ့ကိုခေါ်မည့် ကိစ္စနှင့် လုပ်ငန်းကိစ္စတွေ ဆက်တိုက်ကြီး

ဆိုပြီး လိမ္မော်ချို စကားသံလေးမှာ တိတ်တိတ်ပျောက်သွား၏။

တင်ရွှေးသည် လိမ္မော်ချိုပြောသွားသည့် စကားများ စဉ်းစား

ဆနေမိ၏။

သူ့မျက်နှာမှာ ဝေခွဲ၍မရသော အရိပ်များ လွှမ်းနေသည်ဝါ။



www.burmeseclassic.com

www.burmeseclassic.com



သူ့နှုတ်ခမ်းကို ဖွဖွစေ့ထားမိသည်။

"ဟင်း. . ."

အသည်းထောင့်တစ်နေရာမှ လိမ္မော်ချိုအား နားလည် ဖြင့် သူ သက်မတစ်ချက်ကို ချလိုက်မိပါ၏။

"ဟော့. .သစ်တော်. . ."

မင်းတင်ဋ္ဌေး စဉ်းစားတွေးငေးနေဆဲ, နားကြပ်ထဲမှ မှတ် နေသည့် စပျစ်အသံလေးက ပေါ်လာပြန်၍ မင်းတင်ဋ္ဌေး နား ထားရပြန်ပါ၏။

"ဟင်. .ဘာလဲ စပျစ်. . ."

"ငါ စဉ်းစားမိတယ်. . ."

"ဟုတ်တယ် ငါလည်း စဉ်းစားမိတာပဲ. . ."

"နင်ဘာစဉ်းစားလဲ သစ်တော်၊ ငါ့ကို ပြောပြစမ်း"

"နင်အရင်ပြောဟာ. . ."

"ငါ စဉ်းစားမိတာက မမလိမ္မော်အကြောင်းပါ. . ."

"ဟုတ်တယ်လေ၊ ငါလည်း မမလိမ္မော်အကြောင်းပဲ"





"အေး. .မမလိမ္မော်ဟာ ထူးခြားနေသလားလို့. . ."

"အဲဒါပေါ့ စပျစ်၊ စန္ဒရားဆရာ ဦးမင်းတင်ဋ္ဌေးဆိုတာ ရဲ့အရာရှိမှန်း သူသိနေလျက်နဲ့ သူ့ဘာမှ ပညာမပြတာ ငါ အံ့ဩလို့ မဆုံးဖြစ်နေတယ်. . ."

"အင်း. .ဟုတ်တယ်နော် သစ်တော်၊ ဒီအရင်က လူတွေဆို နည်းနည်းအလိုမကျတာနဲ့တောင် မမဟာ သူကိုယ်တိုင် ဆုံးမခဲ့တာ၊ ဦးမင်းတင်ဋ္ဌေးနဲ့ကျတော့ ရဲအရာရှိတစ်ယောက်လုံး သိနေပါလျက်နဲ့ မမဟာ ဘာလို့လွှတ်ထားတာလဲ မသိဘူး. . ."

"စပျစ်. . ."

"ဟင်. . ."

"မမဟာ ဦးမင်းတင်ဋ္ဌေးကို စိတ်များဝင်စားနေလား မသိ ဘူး. . ."

"ဟာ မဟုတ်တာ သစ်တော်ရာ၊ မမအကြောင်းလည်း နင်သိသားနဲ့. . ."

"သိတော့ သိပါတယ်၊ ဒါပေမယ့် မမလိမ္မော်လည်း [illegible]



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ထုထားတာလိုက်လို့ . . ."

"အေးလေ . . မမလီမွှော်ဟာ ဦးမင်းတင်ဋ္ဌေးကို စိတ်ဝင်စားနေတယ်ပဲ ထားဦး၊ နီးစပ်နိုင်ဖို့တော့ လမ်းမရှိဘူးဆိုတာ အူ့ကိုယ်သူလည်း သိမှာပါ . . ."

"အို . . ဟာ ငါ အစာတ်ဟောတယ်၊ မမလီမွှော်ဟာ ဦးမင်းတင်ဋ္ဌေးကို သူ့ရင်ထဲကသာ ချစ်ချင် ချစ်နေမှာ။ သေလောက်အောင် ချစ်နေပါစေ၊ ဘယ်နည်းနဲ့မှတော့ ယူမှာမဟုတ်ဘူး သစ်တော်..."

"အင်း . . ဟုတ်ပါတယ်၊ အဲဒါကတော့ ငါလည်း သိပါတယ်၊ မမဘဝဟာ တကယ်တော့ သနားစရာပဲနော် စပျစ် . . ."

"ကရင် . . ရင် . . ရင် . . ."

စပျစ်တို့စကားတွေကို စိတ်ဝင်တစား နားထောင်နေဆဲ ရုံးရှုစွာမြည်လာသည့် ဖုန်းသံကြောင့် မင်းတင်ဋ္ဌေးသည် အသံဖမ်းစက်ခလုတ်လေးကို ပိတ်ကာ နားကြပ်ကို ဖြုတ်လိုက်ပါတော့၏။ ထို့နောက် သူ ဖုန်းလေးကို လှမ်းယူနားထောင်လိုက်သည်။





"ဟဲလို အမိန့်ရှိပါခင်ဗျာ . . ."

လီမွှော်ချိုထံမှ ဖုန်းမှန်း သူသိပါလျက် မသိဟန်ဆောင်ပြီး သူဆိုသည်။

"ဦးမင်းတင်ဋ္ဌေး၊ လီမွှော်ပါ . . ."

"ဪ . . လီမွှော်ရယ်၊ ဟိုနေ့က ဘယ်လိုလုပ်သွားတာလဲဗျာ . . ."

"အင်း . . စိတ်မရှိပါနဲ့ရှင်၊ လီမွှော်လည်း ကိစ္စလေးတစ်ခုပေါ်လာတာနဲ့ အိမ်ပြန်ပြေးသွားခဲ့ရတာပါ၊ အဲဒီအတွက် လျော်ကြေးအဖြစ်ပေါ့၊ ဦးမင်းတင်ဋ္ဌေးကို လီမွှော်ဖိတ်ခေါ်မလို့ပါရှင် . . ."

"ကိုယ့်ကိုဖိတ်ခေါ်မယ် ဟုတ်လား လီမွှော် . . ."

"ဟုတ်ကဲ့ . . ."

"ကဗျာချိုချို စံအိမ်ကြီးကိုလား . . ."

"ဟုတ်တယ်လေ . . ."

"ဒါဖြင့် ဘယ်တော့ ဘယ်နေ့ဖိတ်ခေါ်မှာလဲ"

"ဦးမင်းတင်ဋ္ဌေး အားရဲ့လားဟင် . . ."

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ညဘက်ဆိုရင် အများဆုံးအားပါတယ်၊ နေ့ခင်းဘက်ကျတော့ မြို့ထဲမှာ စန္ဒရားသွားသင်ပေးနေရတယ်လေ. . ."

"အဟင်း. .ဟင်း. . ."

သူ၏လုပ်ကြံပြောသည့်စကားအား လိမ္မော်က အထာပေါက်စွာ ညင်ညင်လေးရယ်သည်။ မင်းတင်ငွေးကိုယ်တိုင်လည်း ပြုံးနေမိပါလေ၏။ သို့သော် သူ့အပြုံးသည် မချိတင်ကဲ ထိခိုက်ရသောအပြုံးမျိုးပါလေ။

"ဦးမင်းတင်ငွေး. . ."

လိမ္မော်ချို ထပ်ခေါ်သည်။

"ဗျာ. . ."

"ညဘက်မှအားတဲ့ စန္ဒရားဆရာကြီးကို ဒီညပဲ လိမ္မော်က ဖိတ်ပါတယ်လို့ ပြောပါရစေရှင်. . ."

ဩော်. .လိမ္မော်ရယ်. . .

မင်းတင်ငွေး ရင်ထဲမှ ဆိုမိခြင်းပါ။ သူ့နှုတ်မှတော့...

"ဝမ်းသာလိုက်တာ လိမ္မော်ရယ်၊ ကိုယ်ကလည်း လိမ္မော်နဲ့





သိပ်တွေ့ချင်ပါတယ်၊ လိမ္မော့်ကို ညစဉ် နေ့စဉ် ကိုယ်လွမ်းတာပါ"

"အဟင်း. .ဟင်း. . ."

လိမ္မော်ချို ရယ်သည်။

"ဒါပဲနော် ဦးမင်းတင်ငွေး. . ."

"လိမ္မော်. . ."

တစ်ဖက်မှ ဖုန်းချသွားတော့မှန်ရှိ၍ မင်းတင်ငွေး မှာမှာသလဲ ခေါ်လိုက်ရသည်။

"ရှင်. . ."

ပင်ကိုချိုလွင်သော သံစဉ်လေးဖြင့် ချိုလွင်စွာ လိမ္မော်ထူးသည်။

"လိမ္မော့်ဆီ ကိုယ်ဘယ်အချိန်လာခဲ့ရမလဲ. . ."

"ကြိုက်တဲ့အချိန်လာခဲ့လေ၊ လိမ္မော်နဲ့အတူ ညစာ စားဖို့အချိန်မီရင် တော်ပါပြီ. . ."

"လိမ္မော်. . ."

"ရှင်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ညစာစားပြီး ကိုယ်က ပြန်လာမှာမဟုတ်ဘူးနော်. . ."

တစ်ဘက်မှ သာသာလေး ဖုန်းချသွားသံကိုသာ မင်းတင်ဋ္ဌေး ကြားလိုက်ရပါတော့၏။ ကိုင်ထားမိဆဲ ဖုန်းလေးဆီ ဝေရီမှိုင်းသော အကြည့်တို့ဖြင့် ကြည့်ရင်း မင်းတင်ဋ္ဌေးသည် ရယ်မယ် လှုပ်ရှား နွေးထွေးနေရပါချေ၏။

ထို့နောက်မတော့ မင်းတင်ဋ္ဌေးကား ဦးလည်မသုန် ထင်း ဆောင်ရမည့် တာဝန်က ရှိနေသေးသည်မို့ သူသည် ဆက်သွယ် ထားသည့် ဌာနကို သတင်းပေးပို့အပြီး လုပ်စရာရှိသည်တို့အား လုပ်ကိုင်ပြင်ဆင်လိုက်ပါပြီ။

ရင်ထဲမတော့ နှလုံးသားသည် ခုန်ရင် နွေးလိုက်လှ၍သာ။ ရင်သည် သိသိသာသာကြီး နိမ့်ချည်မြင့်ချည် လှုပ်ရှားနေရပါသတည်း။

× × × × ×





ညနေ ငါးနာရီ။ မင်းတင်ဋ္ဌေး၏ ဂျစ်ကားလေးမှာ [illegible] ရှိုးရှိုးစံအိမ်ကြီး၏ ဆင်ဝင်အောက်၌ ထိုးရပ်လိုက်လေပြီဖြစ်၏။

မင်းတင်ဋ္ဌေးသည် သူ ပထမတစ်ခေါက် လာတုန်းကနှင့် အသွင်မထူးခြားသော စံအိမ်ကြီး၏အနေအထားအား ကားရပ်သည် နှင့်ပင် လေ့လာလိုက်ပြီးသားဖြစ်သည်။

မင်းတင်ဋ္ဌေး ကားပေါ်မှဆင်းလိုက်သည်။ ပြီးတော့ သူ စံအိမ်ကြီးထဲသို့ ဝင်ခဲ့၏။ သူ တိုက်ကြီးထဲ ဝင်လိုက်သည်နှင့်ပင်

"ဩော်. .ဆရာ ရောက်ပြီလားရှင့်၊ ဟို ဒါဖြင့် အပေါ်ကို မြန်မြန်ရောက်အောင် ဓာတ်လှေကားကပဲ သွားပါ ဆရာ. . ."

ဆီးကြိုသလို ဆိုလာသည့် စပျစ်စကားအား သူ ခေါင်း ဆတ်ပြလိုက်သည်။

"ဓာတ်လှေကားက ဒီဘက်မှာပါ ဆရာ. . ."

စပျစ်ခေါ်ရာသို့ သူလိုက်သွားပြီး သူမ ဖွင့်ပေးသည့် ဓာတ်လှေကားအတွင်း သူ ဝင်လိုက်သည်နှင့်ပင် ဓာတ်လှေကားသည် တံခါးပိတ်၍ အပေါ်သို့ တက်သွားပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကဗျာချိုချိုစံအိမ်ကြီးကဖြင့် နိုင်ငံခြားမှ တကယ့်ထိပ်တန်း လျှို့ဝှက်အဆောက်အဦးကြီးအဖြစ် ဆောက်လုပ်ထားပါသော အဆောက်အဦးနယ် လျှို့ဝှက်၊ သားနား၊ ဆန်းပြားခမ်းနားလွန်းပါသော စပယ်ရှယ်အဆောက်အဦးကြီးဖြစ်ကြောင်း မင်းတင်ဗွေးသည် ပို၍ပိုကာ တွေ့မြင်ထိတွေ့ နားလည်နေရပါလေ၏။

လိမ္မော်ချိုနှင့် တွေ့ဆုံရတော့မည်မို့ ဓာတ်လှေကားထဲတွင် မင်းတင်ဗွေး ရင်တွေခုန်နေ၏။ သူ့အား မည်သည့်အကြောင်းနှင့် ခေါ်တွေ့သည်ကိုလည်း မင်းတင်ဗွေးမှာ ကြိုတင် နားလည်ထားပြီးပဲလေ။

ထိုသို့ ကြိုတင်သိမြင်ထားခြင်းကြောင့်လည်း မင်းတင်ဗွေးမှာ ပို၍ရင်နာကာ မချမ်းမြေ့နိုင်အောင် ရှိနေရပါချေ၏။

သူတွေးဆဲ ဓာတ်လှေကားမှာ ညင်သာစွာ ရပ်သွားလေပြီ။ ဓာတ်လှေကားရပ်သွားသည်နှင့်ပင် တံခါးပေါက်က အော်တိုမစ်တစ် ပွင့်လာသည်။ ဓာတ်လှေကားထဲမှ မင်းတင်ဗွေး ထွက်လိုက်သည်။

လိမ္မော်ချိုနေထိုင်ရာ လေးထပ်သို့ သူရောက်လာပြီ။ အခေ



ထပ်၌ မည်သူ့ကိုမျှ မတွေ့ရသော်လည်း မင်းတင်ဗွေး၏ ခြေလှမ်းတွေမှာ လိမ္မော်ချိုရှိရာ အခန်းဆီ လှမ်းလင့်နေပါချေ၏။

လိမ္မော်ချို၏အခန်းရှေ့သို့ရောက်သော် အခန်းတံခါးမှာ အသင့်ပွင့်နေလေ၍ မဆိုင်းမတွပင် မင်းတင်ဗွေး အခန်းထဲဝင်လိုက်သည်။

"ဟင် . . ."

မင်းတင်ဗွေး အံ့သြသွားသည်။ သူနှင့် လိမ္မော်ချိုတို့၏ ညစာစားပွဲက လိမ္မော်ချို၏ အိပ်ခန်းအတွင်းမှာပင် အသင့်ပြင်ထားသည်ကို တွေ့လိုက်ရသောကြောင့်ပါတည်း။

ပြီးတော့ လိမ္မော်ချို၏အိပ်ခန်းမှာ ယခင်ကထက် သပ်ရပ်လှပအောင် ပြင်ဆင်ထားသည်ကိုလည်း မင်းတင်ဗွေးတွေ့လိုက်ရသည်။

လိမ္မော်ချိုကိုတော့ သူ အသင့်မတွေ့ရ။ ခွေးကြီးနှစ်ကောင်ကိုလည်း သူ မတွေ့။

"လိမ္မော် . . ."



www.burmeseclassic.com

www.burmeseclassic.com



သူခေါ်ရင်း အခန်းထဲရှာဖွေကြည့်သည်။ အခန်းထဲတွင် လိမ္မော်မရှိ။ ထိုစဉ် ရေချိုးခန်းဘက်မှ တံခါးပွင့်လာသည်။

"ဩော်. .ဦးမင်းတင်ဋ္ဌေး ရောက်ပြီလား. . ."

"အင်း. .လိမ္မော် အဝတ်လဲလိုက်ဦးနော်. . ."

မင်းတင်ဋ္ဌေးအကြည့်တွေက လိမ္မော့်နောက်တွင် တကောက်ကောက်ပါနေသည်။ လိမ္မော် အဝတ်လဲလိုက်သည်။

ပြီးတော့ ဗီရိုထဲမှ တစ်ခုခုကို လိမ္မော်ယူလိုက်ပြီး ဗီရိုတံခါးကို ပြန်ပိတ်လိုက်သည်။ လိမ္မော်ချို သူ့ဘက်လှမ်းကြည့်သည်။

"အဟင်း. . ."

လှပသော မျက်နှာလေးထက်မှ ရွှေရောင်အပြုံးလေးကို မြင်တော့ ထိုင်ရာမှ သူ ထရပ်လိုက်၏။ နွေးသောရင်ဖြင့် လိမ္မော်ကို ကြည့်ဆဲ။ လိမ္မော်အနီး သူ ချဉ်းကပ်လှမ်းသွားသည်။

လိမ္မော်နှင့် မျက်နှာချင်းဆိုင် နီးကပ်စွာ ရပ်လိုက်သည်နှင့်

"မောင်. . ."

"ဟင်. .ဗျာ. .ဗျာ၊ လိမ္မော် မောင့်ကို ဘယ်လိုခေါ်လိုက်





တယ်. . ."

အံ့ဩမှုနှင့် ပျော်ရွှင်မှုတို့ မဖော်ပြနိုင်အောင် သူပြုံးမြမြကြီးဆိုမေး မေးဖြစ်၏။

"မောင်လို့ မောင့်ကိုခေါ်နေတယ်လေ၊ အဟင်း. . ."

"လိမ္မော်ရယ်. . ."

ဆိုကာ သူ့ရင်ခွင်ထဲ အလိုအလျောက် လိမ္မော်တိုးဝင်လာတော့ အသည်းမှ ကြင်မြေ့စွာ ခေါ်ညည်းရင်း လိမ္မော့်ကို ဖက်ထားလိုက်သည်။

"မောင်. . ."

"လိမ္မော်. . ."

"ညစာစားရင်း မောင့်ကို စကားတစ်ခွန်းပြောမယ်၊ လာမောင်. . ."

လိမ္မော်က သူ့ကိုဦးဆောင်ခေါ်သည်။ ထမင်းပွဲတွင် နုံခြင်းသာကပ်ရက်။ လိမ္မော်နှင့် သူ ထိုင်လိုက်ကြပြီး ထမင်းမစားသေးဘဲ လိမ္မော်ချိုမှာ သူ့ကို မေးလေးထောက်ကာ ကြည်လင်သော အပြုံး



www.burmeseclassic.com

www.burmeseclassic.com



လေးဖြင့် ကြည့်လာရင်းက. . .

"မောင်. . ."

"လိမ္မော်. . ."

"ဒီညဟာ မောင်နဲ့လိမ္မော်တို့ရဲ့ မင်္ဂလာပွဲလေ. . ."

"ဟင်. . ."

သူ လိမ္မော်ကို အံ့ဩစွာ ကြည့်သည်။

"အံ့ဩနေသလား မောင်၊ ဟောဒီမှာ မောင်နဲ့လိမ္မော်တို့ အတွက် လက်ထပ်လက်စွပ်ကလေးနှစ်ကွင်း၊ တစ်ကွင်းက မောင် လိမ္မော့်ကို ဝတ်ပေး၊ နောက်တစ်ကွင်းကို လိမ္မော်က မောင့်ကို ဝတ်ပေးမယ်. . ."

"လိမ္မော်. . ."

သူ ရင်နာစွာ ခေါ်သည်။

"ရှင်. . ."

ကြည်သာစွာ လိမ္မော်ထူး၏။ လိမ္မော့်ကို သူ စူးစိုက် ကြည့်ပြီး. . .





"လိမ္မော့်ကို မောင် ဘယ်လိုနားလည်ရမလဲကွယ်"

"အဟင်း. .မောင် ဘယ်လိုနားလည်ချင်လို့လဲ၊ မောင် နားလည်ချင်သလို နားလည်လေ၊ ဘာလဲ ပရိသတ်မပါတဲ့ မင်္ဂလာပွဲမို့ မောင်က မကျေနပ်ဘူးလား. . ."

"ပရိသတ်မပါလည်း မောင် လိမ္မော့်ကို ပိုင်ရတာပဲ၊ ပရိသတ် ပါလည်း မောင် လိမ္မော့်ကို ပိုင်ရတာပဲ မဟုတ်လား၊ ဒီလက်ထပ် လက်စွပ်ကလေးသာ ဝတ်ပါမောင်၊ လိမ္မော်တို့ချင်း တရားဝင်ပါ တယ်. . ."

လိမ္မော်ဆိုရင်း သူ့ကို အရင်ဝတ်ပေးလာသည်။

ခံစားမှုကင်းမဲ့လွန်းနေသော လိမ္မော့်အသွင်နှင့် လှုပ်ရှားမှု လေးတွေကိုကြည့်ပြီး မင်းတင်ခွေးကား အသည်းတို့ ကြိမ်းစုတ်လျက် ကမ္ဘာ့အပြင်ဘက်သို့တိုင် ပြေးထွက်သွားလိုက်ချင်နေမိပါတော့၏။

"မောင် လိမ္မော့်ကို ပြန်ဝတ်ပေးလေ. . ."

ဘယ်လက်ကလေး သူ့ရှေ့သို့ထိုးပေးလာရင်း လိမ္မော် ဆိုတော့ ရင်နာစွာနှင့်ပင် လိမ္မော်ချို၏ လက်သူကြွယ်၌ လက်စွပ်



www.burmeseclassic.com

www.burmeseclassic.com



လေးကို သူ ဝတ်ပေးလိုက်ပါလေ၏။

"လိမ္မော်ရယ်. . ."

"မောင်. . ."

ယောကျ်ားတန်မဲ့ သူ့မျက်ဝန်း၌ စိုစေနေမည့်အဖြစ်ကို လိမ္မော်လည်း မြင်နေမည်ပါ။ သူ့မျက်ဝန်းထဲ လိမ္မော် အတန်ကြာ ကြာကြီး စိုက်ကြည့်နေမိသည်။

သူ့ကို ထူးခြားမှုမရှိသော အကြည့်တို့ဖြင့် လိမ္မော်ကြည့်ဆဲ

"မောင်. .ထမင်းစားလိုက်ကြရအောင်နော်. . ."

ဆိုရင်း လိမ္မော် သူ့ကို ထမင်းဟင်းတွေ ပြင်ဆင်ကျွေးသည်။ လိမ္မော်လည်း စားသည်။ သူမည်သို့မျှ စား၍မဝင်ပါ။ သူ့လက်ခ လိမ္မော်ကိုယ်တိုင် ဝတ်ပေးထားသည့် လက်ထပ်လက်စွပ်ကလေး ကိုသာ သူကြည့်နေမိလေသည်။

လက်ထပ်လက်စွပ်ကလေးဆီ ကြည့်ဆဲ သူ့မျက်ဝန်း အရည်ကြည်တွေ လျှံတက်လာ၏။

"မောင်. .စားလေ. . ."





လိမ္မော် သူ့ကိုကြည့်ကာဆိုတော့ သူ လိမ္မော့်မျက်နှာလေး ထံ ဆတ်ခနဲငေးကြည့်ပစ်လိုက်သည်။ သူ့မျက်ဝန်းအစုံ နီရဲစွတ်စို နေသည့် အဖြစ်ကို လိမ္မော်မြင်သည်။

သို့သော်လည်း လိမ္မော့်အသွင်ကား ထူးခြားခြင်းမရှိလေပါ။ ထမင်းစားနေရာမှထပြီး လိမ္မော် လက်ကိုင်ပဝါလေးကို သွားယူသည်။ ပြီးတော့ ထမင်းစားပွဲဆီ ပြန်လာပြီး. . .

"မင်္ဂလာရှိတဲ့ညမှာ မောင် ဘာဖြစ်လို့ မျက်ရည်တွေကျနေ တာလဲကွယ်. . ."

နှုတ်ခမ်းဖူးလေးမှလာသော စကားလုံးလှလှလေးတွေနှင့် လိမ္မော်ဆိုရင်း သူ့မျက်ဝန်းမှ မျက်ရည်စလေးတွေကို လိမ္မော်သုတ် ပေးပါ၏။

သူ ထမင်းမစားမိတော့။ လိမ္မော့်ကိုယ်လေးအား ခါးမှဖေးမ ချီလိုက်ပြီး ဖဲမွေ့ရာခုတင်ကြီးဆီသို့ ခေါ်ခဲ့လိုက်၏။

"လိမ္မော်. . ."

"မောင်. . ."

စောပြည့်ဝန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"လိမ္မော် မောင့်ကို တကယ့်ကို ချစ်ရဲ့လားကွယ်. . ."

"ချစ်တယ်ဆိုတာ ဘာလဲ မောင်. . ."

"ဟင်း. . ."

သူ သက်မမောတစ်ချက်ကိုချပြီး စိတ်ထိခိုက်ခြင်းဖြင့် လိမ္မော့်ကိုယ်လေးအား ဖက်ထားလိုက်၏။

"လိမ္မော် မောင့်ကို ဘာကြောင့် လက်ထပ်တာလဲ"

"လက်ထပ်ချင်လို့ပေါ့. . ."

"မောင် လိမ္မော့်ကို သိပ်ချစ်တယ်၊ မင်းကို ချစ်ရလွန်းလို့ မောင့်နှလုံးသားမှာ အမြဲနာကျင်နေတယ်၊ မောင့်ရဲ့အသွေးအသက်ထက် လိမ္မော့်ကိုပိုချစ်တယ်၊ လိမ္မော်ကော မောင့်ကို မချစ်ဘူးလားဟင်"

"လိမ္မော့်အတွက် အချစ်ဆိုတာ လက်ထပ်လိုက်တာပဲလို့ လိမ္မော်သိတယ်၊ ဒီတော့ လိမ္မော့်အတွက် လက်ထပ်ခြင်းဟာ အချစ်ပဲ"

အေးစက်သော လိမ္မော့်စကားတွေအတွက် မင်းဘင်ဆွေ ခေါင်းကိုရမ်းလိုက်သည်။

"ဟင်း. .မဟုတ်သေးဘူး အချစ်ရယ်၊ မင်းကြောင့် မောင်





ရှူးရလိမ့်မယ် လိမ္မော်. . ."

"အချစ်ရယ်. .အချစ်ဆိုတာ လက်ထပ်ခြင်းမဟုတ်ဘူး၊ အချစ်ဆိုတာ နှလုံးသားနဲ့ အရင်းတည်ပြီး ဖြစ်ပေါ်လာရတဲ့ မဖော်ကျူးနိုင်တဲ့ ခံစားမှုမျိုးကို အချစ်လို့ခေါ်တယ်၊ လိမ္မော် အဲဒီလို နှလုံးသားထဲကလာတဲ့ ခံစားမှုနဲ့ မောင့်ကိုမချစ်နိုင်ဘူးလားဟင်"

သူ့အမေးကို လိမ္မော်မဖြေ။ လိမ္မော်ကား သူ့ရင်ခွင်ထက် အသက်လေး မှန်မှန်ရှူကာ အိပ်ပျော်နေလေပြီ။ သူ နာရီဆီကြည့်လိုက်တော့ ညဦးဆယ်နာရီခွဲနေပြီဖြစ်ချေ၏။

အခန်းထဲတွင်ကား မီးတွေက ထိန်ထိန်လင်းနေဆဲ။ လိမ္မော် အိပ်ပျော်သွားတော့ သူ အရက်တွေထသောက်ပစ်သည်။ လူမှန်း မသိအောင် မူးပစ်လိုက်ချင်သည်။ မူးအောင်လည်း သူသောက်သည်။

သည့်နောက်မတော့ ဒယီးဒယိုင်ခြေလှမ်းတို့ဖြင့် လိမ္မော့် အနီး သူပြန်လာ၏။ ထို့နောက်တော့ မီးရောင်တို့ဖြင့် ထိန်ငြီးနေသော အိပ်ခန်းကြီးထဲ သူပါ အိပ်ပျော်သွားသည်။

"ကရင်. .ရင်. .ရင်. . ."



www.burmeseclassic.com

www.burmeseclassic.com



မေ့ခနဲအိပ်ပျော်သွားသည်သာ ရှိသေးဦးမည်။ စူးရှစွာ မြည်လာသည့် တယ်လီဖုန်းသံကြောင့် သူတို့နှစ်ဦးစလုံး မျက်လုံးတွေပွင့်ကာ နိုးလာကြ၏။

အိပ်ရာနံဘေးမှ ဖုန်းလေးကို လိမ္မော်လှမ်းယူကာ နားထောင်လိုက်သည်။ မင်းတင်ဋ္ဌေးမှာ လိမ္မော့်မျက်နှာလေးအား ကြည့်နေမိ၏။

"ဟဲလို. . ."

"× × × ×"

"ဟင်. .ဩော်. . ."

ထိုမျှသာဆိုရင်း လိမ္မော် ဖုန်းလေးကို ညင်သာစွာ ပြန်ချထားလိုက်၏။ လိမ္မော့်မျက်နှာလေးမှ အရိပ်တစ်ခုခုကို မင်းတင်ဋ္ဌေးရှာသည်။ ထူးခြားမှုကို လုံးဝမတွေ့ရ။ လိမ္မော့်ရင်ထဲမှ အသည်းလေးကို မင်းတင်ဋ္ဌေး ဓာတ်ခွဲစမ်းသပ်ကြည့်ချင်လှပါ၏။

လိမ္မော့်ရင်ထဲ အသည်းမှ ရှိပါလေစ။ ရှိလျှင်လည်း လိမ္မော့်အသည်းစိုင်သည် ကျောက်သားစိုင်ဖြင့် ပြီးနေလေရော့သလား။ မင်းတင်ဋ္ဌေးသည် လိမ္မော့်ကိုကြည့်ကာ ထိခိုက်စွာ တွေးနေဖြစ်ပါ၏။





သူကြည့်နေဆဲ လိမ္မော့်အကြည့်လေးတွေလည်း သူ့ထံရောက်လာသည်။ အကြည့်ချင်း ဆုံနေဖြစ်၏။ လိမ္မော် သူ့ကိုစူးစိုက်ကြည့်သည်။ လိမ္မော့်မျက်ဝန်းထဲ ထူးခြားချက်ကိုမူ သူရှာမတွေ့။

"လိမ္မော်. . ."

"မောင်. . ."

သူ ခေါ်တော့ လိမ္မော်ထူးသည်။ သူမထူးသံလေးကား ပကတိအေးချမ်းချိုလွင် သာယာဆဲပါတည်း။

"လိမ္မော် မောင့်ကို တစ်ခုခုပြောပါလား. . ."

မနေနိုင်၍ သူကပင် ဖော်ထုတ်မေးသည်။ သို့သော်. . .

"အဟင်း. .ဟင်း. . ဟင်း. . ."

သူတင်စားသည့် ရွှေရောင်အပြုံးလေးဖြင့်သာ လိမ္မော်သူ့ရင်ခွင်ထဲ တိုးဝင်လိုက်ပါလေ၏။ အခန်းထဲတွင် မီးတွေကလင်းထိန်နေဆဲ။ အိပ်ခန်းကြီးတစ်ခုလုံးက ငြိမ်သက်နေပါလေ၏။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

- နှစ်ဆယ် -

"ရှောက်ချိုနဲ့ ဇုန်ဒါ. . ."

"ပြောပါ မမလိမ္မော်. . ."

"ရော့. .ဒီမှာ သေနတ်၊ ဦးမင်းတင်ဌေးကို ခေါ်သွား၊ မမ အခြေအနေကို လုပ်ပေးလိုက်မယ်. . ."

"ဘယ်ကိုခေါ်သွားရမလဲ မမလိမ္မော်. . ."

"ရေတံခွန်ဘက်ပေါ့ကွယ်. . ."





"အပြတ်ရှင်းခဲ့ရမှာလား မမလိမ္မော်. . ."

"ဒီလောက်ပြောရင် သဘောပေါက်တော့လေကွယ်. . ."

"ဟုတ်ကဲ့ မမ. . ."

"ကဲ. .စပျစ်နဲ့ သစ်တော်ရေ. . ."

"ရှင် မမလိမ္မော်. . ."

"ညကဖုန်းလာတယ်. . ."

"ဘယ်ကလဲ မမ. . ."

"သလဲဆီက. . ."

"ဘာတဲ့လဲ မမ. . ."

"သရက်နဲ့ မက်မွန်တို့ ပစ္စည်းတွေနဲ့ပါ အားလုံးမိသွားကြပြီတဲ့. . ."

"ဟင်. . ."

"မအံ့သြပါနဲ့လေ၊ အံ့သြစရာမရှိပါဘူးကွယ်၊ ဦးမင်းတင်ဌေးဟာ သိပ်တော်တဲ့ ရဲအရာရှိတစ်ယောက်ကို၊ အပွန်း နှုတ်သော့



www.burmeseclassic.com

www.burmeseclassic.com



နမျောစရာပါပဲ၊ ဒါပေမယ့် ဟင်း ဟင်း. . .”

“ထားပါတော့လေ၊ သရက်တို့အဖွဲ့က သလဲတစ်ယောက်ပဲ လွတ်တယ်တဲ့၊ သူ့ဘယ်က ဖုန်းဆက်တယ်ဆိုတာကိုတော့ မမလည်း မမေးလိုက်တော့ပါဘူး၊ ခုလောက်ဆိုရင်တော့ သူ ဟိုဘက်ရောက် နေရောပေါ့. . .”

“ကဲ. .ဒါတွေပြောနေလည်း အပိုပါပဲ၊ အချိန်ရှိတုန်းမှာ ရောက်ချိုနဲ့ ဗန်ဒါတို့သွားမယ့်ခရီးစဉ်ကို လိုအပ်တာတွေ မင်းတို့ လုပ်ပေးလိုက်ကြ၊ ပြီးရင် မင်းတို့တာဝန်ကျတဲ့အထပ်မှာနေကြ၊ ဟုတ် ပြီလား. . .”

“ဟုတ်ကဲ့. . .”

နားကြပ်ထဲအသံက ဟိန်းနေသည်မို့ မြေတိုက်ခန်းထဲမှ စကားပြောနေကြမှန်း မင်းတင်ဋ္ဌေး နားလည်လိုက်၏။

စကားသံတွေက တိတ်ဆိတ်သွားသည်။ မြေတိုက်ခန်းထဲမှ လိမ္မော်ချို ထွက်လာဟန်ရှိ၏။





မင်းတင်ဋ္ဌေးမှာ လိမ္မော်ချိုပြောသွားသည့် စကားများကြောင့် ရင်ဝယ် မချိလေပါ။

လိမ္မော်ရယ်. .မမုန်းရက်နိုင်ပါလားကွယ်၊ မင်းက သေဆိုရင် သေစေရတဲ့ဘဝမျိုး နောက်ဘဝမှာ မောင်ဖြစ်ပါရစေ လိမ္မော်. .

ခုဘဝမှာတော့ နိုင်ငံတော်အတွက် တာဝန်တစ်ရပ်ကို ထမ်းဆောင်နေတဲ့ဘဝမို့ လိမ္မော့်စေခိုင်းချက်အတိုင်း ဖြစ်မလာခဲ့ရင် မောင့်ကို ခွင့်လွှတ်ပါ. . .။

ရင်ထဲ နှလုံးသားစိုင်တစ်ခိုင်လုံး ပြုတ်ကြွလုခမန်း မင်းတင်ဋ္ဌေး ဆိုနေမိပါ၏။

“ဟင်း. . .”

ကြင်မြေ့ရသော သက်မမောအား ချကာ နားကြပ်ကို ဖြုတ် မည်ပြုဆဲ စကားသံတို့ကို မင်းတင်ဋ္ဌေးကြားလိုက်ရပြန်သည်။

နားကြပ်ကို မဖြုတ်သေးဘဲ မင်းတင်ဋ္ဌေး နားစောင့်နေ လိုက်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"စပျစ်. . ."

"ဟင်. . ."

"မမလိမ္မော်ကို ငါသနားတယ်၊ သူ့ရင်ထဲမှာ တစ်ခုခုတော့ ရှိနေလိမ့်မယ်လို့ ငါထင်တယ် စပျစ်. . ."

"ငါလည်းထင်ပါတယ် သစ်တော်ရယ်၊ မမဟာ သူ့အလုပ်မှာ ထိခိုက်လာတဲ့သူဆိုရင် ဘယ်တော့မှ အရှင်ထားတာမှမဟုတ်ဘဲ"

"နောက်ဆုံးဟယ်၊ သူ သိပ်ချစ်ပါတယ်ဆိုတဲ့ ရမ်းရမ်းနဲ့ ကားကားတို့ကိုတောင် တာဝန်မကျေလို့ဆိုပြီး မမလိမ္မော်ကိုယ်တိုင် သုတ်သင်လိုက်တာပဲမဟုတ်လား. . ."

ကြားလိုက်ရသည့် စကားအတွက် ခုမှ မင်းတင်ဋ္ဌေးမှာ ရမ်းရမ်းနဲ့ကားကား ချွေးကြီးနှစ်ကောင်အား မတွေ့မိခြင်းကို သဘောပေါက်ရပါတော့၏။

"အခုတော့ ဆရာမင်းတင်ဋ္ဌေးကို မမလိမ္မော်က သူ့အလုပ်ကို နှောင့်ယှက်နေမှန်းသိရက်နဲ့ ဘာလို့ သူ လက်ပိုက်ကြည့်နေ





တာလဲ၊ ခုဆို နှစ်ကြိမ် သုံးကြိမ်ရှိပြီမဟုတ်လား၊ အခု ရှောက်ချိုး ဗန်ဒါတို့ကို ခိုင်းလိုက်ပြီပဲလေ. . ."

"မမက သူကိုယ်တိုင် ဘာလို့မစီရင်တာလဲ မသိဘူးနော်"

"သူ့အကြောင်းနဲ့သူ ရှိမှာပေါ့လေ၊ သူကိုယ်တိုင် မစီရင်ရက်လို့လည်း ဖြစ်မှာပေါ့ဟာ. . ."

"အင်း. . ."

မင်းတင်ဋ္ဌေး ဆက်နားမထောင်တော့၊ နားကြပ်ကို ဖြုတ်ပြီး ချက်ချင်းပင် စကားပြောမက်ကလေးတစ်ခုမှ သက်ဆိုင်ရာသို့ သတင်းပို့လိုက်ပြီးသော်. . .

သူသည် ပစ္စည်းတို့ကို သေသပ်စွာ သိမ်းဆည်းလျက် လိမ္မော်ချိုအခန်းထဲ ပြန်ရောက်လာလျှင် ဆီးကြိုရန် အသင့်အနေအထားမျိုးရှိနေရပါတော့သတည်း။

သူ နာရီဆီ တစ်ချက်ကြည့်လိုက်သည်။ နံနက်ခုနစ်နာရီ ထိုးရန် ဆယ်မိနစ် လိုသေး၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဖက်မှ ခြေသံလေးဖွဖွကြားတော့ မင်းတင်ဌေး လှည့်ကြည့်သည်။

"လိမ္မော်ချို. . ."

လူမမြင်ရသေးပါဘဲနှင့် ခေတ်ပုံထဲ၌ပင် သူစွဲလမ်းချစ်မြတ်နိုး ရပါသော အပြုံးပိုင်ရှင်မလေး လိမ္မော်ချို။

ကဗျာချိုချို စံအိမ် သခင်မ လိမ္မော်ချိုရယ်လေ။

သူ့ကိုမြင်သော် လိမ္မော်ချိုသည် ထုံးစံအတိုင်း ရွှေရောင် အပြုံးလေးများနှင့် သူ့ရင်ခွင်တွင်း တိုးဝင်လာရင်းက. . .

"မောင် နိုးနေတာ ကြာပြီလားဟင်. . ."

"ခုနလေးတင်ပါ၊ လိမ္မော် ဘယ်သွားနေတာလဲဟင်"

"လိမ္မော်ရုံးခန်းထဲတင်ပါ၊ မောင့်ကိုအကူအညီတောင်းဖို့ တစ်ခုရှိတယ်၊ ပေးနိုင်မလားဟင်. . ."

"ဘာများလဲ အချစ်ရယ်၊ မင်းအတွက်ဆို မောင့်အသက် လည်း ပေးဖို့ဝန်မလေးပါဘူး. . ."





သူ့စကားကြောင့် လိမ္မော် သူ့ကိုစူးစူးလေးကြည့်သည်။

"အဟင်း. .ဟင်း. .ဟင်း. . ."

ပြီးတော့ လိမ္မော့်မျက်နှာလေးမှာ သူ့မျက်နှာဖြင့် ပွန်းတီး သာပြီး ညင်ညင်ကလေး ရယ်ပါ၏။

သူ့တွင် မည်သို့ပင်ရှိစေ၊ လိမ္မော်၏အကြည့်မျက်ဝန်းလေး ဖြင့် ကြည်ရွှန်းလျက် အေးစက်၏။

လိမ္မော့်မျက်နှာလေးထက် နှလုံးသားမှ ခံစားမှုဝေဒနာ အရိပ် အယောင်တို့အား မြူတစ်မှုန်စာမျှပင် သူ ရှာဖွေ မတွေ့မိပါတကား။

လိမ္မော်၏ ထိုအသွင်ကြောင့်လည်း သူ့အနေဖြင့် ပို၍ ပိုတာရင်နာကြေကွဲမိရပါချေ၏။

"မောင်. .ရေတံခွန်ဘက်မှာ အရေးကြီးတဲ့ကိစ္စတစ်ခုရှိလို့ သွားရမယ် မောင်၊ အဲဒါ မောင်လိုက်ပေးပါနော်. . ."

"လိမ္မော်နဲ့ သွားရမှာလား. . ."

"ဟင့်အင်း၊ လိမ္မော်တပည့်တွေနဲ့ပါ၊ မကြာပါဘူး ခေါင်းရုတ်

www.burmeseclassic.com

www.burmeseclassic.com



နော်. . ."

"ဘာကိစ္စရှိလို့လဲ လိမ္မော်ရယ်. . ."

"ပစ္စည်းတွေလဲရုံတင်ပါ မောင်. . ."

"လိမ္မော်တို့က ဘာတွေလုပ်နေတာလဲကွယ်. . ."

သိပါလျှက် မသိချင်ဟန်ဆောင် သူမေးတော့. . .

"ဒီလိုပေါ့ မောင်ရယ်၊ အဆင်ပြေမယ့် စီးပွားရေးပေါ့"

သူ့ကိုမည်သူမည်ဝါမှန်း သိနေပါလျှက် အလေးအနက်မရှိဟန် လိမ္မော်ဖြေသည်။

သိလျှက်နှင့် သူတို့နှစ်ဦးစလုံးကား မင်သေနေကြသူတွေပါ။

"မောင် လိုက်ပေးမယ်မဟုတ်လားဟင်. . ."

"အေးလေ၊ လိမ္မော့်အတွက် သွားပေးရမှာပေါ့. . ."

"ဟိုကပြန်လာရင် လိမ္မော့်ဆီပဲ မောင်ပြန်လာမယ်နော်"

အလှဆုံးအပြုံးဖြင့် သူ့စကားအတွက် လိမ္မော်ခေါင်းညိတ်ပြ





ပါ၏။

လိမ္မော်သူ့ကိုနှုတ်ဆက်သည်လား၊ ဖြားယောင်းသည်လား ခွဲခြား၍မရ၊ သူ ဘယ်လိုမှ နားမလည်ပါတကား။

"ကဲ. .မောင်၊ သူတို့တွေ စောစောသွားဖို့ ပြင်ဆင်ထားကြတယ်၊ လိမ္မော်တို့ ကော်ဖီသောက်လိုက်ကြရအောင်နော်. . ."

သူ ခေါင်းညိတ်ပြသည်။ အသင့်ရှိနေသည့် ကော်ဖီပွဲတွင် သူတို့ထိုင်လိုက်ကြပြီး သူ သောက်ရန် ကော်ဖီကို လိမ္မော် ထည့်ပေး၏။

ကော်ဖီသောက်ပြီးသည်နှင့် သူ့လက်မောင်းဆီ တွဲသလို ဆွဲသလိုခေါ်ကာ အခန်းထဲမှ ထွက်ခဲ့ကြရင်းက. . .

"မောင်. . ."

"ပြော်. .လိမ္မော်. . ."

"လိမ္မော် မောင့်ကို အထင်ကြီးပါတယ်. . ."

"ချစ်ကော မချစ်ဘူးလား. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာလေ မောင်နဲ့လိမ္မော် လက်ထပ်ထားပြီပဲ"

သူ့စကားအတွက် လက်သူကြွယ်မှ လက်စွပ်ကလေးကို ထောင်ပြပြီး လိမ္မော်ဆိုတော့ သူ လိမ္မော့်ပခုံးလေးအား တစ်ချက် သိုင်းဖက်မိ၏။

"လိမ္မော်. . ."

"ရှင်. . ."

"လိမ္မော့်ကို မောင် သိပ်ချစ်တယ်. . ."

ထုံးစံအတိုင်း လှပသောအပြုံးနှင့် လိမ္မော် ခေါင်းညိတ်ပြသည်။ သူ မချင့်မရဲရှိရလွန်းပါ၏။

"ပြန်လာရမှာနဲ့ အချိန်နောက်ကျလိမ့်မယ် မောင်. . ."

သူခေါင်းညိတ်ပြပြီး လိမ္မော်ပခုံးမှ သိုင်းဖက်ကာ အောက်ထပ် သို့ လှေကားအတိုင်း ဆင်းခဲ့ကြ၏။

အောက်ထပ်သို့ရောက်သော် သူနှင့်အတူ ရေတံခွန်ဘက် ခရီးထွက်မည့် အမျိုးသမီးနှစ်ဦးကို တွေ့လိုက်ရလေသည်။





"မောင် သူတို့နဲ့သွားရမယ်. . ."

"အင်း. .မောင့်ကားနဲ့ပဲ သွားကြတာပေါ့. . ."

"သွားပါ. . ."

ကြည်သာစွာ လိမ္မော် ခွင့်ပြုသည်။ ရောက်ချိန်နှင့် ဗန်ဒါတို့ ဖြစ်ဟန်တူသည့် အမျိုးသမီးနှစ်ယောက်မှာ သူ့ကို မသိမသာ လှေလာ ဟန်ဖြင့် ကြည့်နေကြသည်ကို သူ မကြည့်ပါဘဲနှင့် သိနေပါ၏။

သူ့ဂျစ်ကားလေးရပ်ထားရာသို့ မင်းတင်ဒွေး ထွက်ခဲ့သည်။ ကားစက်ဖုံးထဲ တစ်ချက်ဖွင့်ကြည့်ပြီးနောက် လိမ္မော်တို့ထံ တစ်ချက် လှမ်းကြည့်လိုက်ပြီး. . .

"ကဲ. .သွားကြမယ်. . ."

သူလှမ်းခေါ်တော့ အမျိုးသမီးနှစ်ယောက်မှာ လိမ္မော့်ဆီ နှုတ်ဆက်အကြည့်ဖြင့် တစ်ချက်စီကြည့်ခဲ့ကြပြီး ထွက်ခဲ့ကြလေ၏။

အမျိုးသမီးနှစ်ယောက် သူ့ကားဆီလျှောက်လာတော့ သူက လိမ္မော့်ဆီ ပြန်လျှောက်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လိမ္မော်ရှေ့သို့ရောက်သော် လိမ္မော်မျက်နှာလေးဆီ စေ့စေ့ကြည့်ပြီး. . .

"လိမ္မော့်ဆီကို မောင် ဆယ်နာရီအရောက် ပြန်လာမယ်နော်၊ မောင်က ကားမောင်းမြန်တယ်. . ."

"အဟင်း. .ဟင်း ကောင်းပါပြီ မောင်. . ."

ဆိုရင်း လိမ္မော် သူ့ကိုနမ်းသည်။ လိမ္မော့်အနမ်းကလေးက သူ့အတွက် နှုတ်ဆက်အနမ်းမျိုးလိုပါ။

"မောင် သွားမယ် လိမ္မော်. . ."

"ဟုတ်ကဲ့. . ."

"ဆယ်နာရီနော် အချစ်. . ."

ခြေကိုနောက်ဆုတ်လှမ်းပြီး လိမ္မော့်ထံ လက်ဆယ်ချောင်းကို ထောင်ပြကာ သူ ထပ်ဆိုသည်။ လိမ္မော်အပြုံးလေးနှင့် ခေါင်းလေး ညိတ်ပြ၏။

သူ့ကားဆီအရောက် ကားပေါ်တက်ထိုင်လိုက်ချိန်၌ လိမ္မော်





ဘက် လှမ်းကြည့်လိုက်ချိန်မတော့ လိမ္မော်ကား ဆင်ဝင်အောက်လေးတွင် မရှိပါလေတော့။

ပြတ်သားလှချည်လား အချစ်ရယ်။

ရီဝေလာသည့် မျက်ဝန်းတွေနှင့် သူ့ရင်ထဲမှာ ဆို့မိခြင်းပါ။ သည့်နောက်မတော့ မိန်းကလေးတွေတန်မဲ့ သန့်မာပုံရသည့် ရောက်ချိန်နှင့် ဇန်ဒါတို့ကို သူ့ကားနှင့်ပင် ခေါ်တင်ကာ ကဗျာချိုချို စံအိမ်ကြီး၏ ခြံဝင်းကြီးအတွင်းမှ မောင်းထွက်ခဲ့ပါလေတော့၏။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## - နှစ်ဆယ့်တစ် -

စပျစ်တို့ထံ ပြောမည့်ဟန်ပြင်ပြီးမှ ဖုန်းလေးကို အသာလေး ပြန်ချပြီး လိမ္မော်ချိုသည် တစ်ချက်မျှ စဉ်းစားဟန်ဖြင့် ရှိနေလေ၏။ လိမ္မော်မျက်နှာလေးက ပြောင်းလဲခြင်းတော့ မရှိ။

လိမ္မော်၏ဦးနှောက်ကလေးသာ အလုပ်လုပ်နေခြင်းဖြစ်၏။

မနေ့ကတည်းက ရောက်ချိန်နှင့် ဇန်ဒါတို့ ပြန်မရောက်ကြဘူး၊ သူတို့ဆီက ဘာသတင်းမှလည်း မကြားဘူး။





အခြေအနေအရ ဟိုဘက်များ သူတို့ဆက်ထွက်သွားလို့ ငါ့ဆီသတင်းမပို့တာ ဖြစ်မယ်. . .။

ဟိုရောက်ရင်တော့ ငါ့ဆီ သတင်းပို့မှာပါလေ။ သည်နေ့ သူတို့ဆီက သတင်းရောက်ချင်ရောက်မယ်။

မှန်သားပြင်စားပွဲကြီးထက် မေးလေးထောက်ကာ လိမ္မော် တွေးဖြစ်နေခြင်းပါ။

စားပွဲထက် လက်ကလေးတစ်ဘက် ထောက်ရာမှ လက် နှစ်ဘက်စလုံးထောက်ကာ လက်ချောင်းကလေးများတွင် မေးလေး တင်ထားလိုက်သည်။

"ဟင်. . ."

မထင်မှတ်ပါဘဲနှင့် လိမ္မော်ချိုအကြည့်လေးတွေမှာ အခန်း ထောင့်ရှိ မွေးပွကော်ဇောအနားစပ်ဆီသို့ ရောက်သွားရချိန် လိမ္မော် မျက်ဝန်းလေးအစုံ၌ လင်းခနဲ အရောင်လေးတစ်ခုသမ်းသွားရသလို ရှိကာ ခါးလေးမတ်သွားရချေ၏။

www.burmeseclassic.com



သည့်နောက် လိမ္မော်ထိုင်ရာမှ ဖျတ်ခနဲထကာ သွက်သွက်ကလေး အခန်းထောင့်ဆီသို့ လျှောက်ခဲ့လေ၏။

အခန်းနံရံနှင့် မွေ့ယာကော်ဇော်နားတွင် ညပ်နေသည့် ပစ္စည်းတစ်ခုကို လိမ္မော်ကောက်ယူလိုက်သည်။

စိန်ရံထားသည့် ပတ္တမြားလက်စွပ်ကလေး။ မမျှော်လင့်သောတစ်ညက လိမ္မော့်ဘဝနှင့် လဲယူသွားသည့် လက်စွပ်ကလေး။

မင်းတင်ဒွေး ပေးသွားသည့် လက်စွပ်ကလေးရယ်ပါ။

လက်စွပ်ကလေးကို ခပ်ငေးငေးလေးကြည့်ပြီး လိမ္မော်လက်ခလယ်တွင် ဝတ်ဆင်လိုက်၏။

ထို့နောက် မမြင်ဖူးသလို လက်စွပ်ကလေးကို လိမ္မော်ကြာမြင့်စွာ ကြည့်နေမိသေးသည်။

"ဟင်း. . ."

နောက်ဆုံးတော့ သက်မမောလေးကိုချကာ အိပ်ရာကြီးဆီသို့ လိမ္မော်ရောက်ခဲ့လေ၏။ အိစက်သော အိပ်ရာကြီးထဲ ညင်သာစွာ





လိမ္မော်လှဲအိပ်လိုက်သည်။

လက်ကလေးနှစ်ဖက်ကို ခေါင်းအောက်တွင်ခုရင်း ကိုယ်နှင့်စိတ်တို့ ကင်းလွတ်သလို လိမ္မော် ရှိနေမိလေ၏။

လိမ္မော့်အကြည့်လေးတွေက မျက်နှာကျက် အကွက်လေးများဆီတွင် ဘာရယ်မဟုတ် ရောက်နေမိသည်။

ထိုအခါ. . .

"ဟင်. .သြော်. . ."

မျက်နှာကျက်လေဝင်ပေါက် အကွက်လေးများကြား၌ မြင်တွေ့လိုက်ရသော ပစ္စည်းလေးတစ်ခုကြောင့် လိမ္မော်ချိုမှာ ဝုန်းခနဲထကာ မျက်နှာကျက်၏ လေဝင်ပေါက်၊ အပေါက်အောက်သို့ လျှောက်ခဲ့လေသည်။

အောက်တည့်တည့်သို့ရောက်သော် သေချာစွာ မော်ကြည့်နေမိသေးသည်။

ပြီးမှ. . .



www.burmeseclassic.com

www.burmeseclassic.com



မှန်တင်ခုံပေါ် ကုလားထိုင်ဆင့်ပြီး မျက်နှာကျက် လေဝင်ပေါက်ကလေးမှာ တပ်ထားသည့် ပစ္စည်းလေးအား ဖြုတ်ယူလိုက်လေ၏။

"အဟင်း. .ဟင်း. .လတ်စသတ်တော့ ဒါကြောင့်ကိုး"

"ဒီအသံဖမ်းစက်လေးတွေ ငါ့စံအိမ်ထဲမှာ ရှိနေရဦးမယ်၊ အဟင်း ဦးမင်းတင်ဋ္ဌေး ရှင်သိပ်တော်ပါတယ်. . ."

"ဒါပေမယ့် အခုတော့ အားလုံးဟာ ရှင့်အတွက် နောက်ဆုံးပါပဲလော၊ အဟင်း. .ဟင်း. . ."

ကျေနပ်လှပသော အပြုံးလေးဖြင့် စိတ်တွင်းမှ ရေရွတ်ကာ အသံဖမ်းစက်လေးအား အမှိုက်ပုံးထဲသို့ လိမ္မော်ချို ပစ်ထည့်လိုက်လေ၏။

အဖြေတွေပေါ်ပြီ။ ငါ့အတွက် အားလုံးရှင်းပြီ။ အဟင်း။

ကျေနပ်အပြုံးဖြင့် သွက်လက်သော ခြေလှမ်းတို့ဖြင့် မှန်စားပွဲကြီးဆီသို့ လိမ္မော်ချို လျှောက်ခဲ့လေ၏။





မှန်စားပွဲကြီးတွင် ကျေနပ် လှပသော အပြုံးတို့ဖြင့် ရှေ့အစီအစဉ်များအား စီစဉ်ပြီး အမိန့်ပေးရန်အတွက် လိမ္မော်ချိုသည် ခေတ္တမျှထိုင်ကာ စဉ်းစားနေဆဲ. . .

ကဗျာချိုချိုစံအိမ်ကြီး၏ မြေညီထပ် ဆင်ဝင်အောက်တွင်ကား မင်းတင်ဋ္ဌေး၏ ဂျစ်ကားလေးသည် တုံ့ခနဲရပ်လာသည်နှင့်—

"ဟင်. . ."

ကားပေါ်မှဆင်းလာသည့် မင်းတင်ဋ္ဌေးအား မြင်တွေ့လိုက်ရသည်နှင့် သစ်တော်ကား ပါးစပ်ဟောင်းလောင်းရှိကာ မင်သက်သွားရပါတော့၏။

မင်းတင်ဋ္ဌေးမှာ သစ်တော်ကို တစ်ချက်သာ ကြည့်ခဲ့ပြီး ဓာတ်လှေကားမှတစ်ဆက်တည်း အပေါ်ဆုံးထပ်သို့ တက်ခဲ့လိုက်ပါတော့၏။

အပေါ်ဆုံးထပ်သို့ ရောက်သည်နှင့် မင်းတင်ဋ္ဌေး၏ခြေလှမ်းတွေမှာ လိမ္မော်ချိုရှိရာ အခန်းဆီသို့ လျှောက်ခဲ့လေသည်။—

www.burmeseclassic.com

www.burmeseclassic.com



လိမ္မော်ချို၏ အခန်းရှေ့အရောက်၌ လက်မှနာရီလေးဆီ မင်းတင်ဒွေး ကြည့်လိုက်သည်။

ဆယ်နာရီ။

နံနက်ဆယ်နာရီတိတိ အချိန်ပါ။

လိမ္မော်ချိုအား မင်းတင်ဒွေး ပြောသွားသည့်အချိန်။

နေ့လား၊ ညလားဟူသည်ကိုတော့ သူ ခွဲခြားပြီး တမင်ကို မပြောသွားဘဲ ဆယ်နာရီပြန်လာမည်ဟုသာ လိမ္မော်ချိုအား သူ ပြောသွားသည်ပဲလေ။

ယခု နံနက်ဆယ်နာရီအချိန်၌ လိမ္မော့်ဆီ သူရောက်လာ ပါပြီ။

ရင်ထဲမှာ အတိုင်းမသိ သူ ကြေကွဲနေမိပါလေ၏။

မှန်သည်။

တကယ်တော့ သည်နေ့ဆယ်နာရီသည် လိမ္မော်ချို၏ စရိုက်ကမ္ဘာအား နိဂုံးချုပ်ဇာတ်သိမ်း ပေးတော့မည့် အချိန်ပင်





မဟုတ်ပါတကား။

သူ့နောက်တွင် အစီအစဉ်တွေက ထပ်ချပ်မကွာ ရှိနေပြီ ပဲလေ။ အသင့်ပွင့်နေသည့် လိမ္မော့်အခန်းဝ၌ သူ မားခနဲ ရပ်လိုက် လေသည်။

မျက်ဝန်းထောင့်၌ အရိပ်ထင်လာလေ၍ လိမ္မော် ဖျတ်ခနဲ ကြည့်လာသည်။ သူ့ကိုမြင်သော် . .

“ဟင် . ဦးမင်းတင်ဒွေး . ရှင် . .”

နှုတ်မှ ချောက်ချားသလိုဆိုရင်း လိမ္မော် ဝုန်းခနဲ ထရပ်၏။ လှသောလိမ္မော်၊ ရင်နှင့်မဆန့်အောင် သူ ချစ်ရလေသော လိမ္မော်၊ အချစ်ဆုံးကိုကြည့်ပြီး မင်းတင်ဒွေးရင်ဝယ် ကျွမ်းမြေ့စွာ တံတွေး တစ်ချက်ကို မျိုချလိုက်၏။

အံ့သြခြင်း၊ ထိတ်လန့်ခြင်း၊ ချောက်ချားခြင်း အသွင်အား လိမ္မော်၌ သည်တစ်ခါသာ သူ တွေ့မြင်မိပါ၏။

လိမ္မော် သူ့ကို စူးစိုက်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



လိမ္မော့်နှုတ်ကမူ ဒေါသတွေကြောင့်လားမသိ၊ စကား ကစ်ခွန်းမျှ ဆိုနိုင်ခြင်း မရှိလေပါ။

နှသောရင်၊ စိုဝေသော မျက်ဝန်းတို့ဖြင့် မင်းတင်ဒွေးသည် ပိမ္မော့်အနီးသို့ တစ်လှမ်းခြင်း လျှောက်ခဲ့လေ၏။ လိမ္မော်နှင့် ခနီးကပ်ဆုံး မျက်နှာချင်းဆိုင်သို့ ရောက်သော် . .

“လိမ္မော် . .”

“ဦးမင်းတင်ဒွေး . .ရောက်ချိန့် ဗန်ဒါတို့ကော . . .”

သူခေါ်သည်ကို လိမ္မော် မထူး၊ သူ့ကို အကြည့်စူးစူးတို့ဖြင့် ကြည့်လာပြီး လိမ္မော် မေးလာလေ၍ . .

“သူတို့ကို သက်ဆိုင်ရာက ထိန်းသိမ်းထားလိုက်ပါပြီ”

“အဟင်း. .ဟင်း. . .”

သူ့စကားကြောင့် လိမ္မော် ပြုံးသည်။ သူမအသွင်က စာစောကနှင့်မတူတော့။

ယခင်ကလိုပင် လှသော အပြုံးနှင့် တည်ငြိမ် အေးစက်





သွားလေပြီဖြစ်၏။

“လိမ္မော် . .”

လိမ္မော့်လက်ကလေးတစ်ဖက်အား သူဆွဲယူပြီး ရင်နာစွာ ခေါ်သည်။

လိမ္မော်မထူး။ လိမ္မော့်လက်ကလေးဆီ သူငုံ့ကြည့်သည်။

ထိုအခါ မြင်တွေ့လိုက်ရသော မြင်ချက်ကြောင့် သူ့မျက်ဝန်း အစုံ၌ စိုဝေကာ လိမ္မော့်မျက်နှာလေးကို သူ ပြန်ကြည့်လာ၏။

သူ ပေးထားသည့် လက်စွပ်ကလေးဝတ်ထားသည့် လိမ္မော့် လက်ချောင်းကလေးကို သူငုံ့နမ်းလိုက်သည်။

“ဦးမင်းတင်ဒွေး . .”

“မောင်လို့ခေါ်ပါဦး အချစ် . . .”

စိမ်းကားစွာ လိမ္မော်ခေါ်တော့ လိမ္မော့်ကို တမေ့တမော ကြေကွဲစွာကြည့်ပြီး မင်းတင်ဒွေးဆိုသည်။

“မောင် . .”

www.burmeseclassic.com

www.burmeseclassic.com



သူခေါ်စေချင်သလို လိမ္မော်ခေါ်လာ၏။

လိမ္မော့်မျက်နှာကလေးကား ယခင်ကလိုပင် လုပခြင်းဖြင့် တည်ငြိမ်နေပါ၏။ လိမ္မော်နှင့်သူ အကြည့်ချင်း ဆုံစည်းနေမိကြလေသည်။

ယခုအချိန်အထိ လိမ္မော့်မျက်ဝန်းတွင် သူ မည်သည့်အရိပ်မျှ ရှာမတွေ့။ သူ့မျက်ဝန်းတွေထဲမှ ဝေဒနာတွေကိုတော့ လိမ္မော် မြင်နေမှာပါ။

"သိပ်တော်ပါတယ် မောင်၊ မောင့်ကို လိမ္မော် ဂုဏ်ယူပါတယ်. . ."

သူ လိမ္မော့်ကို ငေးကြည့်နေမိသည်။ မျက်နှာချင်းဆိုင် အနေအထားနှင့်ရှိသော သူနှင့် အကြည့်ချင်း လိမ္မော်ဆုံစည်းလာ၏။

ပြီးတော့ သူ့အင်္ကျီရင်ဘတ်မှ ကြယ်သီးလေးဆီ လိမ္မော် ဖွဖွလေးကိုင်လာရင်းက. . .

"တာဝန်တွေကို ထမ်းဆောင်လေတိုင်းမှာ ဘေးမသိ





ရန်မခဘဲ ဆထက်တံပိုး အောင်မြင်နိုင်ပါစေ မောင်. . ."

စကားအဆုံး သူ့ရှေ့မှ လိမ္မော်ချိုသည် ချာခနဲလှည့်ထွက်သွားလေ၏။

"လိမ္မော်. . ."

"လိမ္မော်. . ."

ချက်ချင်းပင် သူ လိမ္မော့်နောက် ပြေးလိုက်၍ ခေါ်ပါသော်ငြား သူနောက်ကျသွားလေပြီ။

လိမ္မော်ချိုကား ဓာတ်လှေကားဖြင့် အောက်ထပ်သို့ ဆင်းသွားလေပြီတည်း။

လိမ္မော့်ကိုမှီစေရန် လှေခါးထစ်များအတိုင်း သူပြေးလိုက်၍ အောက်ထပ်သို့ ဆင်းခဲ့သည်။ အောက်ဆုံးထပ် လှေကားထစ်ဆီသို့ သူအရောက်. . .

"ဝုန်း. . ."

"အား. .လိမ္မော်. . ."

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကွဲသံကြီးတစ်ခု။

ကဗျာချိုချိုစံအိမ်ကြီးပင် တုန်ခါသွားပါသည်။ သူသည်ပင်လည်း ပစ်လဲကျသွား၏။

သူနားလည်လိုက်ပါပြီ။

လိမ္မော်အမည်အား အော်ခေါ်လိုက်သည့် သူ့အသံကား ကဗျာချိုချိုစံအိမ်ကြီးထဲမှလျှံကာ ဘဝင်သို့တိုင် ညံသွားလေသလားပင်။

သူ့အသည်းစိုင်တို့ ကြေပျက်ပြုန်းလေပြီ။ မျက်ရည်တို့ ဝေခါနဲ့ကျကာ လက်သီးတို့ ကျစ်ကျစ်ဆုပ်လျက် နေရာ၌ သူလူးလိမ့်နေမိတော့၏။

သူ့တစ်သက်နှင့်တစ်ကိုယ်တွင် ပထမဦးဆုံးနှင့်နောက်ဆုံးအဖြစ် ကြီးမားသော ခံစားမှုကြီးတစ်ရပ်ရယ်ပါ။

လှဲနေရာမှ ဆင်ဝင် အောက်သို့ သူ မဝံ့မရဲ မချိမဆန့် လှမ်းကြည့်မိသည်။



စောစောက ပေါက်ကွဲမှုကြောင့် လှပသော စံအိမ်ကြီး၏ ဆင်ဝင်ကြီးသည် ပျက်စီးယိုယွင်းနေလေပြီဖြစ်သည်။ ပျက်စီးပြိုကျနေသော ဆင်ဝင်အောက်တွင်မတော့. . .

သူ့ကားလေးနှင့်အတူ အသည်းနှင့်အောင် သူချစ်လှပါသည့် လိမ္မော်ချိုတစ်ယောက် မလှမပဘဝ နိဂုံးချုပ်ရှာလေပြီတကား။

“လိမ္မော်ရယ်. .ဘဝအဆက်ဆက်မှာ မင်းနဲ့ခုလိုအဖြစ်ဆိုးမျိုးနဲ့ မကြုံတွေ့ပါရစေနဲ့လို့ မောင် ဆုတောင်းပါတယ်”

နှုတ်မှတီးတိုးဆိုရင်း သူ့မျက်ရည်တွေ စီးကျနေမိရှိ၏။

စောစောက ပေါက်ကွဲမှုအရှိန်ကြောင့် ပစ်လဲကျသွားသည့် သစ္စာတော်နှင့် စပျစ်တို့နှစ်ယောက် ထရပ်လာကြသည်။

မျက်ရည်တွေနှင့် သူ့ကိုမြင်သော် နားလည်စွာ ငေးကြည့်နေဖြစ်ကြ၏။

မင်းတင်ဌေးကား မည်သူ့ကိုမျှ မမြင်မိပါလေတော့။ နားထဲမတော့ သူကြားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"တာဝန်တွေကို ထမ်းဆောင်လေတိုင်းမှာ ဘေးမသီ ရန်မခဘဲ ဆထက်တံပိုး အောင်မြင်နိုင်ပါစေ မောင်. . ."

နောက်ဆုံးပြောသွားသည့် လိမ္မော်ချို၏ စကားသံလေး ရယ်ပါ။

ထိုစကားဖြင့် သူ့အား မချိတင်ကဲ လိမ္မော် ကလိချီးမြှင့်သွားလေသလား။

သူ့အားချစ်သည်ဟူသော စကားကိုဖြင့် လိမ္မော် တစ်ယောက်လုံးဝမဆိုခဲ့၊ ပြောမသွားခဲ့။

လိမ္မော်ရယ်. . .။

သူ့ဘဝသက်ရှိထင်ရှားရှိနေသမျှ ကာလပတ်လုံး သူ့နှလုံးသားမယ် နေရာယူသွားတော့မည့် အမည်လေးပါ။

အသည်းစိုင်မှ သွေးစိမ်းရှင်ရှင် စိမ့်ယိုစီးလျက် အသည်းကလေးများ တစ်စစီကြွေပဲ့ကာ သူခေါ်ပြီးနေမိ၏။

တာဝန်နှင့်ဝတ္တရားအတွက် သူ့နှလုံးအား လဲလှယ်လိုက်ရ



ခြင်းအတွက် ဖြေမဆည်နိုင်သော မျက်ရည်များကြားမှ သူ အနိုင်နိုင်ဖြေဆည်နေရပါ၏။

နှလုံးသားတစ်ခုလုံး ဆုံးရှုံးရလေပြီမို့ နှလုံးသွေးမျက်ရည်တို့ဖြင့် သတိလက်လွတ် သူရှိနေဆဲ သူ့အသိအာရုံထဲသို့ တပ်လှန့်သံသည် ထိုးဖောက်ဝင်ရောက်လာ၏။

မှန်သည်။

သူကြိုတင်စိစဉ်ထားခဲ့ပြီးသားမို့ တိကျစွာ ရောက်လာပြီဖြစ်သည့် ရဲဝါယာလက်(စ်) ဥသြအသံတွေပါတည်း။

အချစ်ဆုံးလိမ္မော်. . .

ကဗျာချိုချိုစံအိမ်ကြီးထဲမှာ နေရပေမယ့် ကဗျာမဆန်နိုင်တဲ့ မင်းဘဝအတွက် မောင် ရင်နာရဆုံးဖြစ်ရပါတယ် အချစ်ရယ်။

လိမ္မော့်အတွက် မောင် ကောင်းမှုကုသိုလ်တွေ ပြုသွားပါမယ်။

ရောက်ရာဘဝမှာ မောင့်အပေါ်နားလည်မှုနဲ့ သာဓုခေါ်၏

www.burmeseclassic.com



အချစ်ဆုံးလေးရယ်။

အစိတ်စိတ်အမြွာမြွာ ကြေပျက်နေသောရင်မှ မင်းတင်ဒွေး ကား တစ်ကိုယ်တည်း ဆိုငြီးနေခြင်းပါ။

ရဲဝါယာလက်(စ်)ဥညြသံတို့သည်လည်း ကဗ္ဗာချိုချိုစံအိမ်ကြီးနှင့် တစ်စတစ်စ နီးသည်ထက် နီးကပ်လာကြပါလေပြီတည်း။

ပြီးပါပြီ။

စောပြည့်ချမ်းသာ

သိင်္ဂါရ,ရသအပေါင်းနှင့် ပြည့်စုံကြပါစေ။



BURMESE CLASSIC
www.burmeseclassic.com